
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၉၇၀၀၉၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၀၅၆၀၉၁၀ |
| အဖုံးဒီဇိုင်း | - | ကိုမျိုးသွေးသန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၇၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ။<br>ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

၈၉၅ . ၈၃

မိုးဆက်လင်းထက်

အွန်လိုင်းကကြိုး/မိုးဆက်လင်းထက် ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၀

၁၆၄ - စာ ၊ ၁၃.၅ × ၂၀.၅ စင်တီ။

(၁) အွန်လိုင်းကကြိုး




ဤဝတ္ထုတွင်ပါဝင်သော နာမည်များနှင့် G-talk name များသည် ကျွန်တော်၏ စိတ်ကူးစိတ်သန်းနှင့် ရေးဖွဲ့ထားသော နာမည်များသာဖြစ်ကြောင်း ဝန်ခံအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)



**လက်**ထဲမှာ သယ်လာတဲ့ တောင်းကိုချ၍ နဖူးမှ ချွေးတွေကို ထူးခန့် သုတ်လိုက်၏။ ပြီးတော့ တစ်ချက် ဒအမောဖြေ၍ ခါးကြားမှာ ထိုးထားတဲ့ ရေဘူးကိုထုတ်ကာ တစ်ချက်ငုံပြီး မမျိုချသေးဘဲ ဇိမ်ခံနေလိုက်သေးသည်။ ရေရဲ့ အေးမြခြင်း အရသာကို ကျေနပ်လောက်အောင် ခံစားပြီးတော့မှ တစ်ချက်ထဲ ဂွပ်ကနဲ မျိုချပစ်လိုက်၏။

"အလုပ်ကလေး ခိုင်းလိုက်ရင် ဒီလိုချည်းပဲ၊ သရက်သီးတောင်းလေး သယ်ရတာကို တော်တော်ပင်ပန်းသွားလား"

ထူးခန့်က ငွေရှင်းကောင်တာနောက်မှာ ပိုက်ဆံတွေ ရေရင်းထိုင်နေတဲ့ သူ့အမေကို တစ်ချက်လှည့်ကြည့်ကာ

"အဝေးကြီး သယ်လာရတာ ပင်ပန်းတာပေါ့၊ ကိုရွှေ ဆိုက်ကား

www.burmeseclassic.com

www.burmeseclassic.com



ကို ပိုက်ဆံပေးပြီး သယ်ခိုင်းရင် ပြီးတာပဲ”

“ဟဲ့ သားတစ်ယောက်လုံး လောက်လောက်လားလားကြီးရှိရက်နဲ့ ငါက သူများကို ခိုင်းရမှာလား၊ နင် မရှက်ဘူးလား”

ထူးခန့်က တောင်းကိုမ၍ ဆိုင်ထဲကို ဝင်လိုက်ပြီး

“ဘယ်မှာထားရမှာလဲ”

“မကြင်အေး အလုပ်လုပ်နေတဲ့ နေရာနားမှာ သွားထားလိုက်၊ မကြင်ရေ၊ အဲဒီသရက်သီးတွေကို သေချာရေဆေးပြီး သတ်သတ်ထားလိုက်နော်၊ မနက်ဖြန် အလှူအတွက် လာယူမှာ၊ ကောက်ရိုးလေးတွေလည်း မထူမပါး ထပ်အုပ်လိုက်ဦး”

မကြင်အေးက

“လာ လာ ဒီကိုလာ”

ဆိုပြီး လက်ယပ်ကာ လှမ်းခေါ်၏။ ထူးခန့်က တောင်းကိုချပြီး မကြင်အေးနား ငုတ်တုတ်ထိုင်လိုက်ကာ

“ဒေါ်လေးကြင် မင်းနိုင်ရော”

မကြင်အေးက သရက်သီးတွေကို ဆန်ကာတစ်ခုထဲ ပြောင်းထည့်နေရင်း

“ငါ ဘယ်သိမလဲဟယ်၊ ရပ်ကွက်ထဲရှိမှာပေါ့”

ထူးခန့်က ဘာမှမပြောတော့ဘဲ ထထွက်လာခဲ့သည်။ သူ့ အမေထိုင်နေတဲ့ စားပွဲရှေ့က ဖြတ်ပြီး ဆိုင်အပြင် ထွက်မလိုလုပ်တော့

“ဒါက ဘယ်ကြွဦးမလို့လဲ”

ထူးခန့်က ခေါင်းကို ကုတ်လိုက်ကာ

“ဒီနား ခဏပါ”



“ဘာ ဒီနားမှ ခဏမနေနဲ့၊ ဒေါ်ငွေခင်တို့ဆိုင်ကိုသွား၊ မနေ့က မှာထားတဲ့ ငံပြာရည်ပုံးတွေ ရပြီလားလို့၊ ရရင် ယူလာခဲ့”

“ဟာ အမေ့ ငံပြာရည်တော့ သား မသယ်နိုင်ဘူးနော်၊ နံတယ်”

“နင့်ကို ဘယ်သူမှ မသယ်ခိုင်းဘူး သွားပြောရုံပဲ၊ သူတို့ကားနဲ့လာပို့ပေးမှာ၊ တကယ်ပဲ ကိုယ့်ဆိုင်ကို ဘယ်ပစ္စည်းကို ဘာနဲ့ပို့လို့ ပို့မှန်းမသိဘူး၊ အားအားရှိ လတ်လျားလတ်လျား လုပ်ဖို့လောက်ပဲ ဘတ်တယ်”

ထူးခန့် ထွက်လာလိုက်သည်။ သူ့အမေရဲ့ စကားသံက အဝေးမှာ ကျန်ခဲ့သည်။

သူ အရင်ဆုံး မင်းနိုင်ကို ရှာမည်ဟု တွေးလိုက်သည်။ ဒီကောင်နဲ့ အတူတူ ဒေါ်ငွေခင့်ဆိုင်သို့ ငံပြာရည်ကိစ္စပြီးလျှင် ပြီးပြီ။ လျှောက်လွှင့်ရုံသာရှိတော့သည်။

ပြီးရင် ကိုစောဦးရဲ့ အင်တာနက်ဆိုင်ကို သွားမည်။ မနေ့က တွေ့တဲ့ ကောင်မလေးတစ်ယောက်နဲ့ ဒီနေ့ တစ်နာရီမှာ G-talk ပြောဖို့ ချိန်းထား၏။ သူမက ဒီနေ့ သူမ ဓာတ်ပုံကို g.mail မှာ လှမ်းပို့ပေးမည်ဟု ဆိုသည်။ ဘယ်လိုပုံစံမျိုးလေးလဲဆိုတာ ကြိုတင် ရင်ခုန်ကြည့်နေမိ၏။

မင်းနိုင်ကို လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ အခန့်သား ထိုင်နေတာ တွေ့ရ၏။ ဆိုင်ထဲသို့ အူယားဖားယားဝင်လာသော သူ့ကို ကြည့်၍

“ဘယ်လဲ”

“ငါ G-talk ပြောမလို့ ချိန်းထားလို့ကွ၊ အချိန်ကျော်သွားမှာစိုးလို့”

www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ ဒါပဲ၊ G-talk ပြောရတာနဲ့၊ T.V Game ကစားရတာနဲ့"

"ဘာဖြစ်လဲကွာ ကိုယ့်ဝါသနာနဲ့ကိုယ်ပေါ့၊ မင်းတောင် ဘောလုံးပွဲ ဝါသနာပါသေးတာပဲ"

"ဟ အဲဒါက ယောကျ်ားလေးတိုင်း ဝါသနာပါတဲ့ ကိစ္စကွ၊ မင်းသာ ယောကျ်ားဖြစ်ပြီး ဘောလုံးဝါသနာမပါတာ"

"ဘာဖြစ်လဲကွာ ဝါသနာမပါဘူး၊ ဘောလုံးတစ်လုံးထဲကို လူတွေတစ်လှေကြီး ဝိုင်းလုပြီး ဘာမဟုတ်တဲ့ အပေါက်လေးထဲ ကန်ထည့်နေလိုက်ကြတာ ဖီလင်မလာဘူး"

မင်းနိုင်က ထူးခန့်စကားကြောင့် ကမန်းကတန်းထ၍ လက်ကာပြကာ

"ဟော့ကောင် ဟော့ကောင် ကမ္ဘာတစ်ဝှမ်းလုံး အုန်းအုန်း ကျွက်ကျွက် အားပေးနေကြတဲ့ အားကစားကို အဲ့ဒီလိုတော့ လက်လွတ်စပယ် မပြောနဲ့၊ မင်း တစ်ကမ္ဘာလုံးနဲ့ တစ်ယောက်ဖြစ်သွားမယ်"

"အဲဒါဆို မင်းလည်း ငါ့ကို မဝေဖန်နဲ့"

မင်းနိုင် ငြိမ်သွားသည်။ ထို့နောက် စားပွဲထိုးကောင်လေးက အအေးလာချပေး၍ ပုလင်းကို ဆွဲယူကာ တစ်ငုံသောက်လိုက်သည်။

"မင်း ပြီးရင် ဘာအလုပ်ရှိလဲ"

"ဒေါ်လေးခိုင်းထားတာတော့ ဒီနေ့ ဘာမှမရှိဘူး"

ဒေါ်လေးဆိုတာ ထူးခန့်တို့အမေ ဒေါ်ဆွေဦးကို မင်းနိုင်က ဆိုလိုခြင်းဖြစ်၏။ ထူးခန့်က ကျေနပ်စွာ ခေါင်းတစ်ချက်ညိတ်လိုက်ပြီးမှ

"ဒါဆို ငါနဲ့ လိုက်ခဲ့၊ မင်းကို စိတ်ဝင်စားစရာလေးတစ်ခု ပြစရာ



ရှိတယ်"

ထူးခန့်စကားကို မင်းနိုင်စိတ်ဝင်စားသွား၍

"ဘာလဲ"

"အင်တာနက်ဆိုင်ရောက်တော့ သိမှာပေါ့ကွာ"

"ဘာလဲ မင်း ဟိုတစ်ခါ ငါ့ကိုပြတဲ့ပုံတွေ ပြမလို့လား၊ ဒါတွေ ငါသိပ်စိတ်မဝင်စားဘူးနော်"

"သေလိုက်ပါလား စိတ်မဝင်စားဘူးသာပြောတယ်၊ အဲ့ဒီနေ့က မင်းပဲ ပါးစပ်ကြီးဟပြီး ခေါ်မကြား အော်မကြား ကြည့်နေပြီးတော့"

"ဒါကတော့ ယောကျ်ားပဲကွာ၊ ပြရင်ကြည့်မှာပေါ့"

"ကဲပါ မင်းဟာမင်း ပြလို့ပဲကြည့်ကြည့် မပြဘဲနဲ့ပဲကြည့်ကြည့်၊ အခု ငါပြမယ့်ပုံက ကောင်မလေးတစ်ယောက်ပုံကွ"

မင်းနိုင်က မျက်လုံးတစ်ချက် အရောင်လက်သွားပြီး

"ဘာလဲ နောက်အသစ်ထွက်တဲ့ပုံလား၊ ဘယ်မင်းသမီးလဲ"

"အဲဒါမဟုတ်ပါဘူးဆို၊ ငါ့ကို မနေ့က G-talk မှာလာပြီး မိတ်ဆက်တဲ့ ကောင်မလေးတစ်ယောက်ကွ၊ ငါနဲ့ စကားပြောရင်း ပြောရင်း ပြေလည်မှုတွေရသွားပြီး သူ့ဓာတ်ပုံကို ဒီနေ့ ငါ့ g.mail ထဲကို ပို့လိုက်မယ်ပြောလို့"

"ဒါများကွာ ငါက ဟိုဟာလားလို့"

မင်းနိုင်စကားကို ထူးခန့်က ဘာမှ မတုံ့ပြန်ဘဲ သူပြောချင်တာကို ဆက်ပြောသည်။

"ဘယ်လိုပုံမျိုးလဲဆိုတာ ငါသိချင်နေတာကွ၊ ချော မချော မင်းကိုပါ ဆုံးဖြတ်ခိုင်းမလို့ ငါက ခေါ်တာ"

www.burmeseclassic.com

www.burmeseclassic.com



မင်းနိုင်က ဆရာကြီးပုံစံတစ်ချက်ဖမ်းလိုက်ကာ

"ဒီလို အားကိုးတော့လည်း လိုက်ပြီးလေ့လာပေးရတာပေါ့ကွာ"

"မလိုက်ချင်လည်းနေလေ၊ ညနေ ဂရင်းတစ်လုံး မေ့လိုက်တော့"

မင်းနိုင် မျက်နှာ ချက်ချင်း ငယ်ကျသွားကာ

"မလုပ်ပါနဲ့ သူငယ်ချင်းရာ၊ မင်း တစ်နေကုန်ထိုင်ကြည့်ဆိုရင်တောင် မင်းမာတ်ပုံကို ငါ တစ်နေကုန် ထိုင်ကြည့်ပေးပါ့မယ်ကွာ၊ ဂရင်းလေးတော့ မမေ့ခိုင်းပါနဲ့ နော် နော်"

ထူးခန့်က တစ်ချက်သက်ပြင်းချကာ မင်းနိုင်ရဲ့ ညောင်နာနာရုပ်ကို ကြည့်၍

"မင်းက အရက်နဲ့မှားသတ်ရင် အရင်ဆုံး သေမယ့်ကောင်ကွ သိလား"

မင်းနိုင်က

"သေ သေကွာ"

ဟု ပြန်ပြောလိုက်သည်။

❤ ❤ ❤



"ဒေါ်ဆွေဦးတို့များ စားမယ့်သူဆိုလို့ သားလေးတစ်ယောက်တည်း မွေးထားလို့ တော်တော့ရယ်၊ အလုပ်က လက်နဲ့မပြတ်ဘူးနော်"

ဆီတိုင်ကီထဲက စားဆီတချို့ကို တစ်ပိဿာခွက်ကလေးတွေနှင့် ကိုင်ကီပိုင်းတစ်ခုထဲ ချိန်ထည့်နေရင်းမှ ဒေါ်ဆွေဦး ပြုံးလိုက်သည်။ ထို့နောက် ပြန်အမ်းငွေ လေးရာကို စောင့်ယူရင်း သူ့ကို လှမ်းပြောနေသော မဝင်းဘက်သို့ ဒေါ်ဆွေဦးလှည့်လိုက်၍

"တစ်ယောက်တည်းဆိုပေမယ့် ဒီခေတ်၊ ဒီအခါ ကုန်စျေးနှုန်းနဲ့က ရှာရတယ် မဝင်းရေ၊ အိမ်က လူရဲ့ လစာတစ်ခုတည်းက သိတဲ့အတိုင်း"

"အမလေး မဆွေရယ် ဒီမှာ လေးယောက်မွေးထားတဲ့လူကိုသည်း အားနာပါဦး၊ အခု အလတ်ကောင်က ဆယ်တန်းဆိုတော့

www.burmeseclassic.com



လိုလာပြီလေ၊ သူက သူ့အစ်ကိုထက်စာရင် နည်းနည်းတော်သေးတယ်ဆိုရမလား၊ ဟိုဟာကတော့ ရှစ်တန်းကတည်းက ကျောင်းထားလို့ကိုမရတာ၊ ဝပ်ရှော့မှ ဝပ်ရှော့ဖြစ်နေတာနဲ့ လက်လွှတ်လိုက်ရတယ်၊ ဒီတစ်ယောက်တော့ ဒီနှစ် ကွင်းလုံးကျွတ်မလားပဲ"

"အေး ဟုတ်သားပဲ၊ မဝင်း သားအလတ်လေးက ဒီနှစ်ဆယ်တန်းနော်"

မဝင်းက ခေါင်းညိတ်ပြလိုက်ကာ

"ဟုတ်တယ်လေ ဆယ်တန်း၊ သူ့အတွက် ဒီနှစ် ပူနေရတာပေါ့၊ သိတယ်မဟုတ်လား သူများနည်းတူ ဝိုင်းကောင်းလေးလည်း ထားချင်သေးတယ်"

"အငယ်နှစ်ယောက်ကရော"

"သမီး အငယ်နှစ်ယောက်ကတော့ တစ်ယောက်က ခုနစ်တန်း၊ တစ်ယောက်က ငါးတန်းလေ"

"အေးဟယ် တော်တော်တောင် အရွယ်ရောက်ကုန်ပြီပဲ၊ ကျွန်မလည်း ကိုယ့်အိမ်မှုကိစ္စတွေနဲ့ကိုယ် အလုပ်ရှုပ်နေတာနဲ့ မမေးမိခဲ့ဘူးဟုတ်ပ"

ဒေါ်ဆွေဦးစကားဆုံးတော့ မဝင်းဆိုတဲ့ မိန်းမကြီးက ဆိုင်ထဲသို့ဟိုကြည့် ဒီကြည့်လုပ်ကာ စကားကိုဆက်သည်။

"ဒါနဲ့ သားတော်မောင်လည်း မတွေ့ပါလား"

ဒေါ်ဆွေဦးက တိုင်ကီပိုင်းပြတ်ထဲသို့ နောက်ဆုံး ပိဿာခွက်ကိုထည့်လိုက်ပြီးနောက် အဝတ်စုတ်တစ်ခုယူ၍ လက်သုတ်ရင်း ငွေရှင်းကောင်တာဆီသို့ လျှောက်လာလိုက်ကာ





"ကလေးကတော့ လိမ္မာပါတယ် မဝင်းရယ်၊ ဒါပေမယ့်ယောကျ်ားလေးဆိုတော့ သိတဲ့အတိုင်းပဲလေ လွှတ်ထားလို့တော့ မရဘူးပေါ့၊ အခုတော့ ဒုတိယနှစ် အဝေးသင်တက်နေတယ်၊ ကျောင်းပြီးရင်တော့ သင်္ဘောလိုက်မယ်ပြောတာပဲ'

"လိမ္မာရင်ပြီးတာပဲလေ၊ အိမ်က ကောင်တွေလည်း ပြောမယ့်သာပြောတာပါ လိမ္မာပါတယ်၊ အကြီးကောင်ကြီးဆို သူအလုပ်လုပ်တဲ့ဝပ်ရှော့မှာ သူ့ဆရာက လက်လွှဲနေရပြီ၊ အငယ်ကောင်လေးကတော့ ဆရာဝန်လုပ်ချင်တယ်ပြောတာပဲ၊ စာလည်း ကြိုးစားတယ်လေ၊ ဖြစ်လည်းဖြစ်နိုင်တယ်'

မဝင်းရဲ့ စကားက လမ်းကြောင်းနည်းနည်း ပြောင်းလာမှန်း ဒေါ်ဆွေဦး ရိပ်မိလိုက်သည်။ ပထမတော့ သူ့သားအလတ်ကောင်ကို ဆယ်တန်းရောက်လာလို့ စရိတ်စက ကြီးလာတယ်ဆိုပြီး ခေါင်းစဉ်တပ်ကာ ညည်းတွားသလိုလိုနှင့် သူ့သားတွေ ဘယ်လိုအခြေအနေရှိကြောင်း ကြွားလုံးထုတ်လာ၏။

ဒေါ်ဆွေဦး ရင်ထဲမှာ တစ်ချက်တင်းခနဲ ဖြစ်သွား၏။ မဝင်းက သူ့သားအလတ်ကို ဆရာဝန်လုပ်ခိုင်းမည်ဆိုတော့ ဒီအိမ်က ရိုးရိုးဘွဲ့တစ်ခုကို အဝေးသင်တက်နေတဲ့ကောင်က ဘာဖြစ်သွားပြီလဲ။ ဒါမျိုးတော့ ဆွေဦးတို့ကို လာကျောလို့ မရဟု ရင်ထဲမှာ ကြုံးဝါးလိုက်၏၊ ဆွေဦးဆိုတာ ရပ်ကွက်ထဲမှာ နာမည်တစ်လုံးနဲ့နေလာသူ ဖြစ်သည်။ ဒီရပ်ကွက်ထဲမှာ သူ့ကျေးဇူးမကင်းသူတွေလည်း တော်တော်များများရှိ၏။ သူက ယုံကြည်ရရင် အတိုးလေးချထားတတ်သည်။ ငွေညီးထားရင် ငါးကျပ်၊ အလွှတ်ဆို တစ်ဆယ်။ လူတိုင်းတော့



www.burmeseclassic.com

www.burmeseclassic.com



ချေးတာမဟုတ်၊ ယုံကြည်ရမှ။

"အမလေး ဖြစ်နိုင်မယ်ဆိုရင်တော့ တွန်းပေးလိုက် မဝင်းရေ ဒါပေမယ့် ကိုယ်ဖြစ်ချင်တာချည်း ဇွတ်လုပ်လို့တော့ မရဘူးပေါ့နော်၊ အရမ်းတော့ ကလေးကို မတွန်းနဲ့ပေါ့၊ ကလေးက ဉာဏ်လိုက်နိုင်မှ ဖြစ်တာလေ၊ တော်ကြာ မလိုက်နိုင်ဘဲ ဇွတ်လုပ်ရင်လည်း သိတယ် မဟုတ်လား ချောင်သွားဦးမယ်"

မဝင်း မျက်နှာပျက်သွား၏။ ဒေါ်ဆွေဦး သူ့ကို တွယ်လိုက်ပြီ ဆိုတာ သိလိုက်သည်။ ထို့ကြောင့် တစ်ခုခုပြန်ပြောမလို့လုပ်စဉ် ဒေါ်ဆွေဦးက အရင်ဦးအောင် ဆက်ပြော၍ ပြောခွင့်မရလိုက်။

"အိမ်က သားကတော့ ဆရာဝန်ဆိုတာကို လုံးဝဝါသနာ မပါ ဘူးဖြစ်နေတယ်၊ သူ့ကိုဆို သူ့သူငယ်ချင်းတွေက ဉာဏ်ကောင်းလွန်း လို့ ဆရာဝန်ဖြစ်မယ်လို့ထင်ထားတာ၊ ဒါပေမယ့် ဖြစ်မလာတော့ တော်တော်အံ့ဩကြတာ၊ သူကလည်း ဆရာဝန်လိုင်းမီရင် အိမ်က ဆရာဝန်လုပ်ခိုင်းမှာစိုးလို့ စာမေးပွဲဖြေတုန်းက အကုန်ရရက်နဲ့ အပုဒ်ရေ လျှော့ဖြေတယ်ဆိုလား၊ ကျွန်မတော့ အတိအကျ မသိပါဘူး သူ့သူငယ်ချင်းတွေ ပြောတာပဲ၊ သူက ငယ်ငယ်ကတည်းက သင်္ဘော ကပ္ပတိန်ရူး ရူးနေတာလေ၊ သူက ကပ္ပတိန်ပဲလုပ်မယ်တဲ့၊ အဲ့ဒါကြောင့် ကျောင်းပြီးရင် သူလုပ်ချင်တဲ့ သင်္ဘောလိုင်းပဲ ထည့်ပေးလိုက်မလို့"

မဝင်း မျက်နှာက အိန္ဒြေဆည်လို့ မရအောင် တဖြည်းဖြည်း ရှုံ့လာ၏။ အဆိုးဆုံးက နှုတ်ခမ်းပင်ဖြစ်သည်။ မဝင်း နှုတ်ခမ်းရှုံ့ တာက နှစ်ဖက်ပြိုင်တူ မရှုံ့ဘဲ တစ်ဖက်တည်းသာ ရွေးပြီး ရှုံ့နေ၍ ရုတ်တရက် ကြည့်လိုက်ရင် ပါးတစ်ခြမ်း လေဖြတ်နေသူလို ဖြစ်နေ၏



ဒေါ်ဆွေဦးကတော့ သူ့စကားသူ ကျေနပ်စွာ ပီတိဖြစ်ရင်း ပြန်အမ်းငွေ လေးရာကို ရှာနေသည်။ အကြွေကလည်း ရှားနေ၍ တော်တော်နဲ့ ရှာလို့မတွေ့။ အံဆွဲထောင့်တစ်နေရာမှာတော့ အသစ် ချပ်ချွတ် နှစ်ရာတန်လေး နှစ်ရွက်ကို တွေ့ရ၏။ သို့သော် အသစ်ဆို တော့ ပေးရမှာ နှမြောနေ၍ နှစ်ရာတန် အစုတ်နှစ်ရွက်ကိုသာ လိုက်ရှာနေ၍ ဖြစ်သည်။ အသစ်ဆိုတော့ စုထားလိုက်ချင်သည်။

မဝင်းက သူ့ပိုက်ဆံလေးရာမရသေး၍ စိတ်မရှည်နိုင်စွာနှင့်

"ကဲ မဆွေ ဆိုင်ကြီး ကန္နားကြီးလုပ်နေပြီး အကြွေလေးရာ တောင် မရှိဘူးလားတော်"

"ရှိပါတယ်တော် ခုန ငံပြာရည်ပုံးတွေ လာချပေးလို့ ငွေရှင်း လိုက်တဲ့အထဲ ပါသွားလို့ပါ၊ ဒီအောက်က ခွက်ထဲ ရှာပေးမယ် ခဏ"

မဝင်းက စိတ်ပျက်စွာ သက်ပြင်းကို ချ၏။ ဒေါ်ဆွေဦးက အောက်က ခွက်ထဲမှာလည်း နှစ်ရာတန်ကို ရှာသည်။ နှစ်ရာတန် တစ်ရွက်သာတွေ့၏။ အပေါ်အံဆွဲထဲက အသစ်တစ်ရွက်ထည့်ပေး လိုက်ရမှာကို နှမြောနေသေး၍ အောက်က ခင်းထားသော သတင်းစာ အောက်တွေမှာ ရှိလိုရှိငြား လျှောက်ရှာနေ၏။

မဝင်းကတော့ သက်ပြင်းတစ်ချချနှင့် ပါးစပ်ကလည်း ဘာမှန်း မသိတဲ့စကားတွေကို ပြောရင်း ပွစိပွစိ လုပ်ကာနေသည်။

ထိုအချိန် ဆိုင်ထဲသို့ အသားဖြူဖြူနှင့် ခပ်ဝဝ မိန်းမကြီးတစ် ယောက်နှင့် အဝတ်အစား ခပ်နွမ်းနွမ်း ဝတ်ထားသော ကောင်မလေး တစ်ယောက် ဝင်ကာလာ၏။ မိန်းမကြီး မျက်နှာက တစ်လောကလုံး သူ့လုပ်စာထိုင်စားနေရသူလို မာထန်လှ၍ နောက်ကပါလာတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကတော့ တစ်စုံတစ်ခုကို စိုးရိမ်နေသလို မျက်လုံးတွေက ဂနာမငြိမ်ဖြစ်နေသည်။

ထိုမိန်းမကြီးဝင်လာတော့ ဒေါ်ဆွေဦး အံ့ဩသွားသည်။ ထို့နောက် ချက်ချင်းမျက်နှာချို ကောက်သွေးလိုက်၏။ သူ့ယောက်ျား အလုပ်က အထက်လူကြီးရဲ့ မိန်းမကိုး။

"ဟယ် မမမြ၊ မလာစဘူး အလာထူးလို့ ဘာကိစ္စများရှိလို့လဲ၊ လိုအပ်ရင် ဒီကောင်မလေး လွှတ်လိုက်ပြီးရော၊ အရင်ကလည်း လိုအပ်တဲ့ပစ္စည်းတွေ စာရေးပြီး လွှတ်နေကြပဲ"

"ဟုတ်တယ် ဆွေဆွေ၊ ဒီတစ်ခါတော့ ငါကိုယ်တိုင်မလာလို့ မရတဲ့ ကိစ္စကြောင့်ပဲ"

ဒေါ်ဆွေဦးက ထိုမိန်းမကြီးစကားကို ဂရုတစိုက် နားထောင်ပြီး

"ဟုတ်ကဲ့ ပြောပါ မမမြ၊ ဘာကိစ္စများလဲ"

"ကိစ္စကတော့ ဆွေဆွေ့သားကိစ္စပဲ"

"သား ဘာဖြစ်လို့လဲ"

ဒေါ်ဆွေဦး စိုးရိမ်တကြီး မေး၏။ မမမြဆိုတဲ့ မိန်းမကြီးက မျက်နှာတစ်ချက် ချိုလိုက်ကာ

"ဘာဖြစ်ရမလဲ ကိုယ့်ခြံထဲက သရက်သီးတွေကို ဆွေဆွေ့ သား မနက်က လာခူးသွားလို့"

"ရှင် ဘယ်လို"

"ဟုတ်တယ် ကိုယ့်ခြံထဲက သရက်သီးတွေကို လာခူးသွားလို့၊ ကိုယ်တို့ကို ခွင့်လည်းမတောင်းဘဲ အနောက်ဖေးလမ်းကြားကနေ တံချူနဲ့ ချူသွားတာ၊ ပိုင်ရှင်ကို ခွင့်မတောင်းပဲ ယူသွားတယ်ဆိုတာ





ခိုးတာပဲ ဆွေဆွေ၊ တစ်လုံး နှစ်လုံးဆိုလည်း မပြောပါဘူး၊ အခုတော့ တစ်ပင်လုံးကို ကုန်ရောပဲ၊ မျက်နှာထောက်စရာတွေ ရှိနေလို့ ကိုယ်လည်း လာမပြောဘူးဆိုပြီး နေမလို့ပဲ၊ ဒါပေမယ့် အဲဒီလို လာမပြောရင် ကလေးက အကျင့်ပိုပျက်လာမှာစိုးလို့ လာပြောရတာပါ"

ဒေါ်ဆွေဦး မျက်လုံးပြူးထွက်သွားကာ ပါးစပ်ဟောင်းလောင်းကြီး ဖြစ်သွားသည်။ မဝင်းက ထိုစကားတွေ ကြားပြီး မဲ့ပြုံးတစ်ချက်ပြုံးကာ တစ်ဖက်ကို လှည့်သွား၏။

ဒေါ်ဆွေဦး ရင်ထဲမှာ သိက္ခာတရားကြောင့် တဒိတ်ဒိတ်ခုန်ကာနေ၏။ မနက်က ထူးခန့်သယ်လာသော တောင်းထဲက သရက်သီးတွေကိုလည်း မျက်လုံးထဲမှာ မြင်ယောင်ကာလာသည်။ ထူးခန့်က သူဝယ်ခိုင်းလိုက်တဲ့ သရက်သီးကို ဒိုင်မှာသွားမဝယ်ဘဲ ဒီမိန်းမကြီး ခြံထဲက သရက်သီးတွေကို ခူးပြီး လာပေးခြင်းဖြစ်မည်။ သရက်သီးဝယ်ဖို့ပေးလိုက်တဲ့ ပိုက်ဆံနှစ်သောင်းခွဲတော့ ထူးခန့်လက်ထဲသို့ အသားတင်ပါသွားပြီ ဖြစ်လေသည်။

ဒေါ်ဆွေဦးက သူ့သားအကြောင်းလည်း သူသိနေ၍ ပြတ်ပြတ်သားသား ငြင်းပစ်လို့လည်း မဖြစ်ပေ။ တစ်ဖက်ကလည်း ကိုယ့်ယောက်ျား အထက်လူကြီးတစ်ယောက်ရဲ့ မိန်းမဖြစ်နေ၍ မျက်နှာကို ချိုသထက်ချိုအောင် ထပ်သွေးကာ

"မမမြရယ် ကျွန်မဖြင့် ကိုယ့်နားကိုယ်တောင် မယုံနိုင်ဘူး ဖြစ်နေတယ်၊ အိမ်ကကောင်ဆိုတာ ဟုတ်ရဲ့လားရှင်"

"ဟုတ်သမှ သိပ်ဟုတ်တာပေါ့ ဆွေဆွေရယ်၊ ဟဲ့ မိအေး ပြောလိုက်စမ်း နင်မြင်တာတွေ"



www.burmeseclassic.com

www.burmeseclassic.com



အနောက်မှာ ခပ်ကုပ်ကုပ်လေးရပ်နေတဲ့ မိအေးက ကြောက်ကြောက်ရွံ့ရွံ့နှင့် ရှေ့သို့ မဝံ့မရဲ တိုးလာ၏။ သို့သော် ဘာမှမပြောသေးဘဲ တုန်တုန်ယင်ယင်ဖြစ်နေသည်။ မိန်းမကြီးက မိအေးရဲ့ အမူအယာ ကိုကြည့်ကာ စိတ်မရှည်နိုင်စွာနှင့်

"ဪ ငါက ပြောဆိုပြောလိုက်လေ၊ နင်က ဘာကို ကြောက်နေရတာလဲ၊ နင်မပြောရင် နင့်ကို ငါ ရွာပြန်ပို့မှာနော်"

ထိုတော့မှ မိအေးက

"ကျွန်မ ကျွန်မ အိမ်နောက်ဖေးက ဝရန်တာမှာ အဝတ်တွေ ထွက်လှန်းနေတုန်း ဒီက အစ်ကိုလေးက သရက်သီးတွေကို တံချူနဲ့ ခူးနေတာ တွေ့တာပါ"

ဒေါ်ဆွေဦးက မိအေးအား ကြည့်၍

"အိမ်ကကောင်ဆိုတာ သေချာလို့လား"

မိအေးက ခေါင်းညိတ်ပြ၍

"သေ သေချာပါတယ် ဒေါ်လေး၊ ကျွန်မ ဒီဆိုင်ကို ဈေးလာဝယ်ရင်း ဒီက အစ်ကိုလေးကို မြင်ဖူးနေတာပဲ"

ဒေါ်ဆွေဦး သက်ပြင်းကို ချပစ်လိုက်သည်။ မျက်နှာကလည်း အဖတ်ဆယ်မရအောင် ပျက်ကာသွားသည်။ အခုလေးတင် သူ့သားကောင်းကြောင်းကို အာပေါင်အာရင်းသန်သန်နှင့် ပြောနေသောကြောင့် မဝင်းရှေ့မှာဆိုတော့ ပိုဆိုး၏။

မဝင်းကတော့ ဘေးမှာရပ်ကာ အသာနားထောင်ရင်း ပြုံးပြုံးကြီး လုပ်ကာနေသည်။ ဒေါ်ဆွေဦးက ခုနက အုထားသော နှစ်ရာတန် အသစ်နှစ်ရွက်ကို ထုတ်၍ မဝင်းအား ပေးလိုက်ပြီး



"မဝင်း ရော့ ရော့၊ မဝင်းလည်း သွားစရာရှိမှာပေါ့ အားနာလိုက်တာ"

မဝင်းက နှစ်ရာတန် အသစ်ကလေး နှစ်ရွက်ကိုကိုင်ရင်း မခိုးခနဲ့နှင့်

"ရပါတယ် မဆွေရဲ့ လုပ် လုပ်၊ မဆွေ လုပ်စရာရှိတာ ဆက်လုပ်၊ ကျွန်မ ဘာဝယ်စရာ ကျန်သေးလည်း စဉ်းစားရင်း စောင့်နေမယ်လေ၊ အဟဲ ဒီလိုပါပဲ သားသမီးမကောင်း မိဘခေါင်းပဲလေ ဖြစ်တတ်ပါတယ်'

ဒေါ်ဆွေဦး မျက်နှာသည် ငယ်ထိပ်ကို မိုးကြိုးပစ်ထည့်လိုက်သလို မည်းကာသွား၏။ ဒီကိစ္စ မြန်မြန်ရှင်းမှ ဖြစ်တော့မည်။ ကြာလျှင် မဝင်းဆိုတဲ့ မိန်းမက ဒီ့ထက် ပိုဆိုးလာနိုင်သည်ဟု တွေးကာ

"မမမြရယ် ကျွန်မ တောင်းပန်ပါတယ်၊ ဒီကောင်ပြန်လာပစေဦး၊ ကျွန်မ မှတ်လောက်အောင် ဆုံးမပါ့မယ်၊ ကလေးက အလိုလိုက်ထားတော့ ဘစ်ခါတလေ ဒီလိုပဲ သူလုပ်ချင်ရာ လျှောက်လုပ်တတ်တယ်၊ တစ်ဦးတည်းသော သားမို့ အလိုလိုက်ထားတာ အမိုက်စော်ကားချင်တယ်"

"ရပါတယ် ဒီကိစ္စ ဆွေဆွေတို့ သိရင်ပြီးတာပါပဲ၊ ဘာပဲဖြစ်ဖြစ် မျက်နှာမပျက်ချင်ဘူးကွယ်"

"ဟုတ်ကဲ့ပါ မမမြ၊ ခွင့်လွှတ်ပေးတဲ့အတွက် ကျေးဇူးပါ"

မမမြဆိုတဲ့ မိန်းမကြီးက ဒေါ်ဆွေဦးစကားဆုံးတော့ ခပ်တည်တည်နှင့် လှည့်ထွက်ကာသွားသည်။ ထိုမိန်းမကြီးထွက်သွားတော့ မဝင်းလည်း ဟိုလိုလို၊ ဒီလိုလိုနှင့် ဆိုင်ထဲက ထွက်သွား၏။

မဝင်း စိတ်ထဲမှာ ကြိတ်ပျော်သွားသည်။ ဒီကိစ္စကိုသာ ဒေါ်ပွား

www.burmeseclassic.com

www.burmeseclassic.com



ကို လက်တို့လိုက်လျှင် ပွဲပြီးပြီ။ ဒေါ်ပွားဆိုတာက သူများအကြောင်းကို (ကောင်းသတင်းရော၊ မကောင်းသတင်းပါ) လိုက်ပြောရမယ်ဆိုရင် ထမင်းမစားဘဲ ဗိုက်ပြည့်နေသူ။

သူက ပီတိစားပြီး အားရှိနေသူမဟုတ်။

အတင်းစားပြီး အားရှိနေသူပင်ဖြစ်သည်။

အားလုံးထွက်သွားတော့ ဒေါ်ဆွေဦး တစ်ယောက်တည်း ဆိုင်ထဲမှာ ဆွေ့ဆွေ့ခုန်ကာ ကျန်ခဲ့၏။ ခဏကြာတော့ ဒေါသတကြီးအသံနှင့်

"မကြင်အေး မကြင်အေး"

မကြင်အေးက ဒေါ်ဆွေဦးခေါ်သံကြောင့် အိမ်နောက်ဘက်မှ သုတ်သီးသုတ်ပျာနှင့် ထွက်လာကာ

"မဆွေ ဘာဖြစ်လို့လဲ"

"ဟိုကောင်ရော ဘယ်မှာလဲ"

"ဘယ်ကောင်လည်း မဆွေ"

"ဘယ်ကောင်ရှိရမလဲ အိမ်က တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်"

"ဟင် ခုနပဲ မဆွေ သူ့ကို ငံပြာရည်ကိစ္စခိုင်းလိုက်လို့ ထွက်သွားတယ်လေ"

"ငံပြာရည်ပုံးက လာတောင်ပို့ပြီးသွားပြီ၊ မင်းနိုင်ကို ရှာပြီး ဒီကောင့်ကို လိုက်ရှာခိုင်းစမ်း"

"မင်းနိုင်လည်း ဒီနေ့ မဆွေခိုင်းစရာမရှိဘူးဆိုလို့ မနက်ကတည်းက ထွက်သွားတာလေ၊ အခုလောက်ဆို သူတို့နှစ်ယောက် အတူတူ ရှိရောပေါ့"

စူဠလိပ်နှစ်ကောင် ရေထဲလွှတ်လိုက်တာထက်ပင် ဆိုးသွားပြီ



ဆိုတာ ဒေါ်ဆွေဦး နားလည်လိုက်၏။ အခုချိန်မှတော့ လူတစ်ဒါဇင်လောက် အင်အားသုံးပြီး လိုက်ရှာရင်တောင် ကိုးကြောင်းကိုးကျင်း လျှောက်သွားနေတဲ့ ဒီကောင်တွေကို တော်တော်နဲ့ ရှာရမှာ မဟုတ်။

ထို့ကြောင့်

"လာပစေဦးပေါ့"

ဟုသာ တေးထားလိုက်ရ၏။

❤❤❤

www.burmeseclassic.com

www.burmeseclassic.com



**အခု** နောက်ဘက်က ဘက်ဂရောင်းကို ကြည့်ခြင်းအားဖြင့် ပိတ်ချင်းမြောင်ရေတံခွန်ရဲ့ အဝမှာ ရိုက်ထားတယ်ဆိုတာ သိသာသည်။ ခပ်ဝေးဝေးက လှမ်း၍ ရိုက်ထားသော ဓာတ်ပုံဖြစ်သောကြောင့် လူရုပ်က သဲသဲကွဲကွဲမရှိ။

ဒီလိုဖြစ်သွားရခြင်း အကြောင်းအရင်းကတော့ ရှင်းပါသည်။ ထိုဓာတ်ပုံကို ရိုက်ခဲ့စဉ်အချိန်က သူမပုံကိုလည်း ပါချင်သည်။ နောက်ကဂူပေါက်ကြီးတစ်ခုလုံးကိုလည်း ပါစေချင်၏။ ပြီးတော့ ဂူရှေ့မှာ လှေကားထစ်လေးတွေလို လှပစွာ စီးဆင်းနေသော ရေတံခွန်လေးကိုလည်း ပါစေချင်၏။ ထို့ကြောင့် ခပ်ဝေးဝေးတစ်နေရာကနေ တရုတ်ကလာတဲ့ ကင်မရာတစ်လုံးနှင့် ပါနိုင်သမျှ ပါအောင် ဆွဲပြီးရိုက်ထားတဲ့ပုံ။



ထို့ကြောင့် ဓာတ်ပုံတစ်ခုလုံးကို ချုံ့ကြည့်လိုက်လျှင် လူနဲ့တူတဲ့ ပုံရိပ်က မီးခြစ်ဆံခေါင်းလောက်သာ ရှိတော့၏။ ဒါတောင် သေချာကြည့်မှ မြင်ရနိုင်သည်။

"မင်းဟာက ဘာမှလည်း မပါဘူး"

ကွန်ပျူတာဖန်သားပြင်ပေါ်မှာ ထိုဓာတ်ပုံပေါ်ပေါ်လာချင်း မင်းနိုင်က ပြောခြင်းဖြစ်၏။ ထူးခန့်လည်း ဓာတ်ပုံကို သေသေချာချာကြည့်ပြီးမှ လှေကားထစ်လေးတစ်ခုပေါ်မှာ လူတစ်ယောက် မတ်တပ်ရပ်နေသလိုလိုလေး တွေ့သွား၍

"ဟ ဒီမှာ ဒီမှာကွ လူ လူ တွေ့ပြီ"

မင်းနိုင်က ထူးခန့်လက်ထောက်ပြတဲ့နေရာကို သေချာအားစိုက်ကာကြည့်၏။ သူ့စိတ်ထဲမှာ လူရောဟုတ်ရဲ့လားဆိုတဲ့ အမူအရာနဲ့ ဝေခွဲမရစွာ ကြည့်နေရင်းက

"မင်းဟာက ဟုတ်ရောဟုတ်ရဲ့လားကွာ၊ ငါ့မျက်လုံးထဲမှာတော့ ဘယ်ဟာ ခေါင်း၊ ဘယ်ဟာ ကိုယ်လုံးမှန်းတောင် မသိဘူး"

ထူးခန့် ဓာတ်ပုံကိုကြည့်ကာ စိတ်ညစ်သွားသည်။ မင်းနိုင်ပြောသလိုပင် ဘယ်ဟာ ခေါင်း၊ ဘယ်ဟာ ကိုယ်လုံးဆိုတာတောင် မသဲကွဲပေ။ ရုပ်လှတယ်၊ မလှဘူးဆိုတာကတော့ ဝေးရောပဲ။ တစ်ခုတော့ရှိသည်။ ထိုဓာတ်ပုံကို ရှေ့မှာထားပြီး ရောဂါရှာဖွေရေးဌာနက ပိုးမွှားတွေကြည့်သည့် အနုကြည့်မှန်ပြောင်းနှင့် ကြည့်ရင်တော့ မြင်ကောင်းမြင်နိုင်သည်ဟု တွေးလိုက်၏။

"ဖိုးထူး ဒါ မင်းကို သက်သက်ညစ်တာပဲဖြစ်မယ်ကွ၊ အဲဒါကြောင့် ဒီလိုပုံကို ရွေးပို့တာ"

www.burmeseclassic.com

www.burmeseclassic.com



ထူးခန့်က မင်းနိုင်စကားကို ထောက်ခံသည့်သဘောနှင့် ခေါင်းညိတ်ပြကာ

"ဟုတ်တယ်ကွ ဒါ သက်သက်ညစ်တာ"

"ဒါဆိုရင် သေချာတယ် ရုပ်တော်တော်ဆိုးလို့ဖြစ်မယ်"

ထူးခန့်က သက်ပြင်းကိုချလိုက်သည်။ သူက ဒီဓာတ်ပုံလေးကို အတိုင်းအတာတစ်ခုအထိ မျှော်လင့်ချက်ထားပြီး လာကြည့်ခြင်း ဖြစ်၏။ ဒါကတော့ ရှင်းပါသည်။ ကိုယ်နဲ့ G-talk ပေါ်မှာ ချိတ်ဆက်မိသော ကောင်မလေးတစ်ယောက်သည် ရုပ်ရည်အနေအထား ဘယ်လိုရှိတယ်ဆိုတာကို သိချင်ကြသည်မှာ G-talk ပြောသော ယောကျ်ားလေးတိုင်း၏ ဆန္ဒဖြစ်သည်။ သူက သူများထက်တောင် ပိုချင်ပိုနိုင်၏။

အဘယ့်ကြောင့်ဆိုသော် သူက မကြာသေးခင်ကမှ G-talk ပေါ်မှာ စကား စပြောဖူးသောကြောင့်ဖြစ်သည်။ ထို့ကြောင့် သူ့ G-talk account ထဲတွင် နာမည်စာရင်းမှာ ဆယ်ခုတောင် မပြည့်သေး။ ဒါတောင် သူနဲ့အတူတူ တစ်ဆိုင်ထဲမှာ Internet လာသုံးနေသော တခြားသူတွေဆီမှ သူတို့မပြောချင်တော့သော (သူတို့အတွက် သိပ်အသုံးဝင်သည် မထင်တော့သော) account တွေကို သဒ္ဓါကြေးလေး မျှပေးထားခြင်းဖြစ်၏။ ထို account တွေထဲမှ သူ့အား ပြန်ပြောတဲ့ လူလည်းရှိ၏။ ပြန်မပြောသော လူလည်းရှိ၏။

"ငါတို့တုန်းကလည်း ဒီလိုပါပဲကွာ၊ တဖြည်းဖြည်းနဲ့ စရတာပါပဲ၊ နောက်တော့လည်း များလွန်းလို့ ပြောလို့တောင် မနိုင်တော့ဘူး"

ဟု Internet လာအသုံးပြုရင်း ခင်သွားတဲ့ လူတစ်ယောက်က ပြောဖူး၏။



"ငါတို့ဆီမှာတော့ Internet အစ G-talk ကလို့ ဆိုရမလားပဲ၊ Internet ကို စသုံးတဲ့လူငယ်တွေအားလုံး G-talk ကို စသုံးကြတာများတယ်ကွ၊ သူက connection ကောင်းရင် တယ်လီဖုန်းလိုမျိုး စကားတောင် ပြောလို့ရသေးတယ်၊ ပြီးတော့ မင်းဖွင့်ထားတဲ့ Account name ကိုလည်း မင်းကို ဟိုဘက်က ပြန်ပြောတဲ့ လူက မင်းနဲ့ ပြောနေပေမယ့် မင်းကို မင်းမှန်းတောင် မသိတော့ဘူးပေါ့ကွာ၊ တချို့ဆို ယောကျ်ားလား မိန်းမလားဆိုတာတောင် မသိရဘဲ ပြန်ပြောနေရတဲ့ account တွေ အများကြီး"

ဆိုပြီး သူ့အား ဒီ Internet လောကထဲသို့ စတင်ဆွဲသွင်းခဲ့သော အကွီးဟုခေါ်သည့် တရုတ်ကလေးက ပြောဖူး၏။ အကွီးက သူတို့နေသော လမ်းရဲ့ တစ်လမ်းကျော်မှာနေသည်။ တစ်ရပ်ကွက်ထဲ နေသူတွေဖြစ်၍ ခင်မင်နေကြ၏။ ယခင်က PSII TV-Game ဖြင့် ဘောလုံးအတူတူကန်ကြသူတွေ ဖြစ်၏။ နောက်တော့ အကွီးက PSII TV-Game ဘောလုံးလောကကို စွန့်ခွာ၍ အွန်လိုင်းလောကကြီးထဲသို့ ခြေစုံပစ်ဝင်သွားခဲ့၏။

သူကသာ PSII လောကကြီးထဲတွင် ပျော်ပြီး ကျန်ခဲ့သည်။ နောက်တော့ computer game တွေ ခေတ်စားလာပြီး counter strike, (hero) ခုတ်သည်ဟု အများက ခေါ်ကြသော (war crist) သည်တို့ ဆက်ကစားသည်။

အခုတော့ အကွီးရဲ့ ကောင်းမှုကြောင့် online လောကသို့ ခြေချစပြုနေပါပြီ။ တစ်ဖက်ကလည်း computer game တွေကို ကြုံရင် ကြုံသလို ကစားနေပါသေးသည်။ အကွီးလို လုံးလုံးလျားလျား

www.burmeseclassic.com

www.burmeseclassic.com



စွန့်ပစ်ခဲ့တာမဟုတ်။

အဲဒီလို ဟိုဘက်လည်း မစွန့်လွှတ်နိုင်၊ ဒီဘက်ကိုလည်း မြေစမ်းခရမ်းပျိုး စတင်ဝင်ရောက်နေသည့်ကာလတွင် သူလိုလူမျိုးအတွက် ငွေကြေးအခြေအနေ ဘယ်လောက်လိုအပ်နေသည်ဆိုတာကို မပြောပဲ သိလောက်ပြီထင်သည်။ အခုနောက်ပိုင်း အင်တာနက်ဆိုင်တွေက အင်တာနက်တစ်မျိုးထဲ သီးသန့်ထားရှိတာမျိုးမဟုတ်တော့ computer game ကိုပါ တွဲလျက်ထားရှိလာသည်။ သူသုံးသော ဆိုင်တွင် PSII TV-Game ကိုပါ တွဲ၍ထားသေး၏။ ထို့ကြောင့် တစ်ဆိုင်ထဲမှာတင် ကိုယ်ကြိုက်ရာ အကုန်လုံး အသုံးပြုနိုင်၏။ Internet သုံးမလား၊ Game ဆော့မလား။

အသုံးပြုခအနေနဲ့ကတော့ တစ်နာရီ သုံးရာ၊ မီးပျက်သွားလို့ မီးစက်နှိုးပေးရလျှင် လေးရာ။

"ဖိုးထူး အရင်နှစ်ရက်က အကြွေးကျန်သေးတယ်နော်၊ ဒီနေ့ တစ်ခါတည်း ပေါင်းရှင်းမှာလား"

ဆိုင်ပိုင်ရှင် ကိုစောဦးက ကောင်တာပေါ် လက်ထောက်၍ စာရင်းစာအုပ်လေးကြည့်ကာ လှမ်းပြောသည်။ မမြင်ရတဲ့ ဓာတ်ပုံကို မျက်စိအညောင်းခံပြီး ငေးကြည့်နေရင်းမှ လှည့်ကြည့်လိုက်ကာ

"တစ်ခါတည်း ရှင်းသွားမှာပါ ကိုစောရဲ့၊ This man နဲ့ This man တွေပဲ၊ ဘယ်လိုဖြစ်တာလဲ"

ကိုစောဦးက ပြုံးစစနှင့်

"သတိပေးတာပါကွာ မေ့နေမှာစိုးလို့"

ဟု ပြန်ဖြေ၏။



ထိုအချိန်မှာပဲ သူ့ဆီကို message တစ်ခု ဝင်လာသည်။ ဘယ်သုလည်းဆိုပြီး ကြည့်လိုက်တော့ ဓာတ်ပုံပို့လိုက်တဲ့ ကောင်မလေး။ သူမရဲ့ G-talk name က Aprilrain တဲ့။

သူမက

"ဓာတ်ပုံပို့လိုက်တာရလား' ဟု မြန်မာလို စာရိုက်ကာ ပို့လာသည်။ သူက မြန်မာလို ပြန်ရိုက်မလို့ စဉ်းစားလိုက်သော်လည်း ကွန်ပျူတာက မြန်မာစာအမျိုးအစားကို မပြောင်းရသေး၍ မြန်မာစကားကို အင်္ဂလိပ်စာနှင့် တိုက်ရိုက်ပေါင်းကာ စာပြန်လိုက်သည်။

"Ya tal (ရတယ်)၊ Bar ma lal ma myin ya bu (ဘာမှလည်း မမြင်ရဘူး)"

ကောင်မလေးက ဟိုဘက်က ပြုံးနေသည့် ပုံစံလေး သင်္ကေတဖြင့် ရိုက်ကာ အရင်ပို့လာသည်။ ပြီးမှ စာရိုက်ပြီး ပို့လိုက်၏။

"မြင်အောင်ကြည့်ပေါ့၊ ယူပဲ ဓာတ်ပုံလိုချင်တယ်ဆို အဲဒါ ဓာတ်ပုံပဲလေ"

ထူးခန့်က ခေါင်းကုတ်လိုက်ကာ

"Myin ya tae' photo poet par lar, bar loet ma myin ya tar poet lal (မြင်ရတဲ့ ဓာတ်ပုံပို့ပါလား၊ ဘာလို့ မမြင်ရတာပို့လဲ)"

မင်းနိုင်က ထူးခန့်ရိုက်တဲ့ စာတွေကို လိုက်ဖတ်ပြီး ခေါင်းရှုပ်နေသည်။

"မင်းဟာက ဘာတွေလဲကွာ၊ အင်္ဂလိပ်လိုလည်း မဟုတ်ဘူး"

ထူးခန့်က ငတုံးဆိုတဲ့အကြည့်နဲ့ မင်းနိုင်ကို ကြည့်ပစ်လိုက်၍

"ဒါ မြန်မာဘာသာကို အင်္ဂလိပ်လို တိုက်ရိုက်ရေးတာကွ၊

www.burmeseclassic.com

www.burmeseclassic.com



မြန်းကလစ်(ရှ်)လို့ခေါ်တယ်"

"မင်းက မြန်မာစာနဲ့ မရိုက်တတ်ဘူးလား၊ ဟိုဘက်ကတောင် မြန်မာလို ပို့နေပြီးတော့"

"ရိုက်တတ်တာပေါ့ကွ၊ မပြောင်းရသေးလို့"

"မပြောင်းရသေးလည်း ပြောင်းရိုက်ကွာ၊ ငါလည်း ဖတ်ချင်တာပေါ့"

ထူးခန့်က မင်းနိုင်ကို ကြည့်ပြီး ပြုံးလိုက်ကာ မြန်မာစာ စကားလုံးပုံစံကို ပြောင်းလိုက်သည်။ ထိုတော့မှ မင်းနိုင် ကျေနပ်သွား၏။

ကောင်မလေးက စာထပ်ပို့လာသည်။

"I မှာ အဲဒီလို ခါတ်ပုံတွေပဲ ရှိတယ်၊ I က ခါတ်ပုံရိုက်တာ ဝါသနာမပါဘူးလေ ရိုက်ဖြစ်ရင်လည်း အဲဒီလို ပုံတွေပဲ များတယ်"

"ဘာလို့လဲ"

"ရုပ်ဆိုးတော့ လူရုပ်ပေါ်မှာ ရှက်လို့၊ အဲဒါကြောင့် လူရုပ်မပေါ်အောင် ရှုခင်းပုံပဲ အသားပေးပြီး ရိုက်ထားတာ"

မင်းနိုင်က စာတွေကို ဖတ်ပြီး

"သူပြောသလိုဆို ရုပ်တော်တော်ဆိုးမယ့်ပုံကွ"

ဟု မှတ်ချက်ချ၏။ ထူးခန့်က စာပြန်ရိုက်လိုက်သည်။

"ကိုယ်က ရုပ်ချောတာ ရုပ်ဆိုးတာတွေကို ဂရုမစိုက်ပါဘူး၊ ခင်မင်မှုမှာ ဒါတွေ မပါဘူးလေ၊ ရုပ်ဆိုးတော့လည်း ဘာဖြစ်လဲ"

ခဏကြာတော့ စာပြန်ရောက်လာသည်။

"ရုပ်ဆိုးတော့ ရှင်က ဘယ်ခင်တော့မလဲ၊ ရှင်တို့ယောကျ်ားတွေက ရုပ်ချောမှ ကြိုက်ကြတာမလား"



"ကိုယ်ပြောပြီးပြီလေ ဒါတွေ မလိုဘူးလို့"

တစ်ဖက်က တော်တော်ကြာအောင် ငြိမ်သွားသည်။ ပြီးတော့မှ စာပြန်ရောက်လာ၏။

"ယူက တို့ခါတ်ပုံကိုကြည့်ပြီး ဘာလုပ်မလို့လဲ"

"ကြွက်ခြောက်မလို့လို့ ပြောလိုက်ကွာ" ဟု မင်းနိုင်က မချိတင်ကဝင်ပြော၏။ ထူးခန့် ကွန်ပျူတာဖန်သားပြင်ကိုကြည့်ပြီး

"အဲဒီလိုပြောရင် ဟိုဘက်က ငါ့ကို စိတ်ဆိုးသွားမှာပေါ့ကွ၊ အခုချိန်မှာ ဒါမျိုးလုပ်လို့ မရဘူးလေ"

မင်းနိုင်က ဘာမှဆက်မပြောတော့ပေ။ သူက အင်တာနက်ဆိုတာကိုလည်း စိတ်မဝင်စားသလို၊ မိန်းမကိစ္စတွေနဲ့လည်း ကင်းရှင်းသူဖြစ်သည်။ သူ့အခြေအနေက ဒါတွေကိုလည်း စိတ်ဝင်စားလို့မရနိုင်။ သူတို့က ဆင်းရဲသည်။ သူ့အမေ မကြင်အေးက ထူးခန့်တို့အိမ်မှာ ဝိုင်းလုပ်၊ ဝိုင်းစား။ သူ့အဖေကတော့ သူ ငယ်စဉ်ဘဝကတည်းက ဆုံးပါးသွားပြီ ဖြစ်လေသည်။

ထို့ကြောင့် ဒုံးပျံခေတ်ကြီးတွင် ဒုံးပျံလိုတက်နေသော ကုန်ဈေးနှုန်းကြောင့် သူ့အမေတစ်ယောက်တည်း လုပ်စာနှင့်မရတော့။ ထို့ကြောင့် ဘဝကို ရှင်းရှင်းလေးပဲ ရင်ဆိုင်လိုက်၏။

(၈)တန်းနဲ့ သူကျောင်းထွက်လိုက်သည်။ အလုပ်ရှာတော့လည်း ရှည်ရှည်ဝေးဝေး လိုက်ရှာနေစရာမလိုပဲ တစ်နွယ်ငင်တစ်စင်ပါဆိုသလို ထူးခန့်တို့အမေ ဒေါ်ဆွေဦးက ခေါ်ယူစောင့်ရှောက်ထား၏။ သူနဲ့တန်တဲ့ အလုပ်ကို ခိုင်းသည်။ ပိုက်ဆံကိုတော့ လခသဘောမျိုးမဟုတ်ပဲ ကြည့်ပေး၏။ သားအမိနှစ်ယောက်ထဲဆိုတော့ ပူစရာ

www.burmeseclassic.com

www.burmeseclassic.com



တော့ သိပ်မလို။ သူ့အဖေလက်ထက်က ကျန်ခဲ့သော အိမ်လေး တစ်လုံးရှိသည်။ ထမင်းကိုတော့ ဒေါ်ဆွေဦးက ကျွေးထား၏။ ထူးခန့်နဲ့ သူနဲ့က ငယ်စဉ်ကတည်းက တစ်ရပ်ကွက်ထဲ ကြီးပြင်းလာသော သူငယ်ချင်းတွေ။

သူ့ဘဝက ရေးကြီးခွင်ကျယ်လုပ်ပြီး ရှင်းပြမှ ဒီလောက်ပဲ ရှိ၏။ တစ်ခုတော့ ကျန်သေးသည်။ သူက ယမကာလေးတော့ ကြိုက်တတ်၏။ အလကားရရင် ရသလို တွယ်တတ်သည်။ အဲ ကိုယ့်ဘာသာကိုယ် ဝယ်သောက်တာမျိုးကတော့ တစ်ခါတစ်ရံသာ။

အခုလည်း ထူးခန့်လုပ်နေတာတွေကို စိတ်ဝင်စားလွန်းလို့ လိုက်လာတာတော့မဟုတ်။ ညနေ သူ့ကိုပေးမည်ဆိုသည့် ဂရင်းတစ်လုံး အတွက်ကြောင့် အညောင်းခံပြီး လိုက်ထိုင်ပေးနေခြင်းသာ ဖြစ်သည်။

"ဟေ့ကောင် ဘယ်တွေ လျှောက်ငေးနေတာလဲ၊ ဒီမှာ ငါ့ကို ပြောနေတယ်ကွ၊ မနက်ဖြန် ဓာတ်ပုံ ထပ်ပို့ပေးမယ်တဲ့"

မင်းနိုင်က သူ့ဘေးက လူတစ်ယောက် ကြည့်နေသော Internet က ပုံတွေကို ငေးနေသည်။ ထို့ကြောင့် ထူးခန့်ပြောတာကို ရုတ်တရက် မကြားလိုက်။

ထူးခန့်က

"ဟေ့ကောင် ငါပြောနေတာ ကြားရဲ့လား"

ထိုတော့မှ မင်းနိုင်က လှည့်ကြည့်လိုက်ကာ

"ဟဲ ဟဲ ဒီဘက်က ပုံတွေက မင်းဓာတ်ပုံထက် စိတ်ဝင်စားစရာ ကောင်းနေလို့ပါကွာ"

"မင်းကတော့ ဒါပဲ၊ ဒီမှာ ငါ့ကို ဓာတ်ပုံထပ်ပို့ပေးမယ်တဲ့"

စိုး ၊ မိုး ၊ စာ ပေ



"ဘယ်တော့လဲ"

"မနက်ဖြန်လို့ ပြောတယ်"

"ဒီလိုပဲ မသဲမကွဲပုံတွေ နေမှာပါကွာ"

"မဟုတ်ဘူးကွ ဒီတစ်ခါ သဲသဲကွဲကွဲ မြင်ရတဲ့ပုံ ပို့ပေးမယ်လို့ ပြောတယ်ကွ"

"ဒါဆိုလည်း ပြီးတာပဲကွာ စောင့်ကြည့်ရုံပေါ့"

ခဏကြာတော့ ထူးခန့်က သူ့ G-talk ကို ပိတ်လိုက်သည်။ ပြီးတော့ ထိုင်ရာမှ ထလိုက်၏။ မင်းနိုင်က

"ပြီးပြီလား"

"ပြီးပြီလေ၊ သူလည်း အွန်လိုင်းက ထွက်သွားပြီ၊ ငါလည်း ဘယ်သူနဲ့မှ ဆက်ပြောစရာမရှိတော့တာ"

ထို့နောက် လွန်ခဲ့တဲ့ နှစ်ရက်က လက်ကျန်အကြွေးပါ ပေါင်းရှင်း၍ သူတို့ ထွက်လာခဲ့လိုက်ပါတော့သည်။ ဆိုင်အပြင်ရောက်တော့ မင်းနိုင်က

"ဟေ့ကောင် ပုလင်းကို တစ်ခါတည်း ဝယ်သွားမယ်ကွာ"

ဟု ပြောလိုက်လေသည်။ ထူးခန့်က နာရီကို ကြည့်၍

"အစောကြီးရှိသေးတယ်ကွ၊ သောက်တော့မလို့လား"

မင်းနိုင်က ခေါင်းခါပြလိုက်ကာ

"အခုတော့ ဘယ်သောက်ဦးမလဲကွ၊ ညနေကျမှ သောက်မှာပေါ့၊ ဒါပေမယ့် တစ်ခါတည်း ဝယ်ထားလိုက်မယ်လေ၊ မင်းက စိတ်ချရတာ မဟုတ်ဘူး၊ အိမ်ပြန်သွားပြီး ပြန်မလာတော့ရင် ဘယ်လိုလုပ်မလဲ"

"ဘာလဲ မင်းက ငါ့အိမ်ကို မဝင်ဘူး၊ မထွက်ဖူးတဲ့လူမို့လို့လား၊

စိုး ၊ မိုး ၊ စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ထွက်မလာလည်း လိုက်ခေါ်ပေါ့ကွ"

မင်းနိုင်က ထူးခန့်စကားကို လက်ကာပြလိုက်ပြီး

"အဲဒီလိုတော့ မလုပ်ပါနဲ့ကွာ၊ ငါက ဒီနေ့တစ်ရက်လေးပဲ အနားရတာ၊ တော်ကြာ ဒေါ်လေးက ငါ့ကို တွေ့သွားရင် ခိုင်းနေဦးမယ်"

ထူးခန့် ပြုံးလိုက်ကာ ဗိုက်ဆံထုတ်ပေးလိုက်သည်။

"ရော့ မင်းဘာသာမင်း ဝယ်လိုက်တော့၊ ငါတော့ ဗိုက်ဆာနေပြီ အိမ်ပြန်တော့မယ်"

မင်းနိုင်က လက်ထဲ ရောက်လာသော ထောင်တန်နှစ်ရွက်ကို ကြည့်၍

"ဒါဆို မင်းက မကစ်တော့ဘူးဆိုတဲ့သဘောလား၊ ညနေ ပြန်ထွက်မလာတော့ဘူးပေါ့"

ထူးခန့်က ရယ်ကျဲကျဲ တစ်ချက်လုပ်လိုက်ပြီး

"ကစ်မှာပေါ့ကွ မင်းဝယ်ထားလိုက်လေ၊ ညနေ ငါ ကင်းတဲဘက် ထွက်လာခဲ့မယ်"

"ဒါဆို တစ်ထောင်လောက်တော့ ထပ်ပေးဦးကွာ၊ အမြည်းလေး ဘာလေး စီစဉ်ထားလိုက်မယ်လေ၊ အမြည်းငါတော့ ရင်မပူဘူးပေါ့"

မင်းနိုင်ပြောတာ သဘာဝကျ၍ နောက်တစ်ထောင် ထပ်ပေးလိုက်၏။ သူက အမြည်းမပါရင် အရက်ကို သောက်တတ်သူမဟုတ်။ ဘာမှမရှိရင်တောင် မရမ်းပြားလောက်နဲ့တော့ မြည်းတတ်သည်။ ဒါကလည်း ဘိုင်ပြတ်နေတဲ့အခါကျမှပါ။ ဒီလို ငွေလေး၊ ကြေးလေး ရှိနေရင်တော့ အီစွတ်ဘိုင်တို့ဆိုင်က ဆိတ်ခေါင်းနဲ့ ပဲလောက်တော့ အနည်းလေး ဆွဲရမှ။



ဗိုက်ဆံပေးပြီးသွားတော့ မင်းနိုင်နဲ့သူ လမ်းခွဲ၍ ပြန်ခဲ့သည်။ နေ့လယ်စာ မစားရသေး၍ ဗိုက်က တော်တော်ဆာနေပြီဖြစ်သည်။ အိမ်မှာလည်း သူသိပ်ကြိုက်သည့် ငါးသလောက်ကို အတုံးကြီးကြီး လုပ်ကာ ပေါင်းထားကြောင်း သတင်းရထား၏။

ထို့ကြောင့် သူ့ခြေလှမ်းများက အိမ်ရှိရာသို့ လျင်မြန်စွာ လှမ်းလျက်။

❤❤❤

www.burmeseclassic.com

www.burmeseclassic.com



**ထူးခန့်** ဆိုင်ထဲသို့ ရောက်ရောက်ချင်း ဒေါ်ဆွေဦးက ဝယ်သူ သုံးယောက်နှင့် အလုပ်ရှုပ်ကာနေသည်။ ထို့ကြောင့် ထူးခန့် ဆိုင်ထဲ ဝင်လာတာကို ရုတ်တရက် သတိမထားမိလိုက်။ ထူးခန့်က သူ့အမေ အလုပ်ရှုပ်နေတာတွေကို တစ်ချက်ကြည့်၍ လေကလေးချွန်ကာ အိမ်ပေါ်ကို လှမ်းတက်လိုက်သည်။

သူတို့ဆိုင်အနေအထားအရ အိမ်ရှေ့မှာ ပိုနေသော မြေကွက်လပ်ကို အမိုးအပြည့်မိုးကာ ဖွင့်ထားသောကြောင့် အိမ်ရှေ့က ဝင်လာသူသည် ဆိုင်ကို ဖြတ်ပြီးမှသာ အိမ်ပေါ်ကို တက်လို့ရသည်။ ထို့ကြောင့် ထူးခန့်အိမ်ပေါ်တက်သွားတာနှင့် ဒေါ်ဆွေဦးက သတိထားမိသွား၏။ သို့သော် စျေးဝယ်သူတွေနှင့် ရှုပ်နေသေး၍ ထူးခန့်နောက်သို့ လိုက်မသွားနိုင်သေးပေ။



ထူးခန့် အိမ်ပေါ်ရောက်တော့ မီးဖိုချောင်သို့ တန်းဝင်သည်။ ထို့နောက် ကြောင်အိမ်ကို ဆွဲဖွင့်လိုက်တော့ မွှေးကြိုင်သော ငါးသလောက်ပေါင်းရနံ့က နှာခေါင်းထဲသို့ အတားအဆီးမရှိ တိုးဝင်ကာလာ၏။ ဟင်းခွက်ကို နှာခေါင်းရှေ့သို့ တိုးလိုက်ကာ တစ်ဝရှူပစ်လိုက်သည်။ ဆာနေသည့် ဗိုက်က နှစ်ဆပိုလာ၍ ထမင်းဇလုံတစ်လုံးကို အမြန်ဆွဲယူကာ ထမင်းထည့်၍ အတုံးကြီးကြီးတစ်တုံးကို ဆယ်ထည့်လိုက်သည်။ လက်သုံးလုံးလောက်ရှိသည့် ငါးသလောက်ပေါင်းတုံးသည် သူ့ထမင်းပန်းကန်ထဲသို့ မင်္ဂလာရှိစွာ ခုန်ဆင်းလာပါသည်။

သူ့အမေ၏ ငါးသလောက်ပေါင်းလက်ရာကို မစားခင်ကတည်းက သူခန့်မှန်းမိပြီးသားဖြစ်သည်။ သူ့အမေသည် ငါးသလောက်ပေါင်းပြုလုပ်ရာ၌ သေသပ်ကောင်းမွန်လှ၏။ ငါးသလောက် အကောင်ကြီးကြီးတစ်ကောင်ကို သုံးပိုင်းသာ ပိုင်းသည်။ ပြီးနောက် ပေါင်းအိုးထဲသို့ စပါးလင်လေးခံကာ ရှာလကာရည်၊ အချိုမှုန့်၊ ငံပြာရည်၊ သကြားစသည်တို့နှင့် နယ်ထားသော ငါးသလောက်အတုံးများ ကို ထည့်ကာ ပေါင်းလိုက်သည်။ ထိုသို့ ပေါင်းပြီးသွားသော ငါးသလောက်အတုံးများကို ဆယ်၍ ခရမ်းချဉ်သီး၊ ကြက်သွန်နီတို့ကို အကွင်း၊ အကွင်း သုံးထားပြီး ကြက်သွန်ဖြူ ချင်းတို့နှင့် ဆီသတ်ထားသော အနှစ်ထဲသို့ ထည့်၍ နှပ်လိုက်၏။ ထိုအခါ ငါးသလောက်ပေါင်းတုံးလေးများသည် တစ်စစီ ပဲ့ထွက်မနေပဲ ကျစ်လစ်သေသပ်နေ၍ သူ့အနှစ်ကလေးနှင့်သူ အလွန်စားကောင်းလှသည်။

ထူးခန့်က ဒါကို သိသည်။ တစ်ခါက သူ့အမေလုပ်ပုံလုပ်နည်းကို ကြည့်ထားသောကြောင့်ဖြစ်သည်။ (မယုံလျှင် ထိုသို့ လုပ်စားကြည့်ပါ။

www.burmeseclassic.com



အရသာကောင်းမွန်ပါက စာရေးသူအိမ်သို့ ဟင်းတစ်ခွက် ပို့ပေးပါရန်။ ဤကား စကားချပ်)။

ထူးခန့် ထမင်းတစ်လုပ်စားလိုက်ပြီး ချဉ်ပေါင်ဟင်းရည် တစ်ဇွန်းခပ်သောက်လိုက်ချိန်တွင် မီးဖိုထဲသို့ ဝင်လာသော ခြေသံကြားလိုက်ရ၍ တစ်ချက်လှည့်ကြည့်လိုက်၏။

"ဩော် ဩော် အလုပ်တွေ တော်တော် ပင်ပန်းလာတယ်ပေါ့ ဟုတ်လား၊ ဗိုက်တော်တော် ဆာလာပုံပဲ"

ထူးခန့်က ထမင်းနောက်တစ်လုပ် ထပ်ထည့်ပြီးတော့မှ ပလုပ်ပလောင်းအသံနှင့်

"ဆာတာပေါ့ အမေရ၊ မနက်ကတည်းက ဘာမှ မစားရသေးတာ"

"အေးပေါ့လေ နင်က မိုးလင်းက မိုးချုပ် အလုပ်နဲ့လက် မပြတ်လုပ်နေတဲ့သူဆိုတော့ စားဖို့အချိန် ဘယ်ရှိမငဲ့"

သူ့အမေ ရွဲ့ပြောမှန်း သိ၏။ အမြဲတမ်းလည်း ဒီလိုပဲ ပြောနေကျစကားဖြစ်၍ ဘာမှတော့ မထူးဆန်းလှ။ ထို့ကြောင့် ထမင်းကိုသာ ဆက်၍ စားသည်။

ဒေါ်ဆွေဦးက ထမင်းအားရပါးရစားနေသော ထူးခန့်ကို ကြည့်၍

"အခု ဘယ်က ပြန်လာတာလဲ"

"အမေပဲ ငံပြာရည်ပုံးကိစ္စ သွားပြောဆို"

"ဩော် ဒီငံပြာရည်ပုံးကိစ္စသွားပြောရတာ ဒီလောက်ကြာရလား၊ နင်သွားပြီး မကြာခင်ပဲ ပုံးက ရောက်လာတာ"



ထူးခန့်က ထမင်းစားရင်းမှ စကားကို ဆက်သည်။

"ဒီနားဟိုနား ခဏသွားတာပါ၊ အမေရာ၊ ကိစ္စရှိလို့"

ဒေါ်ဆွေဦးက ခါးထောက်လိုက်ပြီး ထူးခန့် ရှေ့မှာလာ ရပ်လိုက်သည်။ ပြီးနောက် ထူးခန့်ကိုကြည့်၍

"ထူးခန့်"

ထူးခန့် မော့ကြည့်လိုက်တော့

"နင် မနက်က သရက်သီးတွေ ဘယ်ကရလာလဲ၊ ပြောစမ်း"

အဆက်အစပ်မရှိဘဲ ပြောချလိုက်သောစကားကြောင့် ထူးခန့်ရင်ထဲမှာ ဒိန်းကနဲဖြစ်သွားသည်။ မျက်နှာပျက်သွားကာ ပါးစပ်ထဲထည့်မလိုလုပ်နေသည့် ထမင်းလုပ်တောင် ရပ်သွား၏။ သို့သော်ခဏအတွင်းပင် အမူအရာကို ထိန်း၍ ထမင်းလုပ်ကို ပါးစပ်ထဲသို့ထည့်ကာ မျိုချလိုက်၏။ သို့သော် ထမင်းလုပ်က မျိုမကျတော့။ လည်ချောင်းမှာ ကန့်လန့်ကြီး ခံနေသည်။

"ဟဲ့ ငါမေးနေတာ ဖြေလေ၊ ဘယ်ကရလဲလို့"

"ဟာ အမေကလည်း အမေပြောလိုက်တဲ့ ဒိုင်ကပဲ ဝယ်လာတာလေ၊ အထူးအဆန်းလုပ်လို့"

"အမယ် အမယ် ပြောပုံက၊ ဘာဒိုင်လဲ ဘာဒိုင်ကမှ နင် ဝယ်လာတာမဟုတ်ဘူး၊ နင် ဒေါ်မြခင်တို့ ခြံထဲက သွားခိုးလာတာမလား၊ ငါ့ဆီကို ဒေါ်မြခင် လာသွားပြီးပြီ၊ နင့်အကြောင်း အကုန်ပြောသွားတယ်"

ထူးခန့် မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ် လုပ်ကာ သူ့အမေကိုကြည့်သည်။ ဒေါ်ဆွေဦးက စိတ်ပျက်လက်ပျက်ပုံစံနှင့် ထူးခန့်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး

"နင့်တစ်ယောက်ကြောင့် ငါတော်တော် စိတ်ညစ်တယ် သိလား ထူးခန့်၊ နင်က ရွာရိုးကိုးပေါက် လျှောက်သွားပြီး ငါ့မျက်နှာကို ဖျက်နေတာပဲ၊ နင် ငါ့ကို မသနားဘူးလားဟင်၊ ငါ့မှာ အိမ်မှုကိစ္စက တစ်ဖက် စီးပွားရေးကတစ်ဖက်နဲ့၊ ဒီကြားထဲ နင်ကတစ်မျိုး'

ငါးသလောက်ပေါင်းသည် သူ့လျှာဖျားပေါ်တွင် အရသာ မရှိတော့။ ချဉ်ရည်ဟင်းလည်း မချဉ်တော့။ ထမင်းလည်း အရသာမဲ့သွားသည်။

ထူးခန့်ခေါင်းကြီးကို ငုံ့ကာ ထမင်းကိုသာ မဲတွယ်သည်။ ခုနအားရပါးရစားမည်ဟု စိတ်ကူးကာ ထည့်ထားသော ထမင်းဇလုံက ကုန်ခဲလှ၏။ သူ့အမေရှေ့က ထသွားချင်ပြီ။ ထမင်းက မကုန်သေးတော့ ဒုက္ခရောက်နေ၏။

ဒေါ်ဆွေဦးက ပလုပ်ပလောင်းနှင့် ထိုးထည့်နေသော ထူးခန့်ကို ကြည့်ကာ

"ဖြည်းဖြည်းစား စားပိုးနင့်ပြီး သေနေဦးမယ်၊ ထမင်း ကုန်သွားလည်း ငါ့ရှေ့က နင်ထွက်သွားလို့ရမယ် မထင်နဲ့၊ ဒီတစ်ခါတည်း မဟုတ်တော့ဘူး၊ နင်လုပ်တာ ဟိုတစ်ခါလည်း ငါပြောလိုက်တဲ့ဆိုင်က ပဲဆီစစ်စစ်ကို ဝယ်မလာဘဲ တခြားဆိုင်က တွေ့ကရာဆီတွေနဲ့ ရောထားတဲ့ ပဲဆီတစ်ပေပါ ယူလာတယ်၊ နင့်ကို ငါ ဘယ်နေရာ စိတ်ချရမလဲ"

"အမေမှာလိုက်တဲ့ ဆိုင်ကဝေးလို့ပါအမေရဲ့၊ သားက နီးတဲ့ ဆိုင်က ဝယ်လာတာ"

[redacted]



ဟု သူ အထွန့်တက်ကြည့်သည်။

"တော်စမ်း နင့်အကြောင်းမှ ငါမသိရင် ငါ့နာမည်ငါ ထုံးသုတ်ပစ်လိုက်မယ် သိလား"

ထုံးသုတ်လိုက်ရင် ဖြူသွားမှာပေါ့ဟု သူ့စိတ်ထဲ တွေးလိုက်၏။ လူကတော့ တုတ်တုတ်မျှ မလှုပ်ရဲပေ။ သူလုပ်ခဲ့တဲ့ အပြစ်တွေအတွက် ဆင်ခြေပေးဖို့ ရှာကြည့်သေး၏။ သို့သော် ပြစ်မှုတွေက သက်သေတွေ ထင်ရှားလွန်းနေ၍ ကမ္ဘာကျော်ရှေ့နေကြီးတွေ ကိုယ်တိုင် သူ့ဘက်က ရပ်တည်ပေးရင်တောင် မဖြစ်နိုင်တော့ပေ။

ထို့ကြောင့် သူ စိတ်လျှော့လိုက်ရ၏။ လာသမျှဘေး ပြေးတွေ့ရန်သာ ရှိပါတော့သည်။

"နင် အဲ့ဒီပိုက်ဆံတွေ ဘာလုပ်ပစ်လဲ ပြောစမ်း"

"ဘယ်ပိုက်ဆံတွေလဲ"

သိသိကြီးနှင့် မေးလိုက်ခြင်းပါ။ အပြစ်ပြုလုပ်သူတို့၏ ထုံးစံအတိုင်း ပြစ်မှုထင်ရှားနေရင်တောင် လုံးလုံးလျားလျား ဝန်မခံသေးဘဲ ခံပက်ချင်သည့်သဘောဖြစ်သည်။

ဒေါ်ဆွေဦးက နှုတ်ခမ်းတစ်ချက်မဲ့လိုက်ကာ

"ဘယ်ပိုက်ဆံတွေရှိရမှာလဲ၊ နင်ယူသွားတဲ့ သရက်သီးဖိုးတွေကို ပြောတာပေါ့"

ထမင်းကုန်သွား၍ ထူးခန့်က ထသည်။ ထို့နောက် ပန်းကန်ကို ဆေးတဲ့နေရာမှာ သွားချလိုက်၏။ ဒေါ်ဆွေဦးက ထူးခန့်နောက်သို့ မျက်စိဒေါက်ထောက်လိုက်ကြည့်ကာ

"ဟဲ့ ငါမေးနေတယ်လေ၊ ဘာမထုံတက်တေး လုပ်နေတာလဲ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ထူးခန့်က ပန်းကန်ကိုချပြီးနောက်

"သား သုံးလိုက်လို့ ကုန်သွားပြီ"

ဒေါ်ဆွေဦး မျက်လုံးပြူးသွား၍

"ဘာ ကုန်သွားပြီ ဟုတ်လား၊ ပိုက်ဆံနှစ်သောင်းခွဲလုံးလုံး ကုန်သွားရအောင် နင်က ဘာလုပ်လိုက်တာလဲ၊ ဘောလုံးပွဲတွေ လောင်းပစ်တာလား"

"ဟာ အမေကလည်း သား ဘောလုံးပွဲ ဝါသနာမပါတာ သိရဲ့သားနဲ့"

"ဒါဆို ဘာလုပ်လိုက်လဲ"

"ဒီလိုပဲ အသုံးလိုတာလေးတွေ သုံးလိုက်တာပေါ့၊ သားလည်း မပြောပြတတ်တော့ဘူး၊ အမေတို့ပေးတဲ့ မုန့်ဖိုးကရော လောက်လို့လား"

"ဘယ်လို ဘယ်လို ပြန်ပြောစမ်း၊ ငါပေးတဲ့မုန့်ဖိုးမလောက်ရအောင် နင်က ဘာတွေများ ကြီးကြီးကျယ်ကျယ် လုပ်နေလို့လဲ၊ တစ်နေ့ တစ်နေ့ လတ်လျားလတ်လျား လျှောက်သွားနေတဲ့ကောင်ကများ၊ မိဘလုပ်စာထိုင်စားပြီး မိဘပေးတဲ့ မုန့်ဖိုးကို မလောက်ဘူးလေး ဘာလေးနဲ့၊ အဲ့ဒီစကား ငါ့ကို လာမပြောနဲ့၊ နင့်အဖေကို သွားပြော၊ ဟိုက နင့်ကို လုပ်လိမ့်မယ် သိလား၊ ငါတို့ကိုများ နင်က မိလျှံနာတွေလို့ ထင်ထားလား"

ထူးခန့် လက်ဆေးပြီး မီးဖိုချောင်ထဲမှ ထွက်ခဲ့လိုက်သည်။ ဒေါ်ဆွေဦးက အနောက်မှ ကပ်လိုက်လာကာ

'ငါ စကားပြောနေတယ်လေ၊ ဒါက ဘာအချိုးလဲ'





ထူးခန့် တစ်ချက်လှည့်ကြည့်လိုက်သည်။

"သား ကျောင်းပြီးသွားရင် သင်္ဘောလိုက်မယ်လို့ အမေတို့ကို ပြောပြီးသားမလား၊ အခု ကျောင်းမှ မပြီးသေးတာ၊ သားက ဘာလုပ်ရမှာလဲ၊ မယုံရင် သင်္ဘောလိုက်ဖို့ကိစ္စ အမေတို့ ကြိုစီစဉ်ထားလိုက်၊ အဲဒါမှ ကျောင်းပြီးသွားတဲ့အခါ သင်္ဘောတန်းတက်လို့ရမှာ"

ဒေါ်ဆွေဦးက သူ့သားစကားတွေကို နားထောင်ရင်း ထူးခန့်ကို ကြောင်စီစီလေးနှင့် ကြည့်သည်။ ထို့နောက် တရိုတသေလေး ခေါင်းညိတ်ပြလိုက်ကာ

"ဩော် ဟုတ်ကဲ့ ဟုတ်ကဲ့၊ ရှင်ပေးထားတဲ့ ပိုက်ဆံတွေက ကျွန်မတို့မှာရှိတော့ ရှင်ခိုင်းတဲ့အတိုင်း လုပ်ရမှာပေါ့၊ ကျွန်မ စီစဉ်ထားလိုက်ပါ့မယ်နော်"

ဒေါ်ဆွေဦး စကားမဆုံးမီပင် ထူးခန့် လစ်ထွက်လာခဲ့သည်။ ဒေါ်ဆွေဦး တစ်ယောက်သာ ဒေါသနှင့် ပြောချင်ရာတွေ ပြောပြီး ကျန်ရစ်ခဲ့၏။

မကြင်အေးက ဒေါ်ဆွေဦးဖြစ်နေပုံကို တစ်နေရာမှ လှမ်းကြည့်ကာ ပြုံးနေသည်။ ဒီသားအမိတွေ ဖြစ်လိုက်ရင် ဒီလိုချည်းပဲဟု တွေးကာ ပြုံးသော အပြုံးမျိုး ဖြစ်၏။

ထို့နောက် သူ့သား မင်းနိုင်ကို သတိရသွား၍

"အင်း ဒီကောင့်ကိုလည်း တိုးတက်ရာ တိုးတက်ကြောင်း အလုပ်လေး ဘာလေး ရှာခိုင်းဦးမှ"

ဟု စိတ်ထဲတွေးလိုက်မိပါသည်။

❤❤❤



www.burmeseclassic.com

**ကင်း** တဲပေါ်မှ ကြည့်သော ညဏ်ရှုခင်းသည် မိုးပျံပျော်တယ်ကြီးတွေပေါ်မှ ကြည့်သော ညဏ်ရှုခင်းလောက်တော့ မလှပပေ။ ကင်းတဲအောက်မှာရှိသော ခွေးနှစ်ကောင်က သူတို့ ပစ်ချလိုက်သော ဆိတ်ရိုးတစ်ရိုးကို လုကာ ဖက်ကိုက်နေကြသည်။ ခပ်လှမ်းလှမ်း ဆိုက်ကားဂိတ်မှ ဆိုက်ကားသမားတို့၏ အော်ဟစ်ပြောဆိုသံတို့ကို ကြားနေရသည်။ တစ်ဖက် လမ်းမထိပ်ရှိ ဘတ်(စ်)ကားဂိတ်မှ စံပယ်ပန်းရောင်းသူ ကောင်မလေး၏ အသံကိုလည်း စည်းချက်ညီညီ ကြားနေရ၏။ အဝေးတစ်နေရာ လက်ဖက်ရည်ဆိုင်မှ ဖွင့်ထားသော 'လေးဖြူ' သီချင်းသံကိုလည်း တစ်ချက် တစ်ချက် ကြားနေရပါသည်။

မင်းနိုင်က အရက်ခွက်ကို မကာ မှုန်ပျပျအလင်းရောင်၌ ထောင်ကြည့်လိုက်၏။ အရက်က များပြီး ရေက နည်းနေသေးသောကြောင့်





ရေနည်းနည်းထပ်ထည့်လိုက်၏။ ထို့နောက် ထူးခန့်ကို လှမ်းပေးလိုက်သည်။ ထူးခန့်က အရက်ခွက်ကို လှမ်းယူပြီး မသောက်သေးဘဲ လက်ထဲမှာ လှည့်ကာ ကစားနေလိုက်၏။

မင်းနိုင်က သူ့ခွက်ထဲကိုလည်း ရေနဲ့အရက်ကို သင့်တော်စွာ ရောပြီးနောက် ကိုင်မြှောက်လိုက်ကာ

"လာကွာ ဒီတစ်ခွက်ကို ဝမ်းစတုတ် ကစ်ရအောင်"

ထူးခန့်က မျက်လုံးတစ်ချက် စွေကြည့်၍

"ဒီပုလင်းကုန်ရင် မရတော့ဘူးနော် စွတ်သောက်မနေနဲ့"

"ဒီတစ်ခွက်ထဲပါကွာ၊ မင်းကလည်း ငါတို့နှစ်ယောက်တည်းသည်း ဒီပုလင်းက မကုန်ပါဘူး"

ထူးခန့်က ခွက်ကိုတိုက်လိုက်ပြီး တစ်ရှိန်ထိုး မော့ချပစ်လိုက်၏၊ အရက်သည် လည်ချောင်းထဲသို့ တစ်ဟုန်ထိုး ဝင်ချသွားကာ သွားရာလမ်းကြောင်းတစ်လျှောက် ရှိသမျှအရာဝတ္ထုတွေကို တိုက်စားရင်း အစာအိမ်ထဲသို့ ခုန်ဆင်းသွား၏။ ရင်ခွင်တစ်ခုလုံး ပူကနဲ။

"အား ကောင်းလိုက်တာကွာ၊ ကြက်သီးတောင် ထတယ်"

မင်းနိုင်က ခွက်ကို ငွပ်ခနဲ ချလိုက်ရင်း ဆို၏။ ထူးခန့်က နောက်ဆုံး ကျန်ခဲ့သော ရှိန်းမြမြ အရသာလေးကို ခံစားရင်း အဝေးကို ငေးကြည့်နေသည်။ မင်းနိုင်က ဆိတ်ရိုးတစ်ရိုးကို ခပ်၍ ထူးခန့်ကို လှမ်းပေးလိုက်သည်။

ထူးခန့်က လှမ်းယူပြီး

"မင်းနိုင်"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အချစ်ဆိုတာကို ဘယ်လိုနားလည်ထားလဲ"

မင်းနိုင် မျက်လုံးလေး ကလယ်ကလယ်ဖြစ်သွားပြီး

"ဘယ်လိုစိတ်ကူးပေါက်ပြီး ထမေးလိုက်တာလဲဟ၊ မင်းရှေ့မှာ ဘယ်ကောင်မလေးနဲ့ ငါကြိုက်တာ တွေ့ဖူးလို့လဲ"

"အဲဒါတော့ အဲဒါပေါ့ကွာ၊ ဒါပေမယ့် မင်းမှာ အချစ်ဆိုတာတော့ ရှိတယ်မလား"

"အချစ် အင်း အချစ်"

ဟု ဆိုကာ မင်းနိုင် ငူငေါင်ငေါင်နှင့် ရပ်ကာသွားသည်။ ခဏ လောက်ကြာသည်အထိ လေးလေးနက်နက် စဉ်းစားပြီးမှ

"အချစ်လား ဘာလားတော့ မသိဘူးကွ၊ ကောင်မလေး ချော ချောမြင်ရင်တော့ ငမ်းချင်တာပဲ၊ အဲဒါကို အချစ်လို့ဆိုရင်တော့ ရှိတယ်"

ထူးခန့်က ခေါင်းတညိတ်ညိတ် လုပ်၏။

"မင်းဟာက အချစ်မဟုတ်သောက်ဘူးကွ၊ အဲဒါ ငမ်းကြော ထတာ"

"ငါလည်း ငါသိသလောက်ပြောတာလေကွာ၊ မင်းကရော ဘယ် လောက်နားလည်လို့လဲ"

ဒါလည်း ဟုတ်သည်။ သူလည်း ရည်းစားတစ်ခါမှ မထားဘူး၍ အချစ်အကြောင်းကို နားလည်သူတော့မဟုတ်။ ဒါပေမယ့် မင်းနိုင် ထက်စာရင်တော့ ဒီကိစ္စမှာ သာသေးသည်ဟု ကိုယ့်ကိုယ်ကိုယ် ယူဆ ထားမိ၏။ သူက တက္ကသိုလ်ကျောင်းသားတစ်ယောက် ဖြစ်သည်။ တက္ကသိုလ်မှာဆိုတော့ ကိုယ်က ရည်းစားမထားဖူးရင်တောင် သူများ



တွေ ထားတာမြင်ဖူးသည်။ အချစ်အကြောင်း ပြောကြဆိုကြတာ ကြားဖူး၏။ ကောင်မလေးတွေနဲ့ ဟေးလားဝါးလား လုပ်ဖူးသည်။ ထို့ကြောင့် အချစ်ဆိုတဲ့ အရာကို စိတ်ထဲမှာ ရင်းနှီးသူလို ဖြစ်နေ သည်။ ဘောလုံးမကန်ဖူးသော်လည်း သူများတွေကန်တာ ကြည့်ပြီး ဘောလုံးအကြောင်း နားလည်နေသလိုပင်။

မင်းနိုင်က ထူးခန့်ကို ကြည့်၍

"ငါမေးတာ ဖြေဦးလေ၊ မင်းက အချစ်ကိစ္စ နားလည်တယ်ပေါ့ ဟုတ်လား၊ ငါသိရသလောက်တော့ မင်းလည်း ငါ့လိုပဲ သူမသာ ကိုယ် အသုဘပါ၊ ရည်းစားဆိုလို့ မူးလို့တောင် ရှုစရာ မရှိတဲ့ကောင်ကများ"

မင်းနိုင်ရဲ့ မခံချင်စိတ်နဲ့ ပြန်မေးတဲ့အမူအရာကို ကြည့်ပြီး ထူးခန့် ရယ်၏။ ပြီးတော့ မင်းနိုင်ကို စချင်စိတ်ပေါ်သွားကာ

"ငါက ရည်းစားမထားဘူးဆိုတာ မရတာမဟုတ်ဘူးကွ၊ ကျောင်း မှာဆို ငါ့ကို ကြိုက်နေတဲ့ကောင်မလေးတွေ တစ်ပုံကြီး၊ ငါက ရွေးနေ လို့ မထားဖြစ်တာ၊ မင်းက လိုချင်ရဲ့သားနဲ့ ပြန်ကြိုက်မယ့်သူ မရှိလို့ မရတာ"

ထူးခန့် စကားဆုံးတော့ မင်းနိုင်က မျက်ထောင့်နီကြီးနဲ့ ကြည့်၍

"ငါ့ကို ပြန်ကြိုက်မယ့်သူမရှိဘူးလို့ မင်းကို ဘယ်သူပြောလဲ"

"ဒါကတော့ ဘယ်သူပြောပြော မပြောပြော ငါအသိဆုံး၊ မင်းနဲ့ ငါနဲ့က အူဝဲဆိုကတည်းက ဖက်ပြီး ကြီးလာတာပါကွာ၊ မင်းအ ကြောင်းကို မင်းအမေထက်တောင် ငါက ပိုသိသေးတယ်"

မင်းနိုင်က ထူးခန့်စကားကြောင့် ဟက်ဟက်ပက်ပက် ရယ် သည်။

www.burmeseclassic.com

www.burmeseclassic.com



ထူးခန့်က

"မင်းက ဘာရယ်တာလဲ"

"မင်းကို ရယ်ချင်လို့ပါ"

"ဘာလို့လဲ"

"သြော် ဘာမှတော့ မဟုတ်ပါဘူး၊ မင်းက ဒီနေ့ကျမှ အရက်သောက်ပြီး ထူးထူးခြားခြား အချစ်အကြောင်းတွေ ဘာတွေ ပြောနေလို့ပါ၊ ပြီးတော့ မင်းကို အချစ်နဲ့ပတ်သက်ပြီး အတွေ့အကြုံမရှိဘူး ပြန်ပြောတော့ နာသေးတယ်၊ ဘာလဲ မင်း G-talk မှာတွေ့တဲ့ ကောင်မလေးကို ကြိုက်နေလို့လား"

ထူးခန့်က မလုံမလဲ အမူအရာနှင့်

"ဟာ ဘာဆိုင်လို့လဲ၊ ရုပ်တောင် မမြင်ဖူးတဲ့ဟာကို"

"ဆိုင်တာ မဆိုင်တာတော့ မသိဘူးလေ၊ မင်းတို့လို G-talk ပြောတဲ့ကောင်တွေက ဒီလိုပဲ ရူးတိရူးကြောင်တွေ ဖြစ်တတ်ကြတာပဲ၊ ကိုယ်နဲ့ပြောတဲ့ ဟိုဘက်က ဖြူသလား၊ မည်းသလား မသိ၊ ယောက်ျားမှန်းမသိ မိန်းမမှန်းမသိဘဲ စွတ်ကြွေချင် ကြွေနေကြတာ၊ တချို့တွေကျတော့ ဟိုဘက်က ပို့တဲ့ဓာတ်ပုံတွေကြည့်ပြီး ခံစား၊ ပြီးတော့ အပြင်မှာ ချိန်းပြီး အဟုတ်ကြီးမှတ်လို့ သွားတွေ့၊ တကယ့် တကယ်တမ်းလည်း တွေ့ရော ဓာတ်ပုံထဲကလို မဟုတ်ဘဲ ဝတုတ်ပြဲ အသားမည်းတုံးကြီးလည်း ဖြစ်နေရော ဖိနပ်တောင် မပါဘဲ ပြန်ပြေးလာကြတဲ့ လူတွေ အများကြီးလေ၊ ဟုတ်တယ်မလား မင်းက ဒါတွေ ငါ့ထက်ပိုသိပါတယ်"

ထူးခန့်က ရယ်သည်။ မင်းနိုင်ပြောတဲ့ကိစ္စတွေကလည်း G-





talk လောကမှာ အများကြီးရှိနေ၍ ဘာမှပြန်ပြောလို့တော့ မရပေ။

သို့သော်

"မင်း အဲဒီလိုတော့ ဝါးလုံးချေးသုတ်ပြီး မရမ်းနဲ့လေ၊ G-talk ပြောတဲ့ လူတိုင်း အဲဒီလိုတော့ မဟုတ်ပါဘူး၊ အများစုက စီးပွားရေး လူမှုရေးကိစ္စတွေအတွက် အသုံးပြုနေကြတာပါ၊ မင်း ပြောသလိုဆို G-mail တို့၊ E-mail တို့က ဖွန်ကြောင်ဖို့ တစ်ခုတည်းအတွက် အဲဒီဝက်ဆိုက်တွေကို တီထွင်ထားသလို ဖြစ်နေမှာပေါ့"

ဟု ကာပြောလေး ပြောလိုက်၏။

ထူးခန့်စကားဆုံးတော့ မင်းနိုင်က ချက်ချင်း လက်ကာပြကာ

"ငါကလည်း အားလုံးကို ဆိုလိုတယ်လို့ မပြောပါဘူး၊ မင်းလို G-talk ကို လေပန်းဖို့တစ်ခုအတွက် အသုံးပြုနေသူတွေကို ပြောတာပါ"

"ဟော့ကောင် အဲဒါလည်း ကိုယ့်ဖီလင်နဲ့ကိုယ်ပဲ၊ အဲဒီလို ဖီလင်မျိုးကို မင်းမှ မသိတာ"

"မသိလည်း နေပါစေကွာ၊ သိလည်း မသိချင်ပါဘူး၊ သိချင်လို့လည်း ပိုက်ဆံမရှိတော့ သိလို့မရဘူး"

"အဲဒါဆို ကိုယ်မသုံးတိုင်း သူများသုံးတာကို ပုတ်ခတ်စကားမပြောနဲ့"

"ပြောတာမဟုတ်ဘူး ဝေဖန်တာ"

"ဝေလည်း မဝေဖန်နဲ့ကွာ၊ ဝေဖန်တယ်ဆိုတာ ကိုယ်ကိုယ်တိုင်သိမှ တတ်မှ ဝေဖန်လို့ ကောင်းတာ၊ မသိဘဲ မတတ်ဘဲ ဝေဖန်ရင် အဲဒါ ဝေဖန်တယ်လို့ မခေါ်ဘူး၊ တတ်ယောင်ကား လျှောက်ပြောတယ်လို့ ခေါ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တာ မဟုတ်တာ အသာထား။ စကားအရာမှာ အနိုင်ရရင်ပြီးရော လျှောက်ပြောလိုက်သည်။

မင်းနိုင်က အရက်ခွက်ကို မ၍

"တော်ပြီကွာ အရည်မရ အဖတ်မရတွေ ပြောပြီး ငြင်းမနေတော့ဘူး၊ အရက်သောက်တာပဲ ကောင်းတယ်"

ထူးခန့်လည်း အရက်ခွက်ကို ကောက်ကိုင်လိုက်ပြီး

"ဒါပဲကောင်းတယ်" ဟု ဆိုကာ တစ်ချက်ထဲ မော့ချလိုက်၏။

ရင်ထဲမှာ ပူခနဲ ထူခနဲ။

"အား အရက်ပဲ သစ္စာရှိတယ်၊ ဘယ်တော့သောက်သောက် ဒါပဲ"

ဟု နှစ်ယောက်စလုံး ပြောလိုက်မိ၏။

ထို့နောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အားရပါးရ ရယ်လိုက်မိပါတော့သည်။

♥♥♥





## အခန်း (၂)



www.burmeseclassic.com

www.burmeseclassic.com



'မြူလင်းခ' ကွန်ပျူတာတစ်လုံးနှင့် အလုပ်ရှုပ်နေသည်။ ဂျပန်ကနေ သူ့ဆီကို ပို့လိုက်တဲ့ G-mail တွေကို စစ်နေခြင်းဖြစ်သည်။ တခြားသူမဟုတ်။ ကိုကိုနိုင့်ဆီက။ ကိုကိုနိုင်ဆိုတာ သူမနဲ့ အီစီကလီ။ မိဘတွေချင်းလည်း ရင်းနှီးသည်။ ပညာတတ်၊ ဉစ္စာပေါ။ ရုပ်ရည်ကတော့ သိပ်မချောလှပေ။

ကိုကိုနိုင့် G-mail တွေကတော့ ထုံးစံအတိုင်းပင် ဖြစ်သည်။

သူမကို ဘယ်လောက် လွမ်းကြောင်း၊ ဘယ်လို သတိရကြောင်း စသည်ဖြင့်။

ဂျပန်မှာ မြူနှင်းတွေ ကျတိုင်း မြူလင်းခကို သတိရကြောင်း ဆိုတာလည်း ပါသည်။ တစ်ခါတစ်ရံ ကိုကိုနိုင်က ဒီလိုပဲ ကဗျာဆန်



တတ်သည်။ တစ်ခါတစ်ရံကျတော့ တစ်ဖွတ်ထိုး။ တစ်ခါတလေ ပေါကြောင်ကြောင်။

နောက်ပြီး မြူလင်းခ ကြိုက်တဲ့ အင်္ဂလိပ်သီချင်းလေးတွေလည်း စုပြီး ပို့လိုက်ကြောင်းလည်းပါ၏။ မြန်မာနိုင်ငံမှာ သီချင်း အသစ်တလေးတွေ ပေါ်နေရင်လည်း လှမ်းပို့ပေးစေလိုကြောင်းပါ ရေးထားသည်။

မြူလင်းခ ပြုံးလိုက်သည်။ ထို့နောက် ကိုကိုနိုင်နဲ့ ဆက်သွယ်နေတဲ့ G-mail account ကို ပိတ်လိုက်ကာ သူမ G-mail account တွေထဲက နောက်တစ်ခုကို ဖွင့်လိုက်ပါတော့သည်။

ထိုသို့ ဖွင့်လိုက်သောအခါ။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



**သူမ** ဖွင့်လိုက်သော account name သည် online ချိတ်မိသွားပြီး ခဏအကြာ

"ဒီနေ့ ဓာတ်ပုံပို့ပေးမယ်ဆိုလို့ စောင့်နေတာ"

ထို message ကိုမြင်တော့ သူမ ပြုံးလိုက်၏။ မနေ့က သူမ ပို့လိုက်တဲ့ ဓာတ်ပုံကိုကြည့်၍ လူမမြင်ရသောကြောင့် အားမလို အားမရဖြစ်နေတဲ့သူ။

ဘာတဲ့၊ သူ G-talk name က

snowking တဲ့။

သူမ တွေးနေစဉ်မှာပဲ ဟိုဘက်က message တစ်စောင် ထပ် ရောက်လာ၏။

[redacted]



Snowking "ဟေး ပြောနေတယ်လေ"

သူမ စာပြန်ရိုက်လိုက်သည်။

Aprilrain "ကြားပါတယ်ရှင် ပြောပါ"

Snowking "ဓာတ်ပုံပို့ပေးမယ်ဆို"

Aprilrain "ဘာလို့ ဓာတ်ပုံကို အဲ့ဒီလောက် လိုချင်နေရတာလဲ"

Snowking "ကြည့်ချင်လို့ပေါ့"

Aprilrain "I ရုပ်က ဆိုးပါတယ်လို့ ပြောပြီးသားပဲ၊ ဘာလို့ ဒီလောက်ကြည့်ချင်နေရတာလဲ"

Snowking "ရုပ်ဆိုးတာ၊ ရုပ်ချောတာ အဓိကမကျဘူးလို့ ပြောပြီးသွားပြီလေ"

Aprilrain "ဒါဆိုလည်းပြီးရောပေါ့၊ ဓာတ်ပုံ ဘာလို့ လိုသေးလဲ"

ဟိုဘက်က ငြိမ်ကျသွားသည်။ ဘာပြန်ရိုက်ရမလည်း စဉ်းစား နေပုံရ၏။

ခဏကြာတော့မှ စာပြန်ပေါ်လာသည်။

Snowking "ကျွန်တော့်ကို ခင်လား"

သူမ ဟက်ဟက်ပက်ပက် ရယ်မောပစ်လိုက်သည်။ သူမရဲ့ အိပ် ခန်းထဲမှာဖြစ်နေ၍ သူမ ရယ်မောသံကို ဘယ်သူမှ မကြားနိုင်ပေ။

ထို့နောက် သူမ စာပြန်ရိုက်လိုက်သည်။ တစ်လုံးတည်း။

Aprilrain "အင်း"

Snowking "ကျွန်တော်လည်း ခင်တယ်"

Aprilrain "အင်း"

Snowking "အဲဒါဆို ဓာတ်ပုံပေး"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်က ဘယ်လိုပြောပြောမရပေ။ ဖွတ်။

G-talk မှာ စကားပြောဖြစ်တာမှ နှစ်ခါလားပဲ ရှိသေးသည်။ ဓာတ်ပုံတစ်ပုံကို လူနာအမဲခြောက်တောင်းသလို တောင်းနေတာ ဒီတစ်ယောက်ပဲ ကြုံဖူးသေး၏။ မသကာရှိ တစ်ပတ်လောက် စကားလေး ဘာလေး ပြောပြီးမှတောင်း တော်သေး၏။ အခုတော့ အစိမ်းကြီး။

သူမကလည်း သူမပင်။

ဟိုဘက်က ဓာတ်ပုံ စ,တောင်းတုန်းက စချင်နောက်ချင် စိတ်ဖြင့် ပို့ပေးမယ်ဟု ကတိပေးကာ လူမမြင်ရတဲ့ပုံကိုမှ ရွေးပြီး ပို့လိုက်မိ၏။ အခုတော့ အရှုး အမဲသားကျွေးသလို ဖြစ်နေပြီ။

Snowking ကြည့်ရတာ Internet ကို စသုံးတာ သိပ်ကြာသေးပုံလည်း မပေါ်ပေ။ ထို့ကြောင့် G-talk မှာသူနဲ့ စကားပြန်ပြော သူ သိပ်ရှိသေးပုံမရ။ ရေရေရာရာ ပြန်ပြောတာဆိုလို့ သူမတစ်ယောက်ပဲ ရှိသေးပုံရ၏။ ထို့ကြောင့် သူ့ကို ပြန်ပြောသော သူ့အား ဘယ်လိုပုံစံမျိုး ရှိတယ်ဆိုတာ သိလိုစိတ်ပြင်းပြရုံတင်မက အတင်း ဖက်တွယ်ထားပုံလည်း ရ၏။

G-talk ပါးမဝသေးသည့်သဘော။

သူမ တွေးနေတာ နည်းနည်းကြာသွား၍ ဟိုဘက်က စာထပ် ပို့လာ၏။

Snowking “ဟေး ဘာလုပ်နေတာလဲ စကားမပြောချင်တော့ ဘူးလား”

Aprilrain “မဟုတ်ပါဘူး၊ ဓာတ်ပုံပို့မလို့ စဉ်းစားနေတာပါ”





Snowking “oh! thz”

Aprilrain “ဒါပေမယ့် ပို့လို့မရဘူးဖြစ်နေတယ်”

Snowking “ဟမ် ဘာဖြစ်လို့လဲ”

Aprilrain “မပို့တတ်လို့”

Snowking “ဟိုတစ်နေ့က ပို့သလိုပဲပို့ပေါ့”

သူမ ပြုံးလိုက်မိ၏။ စချင်နောက်ချင်စိတ်ကလည်း ရင်ထဲသို့ အတိုင်းမသိ တိုးဝင်လာ၏။ ထို့နောက်

Aprilrain “ဟိုတစ်နေ့က ဆိုင်က ဦးလေးကြီး လုပ်ပေးတာ၊ ဒီနေ့ အဲ့ဒီဦးလေးကြီး မရှိဘူး”

“------------”

“------------”

“------------”

Snowking “ဩော် အခု ဆိုင်မှာလား”

Aprilrain “ဟုတ်တယ် ဆိုင်မှာ”

Snowking “ဘယ်နားမှာလဲ”

သူမက Internet ကို အိမ်မှာ ချိတ်ထားသူဖြစ်၍ ဆိုင်တွေကို သိပ်မသွားဖြစ်ချေ။ သွားရင်းလာရင်း ကိစ္စအရေးကြီးမှသာ ဝင်သုံးဖြစ်သည်။ ထို့ကြောင့် ဘယ်ဆိုင်တွေက ဘယ်နားတွေမှာ ရှိမှန်း သူမ မသိချေ။ ဒီခေတ်ကြီးကလည်း Internet ဆိုင်တွေက မိုးဦးကျ မှိုတွေလို ဟိုနားတစ်ခု၊ ဒီနားတစ်ခု ပေါ်များလှ၏။ တချို့နေရာတွေဆို ဓာတ်မှတ်တိုင်တစ်ခုနဲ့တစ်ခုကြားမှာတင် သုံးလေးငါးဆိုင် ထပ်နေသည်။ ထို့ကြောင့် နာမည်နှင့်ဆိုင်ကို တွဲပြီး မမှတ်နိုင်ပါ။ နာမည်



www.burmeseclassic.com

www.burmeseclassic.com



ပြောရုံနဲ့ နေရာမသိနိုင်သလို နေရာညွှန်ပြရုံနဲ့ နာမည်ကို တန်းပြီး မသိနိုင်။

ထို့ကြောင့် Snowking ၏ အမေးစကားကို ဤသို့ တုံ့ပြန်လိုက်၏။

Aprilrain "နေရာပြောတော့ရော ယူက သိမှာမို့လို့လား"
Snowking "ပြောကြည့်လေ သိချင်သိမှာပေါ့"
Aprilrain "ယူ အရင်ပြော"
Snowking "ဘာပြောရမှာလဲ"
Aprilrain "ပြောချင်တာပြော၊ အဲ ခဏနေဦး၊
ယူနေတဲ့ နေရာ အရင်ပြော"
Snowking "တ-ဥက္ကလာမှာနေတာ"
Aprilrain "ဪ"
Snowking "အခုလာသုံးနေတဲ့ဆိုင်က ကျွန်တော်တို့ လမ်းထိပ်မှာ"
Aprilrain "ဪ"
"-----------"
"-----------"
"-----------"

ဟိုဘက်က တော်တော်နဲ့ စာထပ်ရိုက်မလာ၍ သူမကပဲ ဆက်မေးလိုက်သည်။

Aprilrain "ယူ ကျောင်းပြီးသွားပြီလား"
Snowking "မပြီးသေးဘူး နောက်ဆုံးနှစ်၊ ယူ?"
Aprilrain "I က ဒုတိယနှစ်"



Snowking "ဘာမေဂျာလဲ"
Aprilrain "သချာင်္၊ ယူ?"
Snowking "ကျွန်တော်က Physics"
Aprilrain "ဪ"
Snowking "ကျွန်တော့်ကိုလည်း ယူနေတဲ့ နေရာပြောပြ"
Aprilrain "ဗဟန်း"
Snowking "ဪ ဗဟန်းက အကျယ်ကြီး ဘယ်နားလဲ"
Aprilrain "မပြောပြပါဘူး သိချင်စုံစမ်း"
Snowking "အဲဒါဆို ဆိုင်နာမည်ပြော"
Aprilrain "အဲဒါလည်း မပြောဘူး"
Snowking "ဘာလို့လဲ"
Aprilrain "ယူ့က ရောက်လာရင် ဘယ်လိုလုပ်မလဲ"
Snowking "မုန့်ဝယ်ကျွေးလိုက်ပေါ့"
Aprilrain "I က ယူတို့လို မချမ်းသာဘူးလေ၊ ပိုက်ဆံမရှိဘူး"
Snowking "ကျွန်တော်လည်း မချမ်းသာပါဘူးဗျာ၊
ဒါပေမယ့် မုန့်တော့ ဝယ်ကျွေးနိုင်ပါတယ်"

သူမ အားရပါးရ ရယ်မောပစ်လိုက်၏။ ရိုက်မစစ်ပါဘဲနှင့် ကိုယ့်ဘာသာကိုယ် မချမ်းသာပါဘူးဟု အတင်းပြောနေသော Snowking ကိုပါ။

သူမ Snowking ကို ထပ်ပြီး စချင်စိတ် ပေါ်လာသည်။ ထို့ကြောင့် အတွေးတစ်ခု ဝင်လာကာ

Aprilrain "ဒါတွေထားလိုက်ပါတော့၊

www.burmeseclassic.com



ယူက မုန့်ဝယ်ကျွေးမယ်ဆိုတော့ ယူ့ဆီမှာ I ရဲ့
အကြွေးရှိတယ်လို့ မှတ်ထားလိုက်ပေါ့ ဟုတ်လား"

Snowking "ဟုတ်ကဲ့ ကြိုက်တဲ့အချိန် တောင်းပါ"

Aprilrain "ဒါဆို I ဆီမှာရော ယူ့အကြွေးရှိလား"

"------------"

"------------"

Snowking "ရှိတယ်"

Aprilrain "ဘာလဲ"

Snowking "ဓာတ်ပုံပေး"

ကြိုတင်သိနေသောစကားပါ။ ထိုစကားကြားရအောင်လည်း သူမ မေးလိုက်ခြင်းပါ။ Snowking ဆိုတဲ့ ကောင်လေးကလည်း တစ်ရေးနိုး ပါးရိုက်မေးရင်တောင် ဒီစကားပဲ ပြောမှာ သေချာသည်။ သူမက

Aprilrain "ဒါဆို ခဏစောင့်မလား I ပို့လိုက်မယ်"

Snowking "ဟာ စောင့်မယ် စောင့်မယ်၊
ဘယ်လောက်ကြာကြာ စောင့်မယ် ရတယ်"

သူမ ဒစ်ဂျစ်တယ် ကင်မရာတစ်လုံးကို လှမ်းယူလိုက်၍ ထိုင်နေရင်းနှင့် သူမပုံကို သူမ စိတ်ကြိုက်ပြန်ရိုက်ယူသည်။ ထွက်လာသော ပုံတွေထဲမှာ သူမ စိတ်တိုင်းကျသော ပုံတစ်ပုံကို ကွန်ပျူတာသို့ ကူးယူလိုက်၏။

ထို့နောက် Snowking ၏ G-mail ထဲသို့ လှမ်းပို့လိုက်ပါတော့သည်။ ပို့ပြီးသွားတော့



Aprilrain "ပို့လိုက်ပြီ တော်ကြာရောက်လိမ့်မယ်"

ဟိုဘက်က ချက်ချင်း စာပြန်မရိုက်နိုင်သေးပေ။ အပျော်လုံး ဆို့သွားပုံရ၏။ ခဏကြာတော့မှ

Snowking "oh! thz a lot."

သူမ G-talk ကို ပိတ်ပစ်လိုက်တော့၏။ သူမ ပို့လိုက်တဲ့ ဓာတ်ပုံကို ကြည့်ကာ ဟိုဘက်က ဖြစ်သွားမယ့် ခံစားချက်ကို တွေးကြည့်ပြီး ပြုံးလိုက်၊အသည်းလိုက် ရယ်လိုက်မိ၏။

ထို့နောက် ကျေနပ်စွာဖြင့် သူမ အခန်းထဲက ထွက်လာခဲ့လိုက်ပါတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



**ထူးခန့်** ကွန်ပျူတာဖန်သားပြင်ပေါ်တွင် ပေါ်လာသော ဓာတ်ပုံကို ကြည့်ကာ ကြောင်တောင်တောင်ကြီး ဖြစ်နေ၏။ သေချာရဲ့လားဆိုပြီး မျက်စိနှစ်လုံးကို ပွတ်ပြီး ပြန်ကြည့်လိုက်သေး၏။ ဒီပုံစံက ဒီပုံစံပင်ဖြစ်သည်။ ပြောင်းလဲသွား ခြင်းမရှိ။

ဓာတ်ပုံက မိန်းကလေးတစ်ယောက်ပုံဖြစ်၏။ ညဝတ်အင်္ကျီလိုလို အိမ်နေရင်းဝတ် အင်္ကျီလိုလို ဝတ်ကာ စားပွဲတစ်လုံးရှေ့မှာ ထိုင်ရင်း ရိုက်ထားသော ပုံဖြစ်သည်။

သို့သော် ခေါင်းပါမလာပေ။ မေးစေ့အောက် လည်ပင်းနားက စ၍ တိတိကြီး ပြတ်ကာနေ၏။ ထူးခန့် မျက်လုံးလေး ပေကလပ် ပေကလပ်နှင့် ထိုဓာတ်ပုံကို ထိုင်ကြည့်နေမိသည်။ အချိန်ဘယ်လောက်ကြာကြာ ထိုဓာတ်ပုံကို ထိုင်ကြည့်နေမိလည်းမသိ။ အနောက်ဘက်က စကားပြောသံကြားမှ ရုတ်တရက် သတိပြန်လည်လာ၏။

"မင်း ဓာတ်ပုံက မိုက်လှချည်လား ထူးခန့်ရ၊ ကိုယ်လုံးကိုယ်ပေါက်လေးတော့ ဆိုးပုံမရပါဘူး"

ခပ်သောသော ရယ်မောရင်း ပြောသွားသော ကိုစောဦးကို လှည့်ကြည့်၍

"မနောက်ပါနဲ့ ကိုစောရာ၊ ဒီမှာ စိတ်ညစ်ရတဲ့အထဲ"

ကိုစောဦးက ပိုက်ဆံရှင်းသူတစ်ယောက်ကို အကြွေပြန်အမ်းရင်းက

"စိတ်ညစ်မနေနဲ့ ကိုယ့်လူ၊ အဲ့ဒါ အခုမှ အစပဲရှိသေးတာ၊ နောက်ဆို မင်း ဒီ့ထက် စိတ်ညစ်စရာတွေ ပျော်ရွှင်စရာတွေ ရလာဦးမှာ'

ထူးခန့် ဘာမှ ပြန်မပြောတော့ဘဲ ခေါင်းမပါတဲ့ ဓာတ်ပုံကြီးကိုသာ စိတ်ဝင်တစား ပြန်စိုက်ကြည့်နေလိုက်သည်။ ခေါင်းမပါတော့ မျက်နှာကို မမြင်ရ၊ ထို့ကြောင့် ရုပ်ရည်အခြေအနေက ဘယ်လိုအနေအထားရှိမှန်း မသိပေ။ ထို့ကြောင့် မြင်ရတဲ့ အစိတ်အပိုင်းတွေကိုသာ သေချာစေ့စပ်စပ်ကြည့်၍ သုံးသပ်ရသည်။

အသားအရေကတော့ မြင်ရတဲ့ လည်ပင်းနဲ့ လက်နှစ်ဖက် အခြေအနေအရ ဖြူဝင်းဝင်းလေးဖြစ်သည်။ တစ်နည်းဆိုရလျှင် အသားအရေလှသည်ဟု ဆိုရမည်။ ဒါတောင် လက်နှစ်ဖက်လုံးကို အကုန်မြင်ရတာမဟုတ်။ တစ်တောင်ဆစ်ကျော်ကျော်လောက်ကလေးသာ ဓာတ်ပုံထဲမှာ ပါ၏။ ကြည့်ရတာ ကင်မရာကို လက်နှစ်ဖက်နဲ့ ကိုင်ပြီး







www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာကိုယ် ပြန်ရိုက်ထားပုံရ၏ဟု သူ တွေးလိုက်၏။

နောက်တော့ ကိုယ်လုံးကိုယ်ပေါက်။

မှန်းဆရန် တော်တော် ခက်ခဲသည်။ လူက ငုတ်တုတ်ထိုင်နေ
သည့်အပြင် စားပွဲတစ်ခုက ကွယ်နေသောကြောင့်တစ်ကြောင်း၊ အကျီ
ခပ်ပွပွကို ဝတ်ဆင်ထားသောကြောင့်တစ်ကြောင်း ဘယ်လိုမှ ခန့်မှန်း
လို့မရနိုင်။

တစ်ခုတော့ရှိသည်။

အားလုံးကို ခြုံကြည့်လိုက်ရင်တော့ ရုပ်ပျက်ဆင်းပျက် ဝတုတ်
ကြီး မဖြစ်နိုင်ဘူးဟုတော့ တွေးဆကြည့်လို့ရ၏။

ဒါလေးတစ်ခုကတော့ စိတ်ကျေနပ် ဖြေသိမ့်စရာလေးတစ်
ဖြစ်ပါသည်။





သူငယ်ချင်းတွေရဲ့ ဟားတိုက်ရယ်မောသံကို ကျေကျေ
နပ်နပ်ကြီး နားဆင်ရင်း သူမ ပျော်နေမိ၏။ ကေခိုင်က အရယ်တင်
ဝက်နှင့် သူမကို စကားလှမ်းပြောသည်။

"နင်ကတော့ တကယ်ပဲ သိလား၊ တတ်လည်း တတ်နိုင်တယ်"

မေစိုးက လက်ဖက်သုပ်တစ်ဇွန်းနှိုက်ရင်းက

"ဟုတ်တယ် ဟုတ်တယ် တော်တော်ရယ်ရတယ်၊ နင်က"

မြူလင်းခက ကြက်သွန်ဖြူဥလေးတွေကို စနစ်တကျခွာပြီး
လက်ဖက်သုပ်ပန်းကန်ထဲ ထည့်လိုက်၏။ ပြီးနောက် လက်နှစ်ဖက်ကို
အချင်းချင်း ရိုက်၍ ခါလိုက်ကာ

"နင်တို့ပဲ စဉ်းစားကြည့်ဟယ်၊ နင်တို့လည်း G-talk ပြောဖူ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ ဓာတ်ပုံတစ်ပုံကို နှစ်ခါသုံးခါ စကားပြောဖူးရုံနဲ့ အတင်းသရဲမရဲ တောင်းတဲ့သူ ဒီတစ်ခါပဲ ကြုံဖူးသေးတယ်"

ကေခိုင်က ရယ်၍ မေစိုးကို လက်ညှိုးထိုးပြီး

"ဒါဆို နင်က တော်သေးတယ်လို့ ဆိုရမှာပေါ့ လင်းလင်းရယ်၊ မေစိုးအဖြစ်ဆို ပိုဆိုးတယ်"

မြလင်းခက မေစိုးဘက် လှည့်ကြည့်လိုက်ကာ

"ဟဲ့ မေစိုး နင် ငါနဲ့မတွေ့တဲ့ ရက်တွေအတွင်းမှာ ဘာတွေဖြစ်ခဲ့လဲ ပြောစမ်း"

"ဘာမှ မဖြစ်ပါဘူးဟယ်၊ အဲ့ဒီကောင်မ လျှောက်ပြောနေတာ"

မေစိုးစကားကြားတော့ ကေခိုင်က မျက်နှာလေးကို ချိုကာ ချိုကာနှင့်

"ဘာလျှောက်ပြောရမှာလဲ ဘာလျှောက်ပြောရမှာလဲ၊ နင်ပဲ ငါ့ကို ဟိုငတိအကြောင်း ပြောပြပြီးတော့"

မေစိုး ခေါင်းငုံ့သွားကာ တခိခိနဲ့ ရှက်ရယ်ရယ်နေသည်။ ဒါဆို သူမ မသိသေးသည့် ကိစ္စတစ်ခုခု ရှိနေပြီဆိုတာ မြလင်းခ သိလိုက်၏။

ထို့ကြောင့်

"မပြောချင်လည်းရတယ်လေ၊ နင်မပြောဘူးဆို နင်လိုချင်တဲ့ အလှကုန်တွေ ငါ့အဒေါ်ဆီ လှမ်းမမှာပေးဘူး"

မေစိုးက မကျေမနပ် လှမ်းကြည့်ကာ

"နင်က အကြပ်ကိုင်တယ်ပေါ့ ဟုတ်လား"

"ကိုင်သင့်ကိုင်ရမှာပေါ့၊ နင်က ငါ့ကိုတောင် ပြောမပြဘူးဆိုတော့ ငါ့ကို မခင်လို့ပေါ့"

မြလင်းခ စကားဆုံးတော့ ကေခိုင်က ဝင်၍

နိုး မိုး ၀၁ ၄ ၀



"ပြောပြလိုက် ပြောပြလိုက်၊ တော်ကြာ နင့် အလှပြင်ဆိုင်အတွက် မှာထားတဲ့ ပစ္စည်းတွေ မရဘဲ နေဦးမယ်"

မေစိုးက ကေခိုင့်ကို မျက်စောင်းလှမ်းထိုးကာ

"ကောင်စုတ်မ နင့်ကြောင့်"

"ဟိဟိ လက်ဖက်သုပ်လေးက စားလို့ ကောင်းလိုက်တာ"

"သေလိုက်"

မြလင်းခ စိတ်မရှည်စွာနဲ့ ဝင်ပြီး

"ကဲပါ ရန်ဖြစ်မနေနဲ့ ပြောမှာသာ ပြောစမ်းပါ"

မေစိုးက မတတ်သာသည့်အဆုံး ပြောပြလိုက်ရတော့သည်။

"ဒီလိုဟယ်၊ ငါနဲ့ G-talk မှာ စကားပြောဖြစ်တဲ့ ငတိတစ်ကောင်ရှိတယ်သိလား၊ သူကတော့ နင့်အကောင်လို ဓာတ်ပုံတွေ ဘာတွေတော့ မတောင်းဘူးဟဲ့၊ စကားပြောတဲ့ရက်တွေ ကြာလာတော့ ငါ့ကို ဘာအလုပ်လုပ်လဲလို့ မေးတယ်၊ ငါကလည်း အလှပြင်ဆိုင် ဖွင့်ထားတယ်လို့လည်း ပြောလိုက်ရော ငါ့ကို အပြင်မှာ တွေ့ချင်တယ်တဲ့"

"အဲဒါနဲ့ နင်က သွားတွေ့လိုက်ရောလား"

"ငါ အဲဒီလောက် ဈေးမပေါပါဘူးဟယ်၊ နင်ကလည်း အထင်သေးလိုက်တာ"

"ကဲပါ ထားပါတော့၊ ဆက်ပြောပါဦး"

"အဲဒါနဲ့ ငါလည်း ကြည့်ကောင်းအောင် ပြောပြီး အချိန်ဆွဲထားတာပေါ့ဟာ၊ ဒါပေမယ့် သူက မရဘူးဟ၊ တွေ့ချင်တယ်ပဲ ပြောနေတာ၊ တွေ့တိုင်း ဒါပဲပြောနေတာ"

"နင်က ငါ့ထက် ပိုဆိုးနေပါလား၊ ဟိုက ဓာတ်ပုံလေးပဲ တောင်း

နိုး မိုး ၀၁ ၄ ၀

www.burmeseclassic.com

www.burmeseclassic.com



လို့ တော်သေးတယ်"

ကေခိုင်က ဝင်၍

"အေးလေ အဲဒါကြောင့် ငါပြောတာပေါ့။ နင့်ထက် ပိုဆိုးတယ်လို့"

"ဒါနဲ့ ဘာဆက်ဖြစ်လဲ ပြောပါဦး"

မေစိုးက ရှက်ပြုံးလေး ပြုံးလိုက်ရင်း

"ဒါနဲ့ ငါလည်း ကြာတော့ အားနာတာနဲ့ လိုက်လျှောမိတယ်"

"ဟိုက သူ့ဓာတ်ပုံကို ပို့ပေးလိုက်တာလည်း ထည့်ပြောဦးလေ"

ကေခိုင်က ဝင်ပြောလိုက်ခြင်းပါ။ မေစိုးက မျက်စောင်းထိုးသည်။ မြူလင်းခ ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး

"ငါ သဘောပေါက်ပြီ၊ အဲဒီဓာတ်ပုံလေးကို ကြည့်ပြီး ကြွေသွားတာနဲ့ သွားတွေ့လိုက်တယ် ဆိုပါတော့"

မေစိုးက ရှက်ရယ်,ရယ်ရင်း

"ထားပါတော့ဟယ် နင်ပြောသလိုပဲ ငါရင်ခုန်သွားတာ အမှန်ပဲ၊ သူ့ပုံစံက ကိုရီးယားမင်းသားလေးကျနေတာပဲဟယ်၊ အသားလေးတွေများ ဝင်းပြီး အိနေတာ၊ ဆံပင်လေးက အီမိုပုံစံလေးနဲ့"

"ဒါနဲ့"

မြူလင်းခက စကားထောက်ပေးလိုက်သည်၊ မေစိုးက ဆက်ပြောသည်။

"ဒါနဲ့ ငါလည်း ပျော်ပြီး သွားတွေ့လိုက်တာ အခြောက်ကြီး ဖြစ်နေတယ်ဟယ်"

"ဟေ"

မြူလင်းခ မျက်လုံးပြူးသွားသည်။ ကေခိုင်က အားရပါးရ ရယ်သည်။

ဦး : မို : ၈ ၁ ၉ ၆



မေစိုးက

"ဟုတ်တယ်ဟယ် အခြောက်ကြီး၊ အခြောက်မှ တကယ့်အခြောက်စစ်စစ်၊ ရေတောင် မရောဘူး"

"ဒါနဲ့ နင့်ကို ဘာလို့ ချိန်းသေးလဲ၊ အခြောက်ဆိုရင် ယောကျ်ားအချင်းချင်း ချိန်းမှာပေါ့"

"ငါလည်း အဲဒါကို သိချင်လို့ မေးကြည့်တော့ သူက ငါ့အလှပြင်ဆိုင်မှာ ဝင်ပြီး အလုပ်လုပ်ချင်လို့တဲ့ သေရော"

အားလုံး အားရပါးရ ဝိုင်းရယ်လိုက်ကြ၏။ တော်တော်နဲ့ ရယ်လို့ မပြီးပေ။

မြူလင်းခက အရယ်တစ်ဝက်နှင့်

"နင့်ဟာက အခြောက်ဆိုတာရော သေချာလို့လား မေစိုးရယ်"

"သေချာတာမှ သိပ်သေချာတာပေါ့ဟယ်၊ စကားပြောတာဆိုတာကအစ လုံးဝ မိန်းမအိုက်တင်နဲ့၊ ပြီးတော့ နှုတ်ခမ်းနီတောင် ဆိုးလာလိုက်သေးတယ်"

မြူလင်းခ ဆက်ပြီး မရယ်နိုင်တော့ချေ။ ရယ်ရလွန်းလို့ မောနေပေပြီ။

"နင်က ဓာတ်ပုံကြည့်တုန်းက ဒါတွေ မသိဘူးလား"

"ဓာတ်ပုံထဲမှာတော့ ဘယ်သိမလဲဟဲ့၊ အဲဒီထဲမှာက ယောကျ်ားတစ်ယောက်လို အိုက်တင်ပေးပြီး ရိုက်ထားတာကိုး၊ အဲဒီ ဓာတ်ပုံကလည်း သူမော်ဒယ်သင်တန်းတက်တုန်းက ရိုက်ထားတာတဲ့"

"ကျွတ် ကျွတ် ကျွတ် ဖြစ်မှဖြစ်ရလေ မေစိုးရယ်"

မေစိုးက မြူလင်းခကို ကြည့်၍

"အေးပါ ပြောပါ နင့်အလှည့်ကျမှ ငါ့လို အပုန်းကြီးနဲ့ မတွေ့ပါ

ဦး : မို : ၈ ၁ ၉ ၆

www.burmeseclassic.com

www.burmeseclassic.com



စေနဲ့လို့ ဆုတောင်းတယ် သိလား"

မြူလင်းခက မေဖိုးစကားကြောင့် ခေါင်းကို မော့ကာ ရယ်ပစ်လိုက်ပြီး

"ဟား ဟား ဟား ငါတို့က G-talk မှာ chatting ထိုင်တယ် ဆိုတာ အပျင်းပြေ အပျော်သဘောထိုင်တာဟဲ့ ရင်ဘတ်မပါဘူး"

"အေးပါ အေးပါ ပြောထား၊ တကယ်ပါတော့မှ ရင်ဘတ်တင် မဟုတ်ဘူး ကလီစာပါ တစ်ခါတည်း ပြုတ်ပါသွားမယ်"

ကေခိုင်က စိတ်မရှည်နိုင်စွာ ဝင်၍

"ကဲပါ နင်တို့ဟာ နင်တို့ ဘာပဲပါပါ ပြောမနေနဲ့တော့ ဒီမှာ လက်ဖက်သုပ်ကုန်ပြီ ထပ်သုပ်ဦး"

မြူလင်းခက မျက်စောင်းလှည့်ထိုး၍

"အတော်မ နင်က ငါ့အိမ်လာရင် စားဖို့ပဲ"

အခု သူတို့သူငယ်ချင်းသုံးယောက်က မြူလင်းခအိမ်မှာ ဆုံကြခြင်းဖြစ်သည်။ မြူလင်းခ အမေက အိမ်နောက်ဖက်မှ ထွက်လာပြီး

"သမီးကလည်း သူငယ်ချင်းတွေကို အဲလို မပြောရဘူးလေ ကိုယ့်အိမ်လာလည်တဲ့ဧည့်သည်ပဲ၊ ကဲ သမီးတို့ နန်းကြီးသုပ် အဆင်သင့်ဖြစ်ပြီ စားရအောင်"

"ဟေး ဒါမှ တို့အန်တီကွ"

ဖေမိုးနဲ့ ကေခိုင်က မြူလင်းခကို လှောင်ပြောင်ကြကာ ထရပ်၏။ မြူလင်းခ မျက်စောင်းထိုးလိုက်သည်။

ဒီလိုပဲ သူမအိမ်မှာ သူငယ်ချင်းတွေ ဆုံရင် သူမအမေက တစ်ခုမဟုတ် တစ်ခု လုပ်ကျွေးတတ်ပါသည်။

❤ ❤ ❤

ဦး : မိုး : ၀ ၁ ၉ ၀



# မြူလင်းခ

တို့က ချမ်းသာသည်။ အတိအကျပြောရရင် ပြည့်စုံချမ်းသာသည်ဟု ဆိုရမည်။ သူမ အဖေက နိုင်ငံခြားနဲ့ သွင်းကုန် ထုတ်ကုန် လုပ်သည့် ကုမ္ပဏီကြီးတစ်ခု ပိုင်ဆိုင်ထားသည်။ သူမ အမေက မီးယပ်သားဖွားပါမောက္ခ ဆရာဝန်ကြီးတစ်ယောက်။ နေတာက ရွှေတောင်ကြားမှာ။ သူမက တစ်ဦးတည်းသော သမီး။ ကိုင်း ဘာလိုသေးသနည်း။

သူမ ဘဝက ပြည့်ပြည့်စုံစုံနှင့် အလိုလိုက်မှုပေါင်းများစွာကို ခံယူကာ ပေ့ါပေ့ါပါးပါး ဖြတ်သန်းလာသည်။ ဆယ်တန်းအောင်တော့ နိုင်ငံခြားကိုလွှတ်သည်။ သူငယ်ချင်းတွေနဲ့ မခွဲနိုင်၍ မသွားချင်သေးဘူးဆိုသဖြင့် တက္ကသိုလ်တက်၏။ ပထမနှစ်တက်ပြီးတော့ နေ့တိုင်း

ဦး : ဦး : ၀ ၁ ၆ ၀

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ရတာ ပင်ပန်းသည်ဆို၍ အဝေးသင်ကို ပြောင်းတက်သည်။ ဘဝက ဒါပဲ။ ရိုးစင်းသည်။ တစ်နည်းဆိုရရင် အခက်အခဲမရှိ ပြည့်စုံရိုးစင်းလွန်း၏။ သူမအတွက် ငွေကြေးလည်း မပူရ။ အလုပ်လည်း မပူရ။ ဝမ်းရေးဆိုတာတော့ ထည့်တွက်စရာပင် မလိုတော့ပေ။ စာလုံးပေါင်းပြရင်တောင် မြန်မာစာတတ်လို့ ဖတ်တတ်နေတာဟု တောင် ဆိုရပေမည်။

ဤသို့သော ကောင်မလေးမျိုးသည် သူမတို့ စိတ်ထဲရှိရာ ပျော်ရွှင်တာမှန်သမျှ လျှောက်လုပ်တတ်ကြသည်။ ဥပမာ မိဘက နိုင်ငံခြားကို ပညာသွားသင်ဖို့ လွှတ်တော့ မသွားဘဲ ဒီက အဆိုတော်တွေ၊ မင်းသမီးတွေ နိုင်ငံခြားကို ရှော့ပင်ထွက်ကြတယ်ဆိုတဲ့သတင်းဂျာနယ်တွေမှာ ပါလာတာလည်းတွေ့ရော သူလည်း ရှော့ပင်ထွက်ချင်သည်ဆို၍ အီတလီနဲ့ ပြင်သစ်ကို တစ်လလောက် သွားလည်လိုက်တာမျိုး။

ဘယ်သူ့သားသမီးကဖြင့် ဘယ်လိုနောက်ဆုံးပေါ်ကားကို စီးနေတယ်ဆိုတဲ့ သတင်းလည်း ကြားရော လွန်ခဲ့တဲ့ တစ်လလောက်က ကြိုက်လှပါချည်ရဲ့ဆိုပြီး ဝယ်ထားတဲ့ သိန်းထောင်ကျော်တန်ကားကို လျှော့ဈေးနဲ့ ပြန်ရောင်းပြီး သူ့စိတ်ကြိုက် နောက်ဆုံးပေါ်ကားတစ်စီး ဝယ်စီးတာမျိုး

စသည်ဖြင့် ပြုလုပ်တတ်သည်။

သို့သော် ဘယ်သူကဖြင့် ဘယ်မင်းသားနဲ့ တွဲနေတယ်ဆိုပြီး အားကျမခံ လိုက်လုပ်တာမျိုးတော့ မရှိပါ။ ဒါကတော့ ထိုကိစ္စမျိုးကို သူမ စိတ်မဝင်စားသောကြောင့် ဖြစ်၏။ အချစ်ကို စိတ်မဝင်စားတာ





တော့မဟုတ်။ ရည်းစားထားရမှာကို စိတ်မဝင်စားသေးသောကြောင့် ဖြစ်၏။

သူမဘေးမှာ ဝိုင်းဝိုင်းလည်နေသူတွေ တစ်ပုံကြီး။

အရာရှိယူမလား၊ သူဌေးသားကို လက်ခံမလား။ ကြိုက်ရာ ရွေးချယ်နိုင်သည်။ သို့သော် မည်သူ့ကိုမှ သူမ စိတ်မဝင်စားချေ။ အဓိက အကြောင်းအရင်းကတော့ လူ့ဘဝရဲ့ ပျော်ရွှင်မှုတွေကို စနစ်တကျသုံးစွဲရင်း လွတ်လပ်ပေါ့ပါးစွာ နေချင်သေးသောကြောင့် ဖြစ်ပါ၏။

❤❤❤



www.burmeseclassic.com

www.burmeseclassic.com



**ပထမ** တော့ ဒီနေ့ကို သူငယ်ချင်းတွေနှင့် စိမ်းလန်းစိုပြေမှာ သွားထိုင်ရင်း အချိန်ဖြုန်းမလို့ စဉ်းစားထားသည်။ သို့သော် နေ့လယ် ထမင်းစားပြီးသွားတော့ အပြင်ထွက်ချင်စိတ် မရှိတော့၍ ထိုအစီအစဉ်ကို ပယ်ဖျက်ပစ်လိုက်၏။

“ငါမလာတော့ဘူးဟယ်၊ ထမင်းစားပြီးသွားတော့ သွေးလေးပြီး ထွက်ချင်စိတ်မရှိတော့ဘူး”

“ငါတို့ကလည်း နင့်ကို တကူးတက စောင့်မနေပါဘူး၊ နင်လာမှသာ လာပြီလို့ သတ်မှတ်မှာပါ၊ နင့်စိတ်က မျောက်စိတ်ဆိုတာ ငါတို့ သိသားပဲ၊ အခုတစ်မျိုး တော်ကြာတစ်မျိုး”

မေစိုးရဲ့ စကားကို သူမက တောင်းပန်သံလေးနှင့် ပြန်ပြောလိုက်၏။



“ဟုတ်ပါဘူးဟယ် ငါလည်း မေ့ပြီး ထမင်းသွားစားလိုက်လို့ပါ။ အိမ်မှာက ဒီနေ့ ငါကြိုက်တဲ့ ငါးသလဲထိုးကြော်တယ်လေ၊ အဲဒါကြောင့်”

“တော်ပါ နင်မကြိုက်တဲ့ ဟင်းကိုရော နင့်အိမ်က ဘယ်နှခါ ချက်ကျွေးလို့လဲ”

သူမ ရယ်မောရင်း တောင်းပန်စကားထပ်ပြောကာ ဖုန်းချပစ်လိုက်၏။ ထို့နောက် သူမအခန်းထဲသို့ ဝင်လာခဲ့လိုက်သည်။ အိပ်ရာပေါ် ပစ်လှဲမလို့ လုပ်ပြီးမှ ကွန်ပျူတာကိုတွေ့သွား၍ chatting ထိုင်ချင်စိတ် ပေါက်လာမိ၏။

ထွေထွေထူးထူး ချိန်းထားတာတော့ မရှိပါ။ သို့သော် ဟိုနေ့က သူမပို့ပေးထားတဲ့ဓာတ်ပုံကိစ္စကို သတိရမိသွား၍ ဖြစ်၏။ အခုလောက်ဆို Snowking က သူမဓာတ်ပုံကို ကြည့်ပြီးလောက်ပြီဖြစ်သည်။ သူ ဘယ်လို ခံစားနေရမလဲ။ သူမအပေါ်ကို ဘယ်လောက်အထိ ဒေါသထွက်နေမလဲဆိုတာကို သူမ သိချင်သွား၏။

ထိုသို့တွေးပြီး တစ်ခုခုဆို စိတ်မြန်လက်မြန်ရှိသည့် သူမဝသီအတိုင်း ကွန်ပျူတာကို ထဖွင့်လိုက်ပါတော့သည်။ နာရီကိုကြည့်လိုက်တော့ နေ့လည်တစ်နာရီကွက်တိ။ Snowking က ဒီအချိန်တွေဆို online တက်တတ်သည်။

သူမ G-talk ကို ဖွင့်ပြီးပြီးချင်း မကြာမီပင် သူမထင်သည့်အတိုင်း Snowking ၏ နာမည်က သူမ account ထဲမှာ ပေါ်လာ၏။ ကိုယ်တော်ချောက မြန်မာ့မီးရထားထက်ပင် အချိန်မှန်နေသေးသည်။

သူမက စပြီး

Aprilrain ॥ ။ “Hi!”

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ဟိုဘက်က စာပြန်ရိုက်လာ၏။

Snowking။ ။ "ဟာ စောင့်လိုက်ရတာဗျာ ဘယ်တွေ သွားနေတာလဲ"

အမယ် လာလာချည်သေး။ ဒီက သူနဲ့တွေ့ပါမယ်ဆိုပြီး ချိန်းထားတာကျနေတာပဲဟု သူမ တွေးလိုက်၏။ ထို့နောက် စာပြန်ရိုက်လိုက်သည်။

Aprilrain "ယူ့ကို ဘယ်သူက စောင့်ခိုင်းလို့လဲ၊ ယူ့ကို I ချိန်းမထားမိဘူးနော်"

Snowking "ဟုတ်ပါတယ် ဒါပေမယ့် ပြောစရာလေးတွေရှိလို့ ကျွန်တော့်မှာ လာစောင့်နေရတာပါ"

ဟိုဘက်က ဘာပြောစရာရှိတယ်ဆိုတာ သူမ သိသည်။ ဓာတ်ပုံကိစ္စကလွဲလို့ ဘာမှမရှိ။

Aprilrain "ကဲ ပြောပါဦး ဘာများလဲ"

Snowking "ဟိုနေ့က ဘယ်လိုလုပ်လိုက်တာလဲဗျာ၊ ကျွန်တော့်ကို အရူးလုပ်တာလား"

သူမ မသိချင်ယောင်ဆောင်၍ ပြန်မေးလိုက်၏။

Aprilrain "ဟယ် I ဘာလုပ်လို့လဲ"

Snowking "ဘာလုပ်ရမှာလဲဗျာ၊ ဓာတ်ပုံပို့ပါဆို ဘယ်လို ဓာတ်ပုံကြီး ပို့လိုက်တာလဲ"

Aprilrain "အဲဒါဓာတ်ပုံပဲလေ မဟုတ်လို့လား"

Snowking "ဓာတ်ပုံတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ခေါင်းလည်း ပါမလာဘူး"

Aprilrain "ဟောတော့ ဟုတ်လို့လား"

ဟိုဘက်က ချက်ချင်းစာမပြန်သေးဘဲ ခဏငြိမ်သွားသည်။



ပြီးတော့မှ စာပြန်ရောက်လာ၏။

Snowking "သိရဲ့သားနဲ့ လာမေးမနေပါနဲ့၊ အစကတည်းက ခေါင်းမပါတဲ့ပုံကိုမှ ရွေးပို့တာမလား"

မြူလင်းခ ရယ်ချင်သွား၏။ ဟိုဘက်က ဓာတ်ပုံကိစ္စကို သိပ်ကျေလည်ပုံမရ။ ထို့ကြောင့် သူမ online မတက်မချင်း ကွန်ပျူတာရှေ့မှာ ငုတ်တုတ်ကြီး ထိုင်ပြီး စောင့်နေပုံရသည်။

Aprilrain "မဟုတ်ပါဘူးရှင်၊ I တကယ်မသိတာပါ၊ အဲဒီနေ့က ယူ ဓာတ်ပုံတောင်းလို့၊ ကမန်းကတန်း ပို့လိုက်တာ၊ ဘယ်ဓာတ်ပုံကို ပို့မိမှန်းတောင် မသိဘူး"

Snowking "ရပါတယ်ဗျာ၊ G-talk မှာဆို လူတွေက အမှန် မပြောချင်ကြဘူးဆိုတာ ကျွန်တော်သိပါတယ်"

Aprilrain "ယူ့ကို ဘယ်သူပြောလဲ"

Snowking "ဒီလိုပဲ သိလာတာပါ၊ သူများတွေကလည်း ပြောတယ်၊ G-talk မှာ chatting ထိုင်ရင် ဒီလိုပဲ အာရုံစားခံရတတ်တယ်တဲ့"

Aprilrain "ယူ ပြောသလိုဆို ယူက အာရုံစားမခံရသေးဘူးပေါ့"

Snowking "အခု ခံနေရပြီလေ"

Aprilrain "အရင်ကရော မခံဖူးဘူးလား"

Snowking "ကျွန်တော်က Internet သုံးတာ မကြာသေးဘူးဗျ၊ ဒါကြောင့် ကျွန်တော်နဲ့ စကားပြောမယ့်လူ သိပ်မရှိဘူး၊ လူတစ်ယောက်ပဲ ကျွန်တော့်ကို စကားပြန်ပြောတာ"

Aprilrain "ဒါဆို I တစ်ယောက်ပဲ ယူ့ကို အာရုံစားတာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား'

Snowking “ဟုတ်တယ်”

Aprilrain “ဒါဆို I က ဂုဏ်ယူစရာတောင် ကောင်းနေပြီပေါ့”

Snowking “?”

Aprilrain “ဟုတ်တယ်လေ၊ Internet စသုံးတဲ့ လူတစ်ယောက်ကို chatting မှာ အာရုံစစားတဲ့လူ ဖြစ်ရတယ်ဆိုတော့ ဂုဏ်ယူစရာပေါ့”

ဟိုဘက်က ငြိမ်ကျသွား၏။ တော်တော်နဲ့ စာပြန်ရိုက်မလာပေ။ တော်တော်လေးကြာသည်အထိ သူမစောင့်ကြည့်သေးသည်။ စာပြန်ရိုက်မလာ၍ စိတ်မရှည်နိုင်တော့ပဲ စာထပ်ရိုက်ကာ မေးလိုက်၏။

Aprilrain “ဟေး ဘာလုပ်နေတာလဲ၊ ပြန်ပြောဦးလေ၊ လူကိုလည်း အဖက်လုပ်ပါဦး”

အဲဒီတော့မှ စာပြန်ရောက်လာသည်။

Snowking “ဆောရီး ဘေးက အစ်ကိုကြီးက စကားလှမ်းပြော နေလို့ နားထောင်နေတာ၊ အဲဒါကြောင့်”

Aprilrain “သူက ဘာတွေပြောနေလို့လဲ”

Snowking “ဒီလိုပါပဲ ယူ ပို့လိုက်တဲ့စာတွေကို သူမြင်သွားလို့ လာပြောနေတာ”

Aprilrain “ဟင် ယူက အဲဒီလိုပဲ သူများတွေကို စာတွေ လိုက်ပြနေတာပဲလား”

Snowking “ဟာ မဟုတ်ဘူး ကျွန်တော် မပြဘူး၊ သူ့ဘာသာ သူ လာဖတ်ပြီးတော့ ပြောနေတာ”



Aprilrain “သူက ဘာတွေပြောနေတာလဲ”

Snowking “ဘာမှ မဟုတ်ပါဘူး၊ ဒီလိုပါပဲ”

Aprilrain “I အကြောင်းပြောနေတာမဟုတ်လား၊ ဟုတ်တယ် မဟုတ်လား”

Snowking “မဟုတ်ပါဘူး”

Apriling “ဘာမဟုတ်ရမှာလဲ၊ I ရိုက်ထားတဲ့စာတွေ ဖတ်ပြီး ပြောပါတယ်ဆိုမှ I အကြောင်းမဟုတ်လို့ ဘယ်သူ့ အကြောင်း ပြောရမှာလဲ”

ဟိုဘက်က ငြိမ်ကျသွားပြန်သည်။ ခဏလောက်ကြာမှ စာပြန် ရောက်လာသည်။

Snowking “စိတ်မဆိုးနဲ့နော်၊ သူက ယူ့ကို အပြင်မှာ ချိန်းပြီး တွေ့ပါလားလို့ လာပြောနေလို့ပါ”

မြလင်းခ ပြုံးလိုက်၏။ သူမအပြုံးက အဓိပ္ပါယ်များစွာ ပါသည်။ ဒီလိုပဲ Internet cafe တွေမှာ လာသုံးသော ဖရက်ရှာလေးတွေကို ဘေးက G-talk နှစ်ကြိုးသမားတွေက မြှောက်ပင့်ပေးကြတာ ထုံးစံဖြစ်၏။ ဒါကို ကြားဖူးနေ၍ ပြုံးသော အပြုံးမျိုးဖြစ်၏။ သူမကလည်း ဆိုင်မှာ သွားမသုံးဖြစ်သော်လည်း G-talk နှစ်ကြိုးသမားထဲမှာ ပါဝင် နေတာကိုး။

Aprilrain “ယူကရော I ကို တွေ့ချင်လို့လား”

Snowking “ကျွန်တော် မမျှော်လင့်ရဲပါဘူး”

Aprilrain “ဘာလို့လဲ”

Snowking “ဓာတ်ပုံလေးပို့ပေးတာတောင် ဒီလောက် အုန်းစားခံရ

www.burmeseclassic.com

www.burmeseclassic.com



တာ၊ လူချင်းတွေ့ရဖို့ဆိုရင် ရှုးတောင် ရှုးသွားမလားပဲ"

သူကလည်း အလာကြီးပဲဟု သူမစိတ်ထဲ တွေးလိုက်မိ၏။ သို့သော် Snowking ရဲ့ စကားတွေက ဖြူစင်မှုတွေ ရောယှက်ပါဝင်နေတာတော့ သတိထားမိပါသည်။

Aprilrain "ကဲပါ ယူ I ကို တွေ့ချင်သေးလား၊ မတွေ့ချင်ဘူးလား ဘဲ ပြောပါ'

ဟိုဘက်က တော်တော်လေးကြာသွားပြီးမှ စာပြန်ရောက်လာပြန်သည်။

Snowking "တကယ်တွေ့ရမယ်ဆိုရင် တွေ့ချင်တာပေါ့"

Aprilrain "ဘာလဲ ဘေးက အစ်ကိုကြီးနဲ့ တိုင်ပင်ပြီးမှ ပြောတာလား"

Snowking "ဟား ဟား ဟား ယူကတော့ ကျွန်တော် လုပ်သမျှတွေ အကုန်သိနေတာပဲနော်"

သူမ ဟက်ဟက်ပက်ပက် ရယ်မောပစ်လိုက်သည်။ ရိုးသားတဲ့ Snowking ကိုပါ။ သူမ Snowking နဲ့ စကားပြောရတာ ပျော်သည်။ ရုပ်မမြင်ရပါဘဲနှင့် စကားပြောတဲ့ ပုံစံအရ သူများတွေထက်တော့ ရိုးသားမှုရှိသည်ဟု သူမမြင်၏။

ထို့ကြောင့်

Aprilrain "ဒါဆို သန်ဘက်ခါ ယူ အားလား"

Snowking "အားပါတယ်"

Aprilrain "ဒါဆို ယူနဲ့ I နဲ့ ဘယ်နေရာမှာ ချိန်းမလဲ"

Snowking "ဗျာ ဘယ်လို"





ဟိုဘက်က ရုတ်တရက် အံ့သြသွားပုံရ၏။ သူ့လာ လူတစ်တစ်ခေါက် ထပ်ရိုက်ပြီး ပြောလိုက်သည်။

Aprilrain "ယူနဲ့ I နဲ့ ဘယ်မှာချိန်းမလဲလို့ မေးနေတာလေဟာက်

Snowking က ချိန်းမယ့်နေရာကို စဉ်းစားသွားပုံရသည်။ ငေသော်နဲ့ စာပြန်ရောက်မလာပေ။ အချိန်အတော်ကြာတော့မှ

Snowking "ကျွန်တော် မပြောပြတတ်ဘူးဗျ၊ ယူပဲ ချိန်းပါ၊ ယူ ချိန်းမယ့် နေရာကို လာခဲ့မယ်လေ"

မြူလင်းခ တစ်ချက်စဉ်းစားလိုက်ပြီး

Aprilrain "ယူနေတဲ့ နေရာက ဘယ်မှာလဲ၊ I ကို ပြောပြဖူးတယ်၊ မမှတ်မိတော့လို့"

Snowking "တ-ဥက္ကလာမှာပါ"

Aprilrain "ဒါဆို Junction Za Wa Na နဲ့ နီးမှာပေါ့"

Snowking "အင်း နီးပါတယ်"

Aprilrain "ဒါဆို Junction Za Wa Na ရဲ့ ပထမထပ်က ရေခဲမုန့်ဆိုင်မှာ စောင့်နေ၊ လာခဲ့မယ်"

Snowking "ဘယ် ဘယ်အချိန်လဲဟင်"

Aprilrain "အင်း ရေခဲမုန့်စားရင်း တွေ့မယ်ဆိုတော့ နေ့လယ် တစ်နာရီဆို အတော်ပဲ၊ အပူဆုံးအချိန်ဆိုတော့ ရေခဲမုန့်နဲ့လည်း လိုက်တယ်၊ ဘယ်လိုလဲ"

Snowking "ဟုတ်ကဲ့ သန်ဘက်ခါ တစ်နာရီနော်၊ ဆက်ဆက် လာမှာလား"

Aprilrain "ဘာလဲ ယူက မယုံလို့လား"

www.burmeseclassic.com





"မဟုတ်ပါဘူး၊ မေးကြည့်တာပါ"

သူကနှ "လာခဲ့မှာပေါ့၊ အဲဒီနေ့ ယူ I ကို အကြွေးဆပ်ရမှာနော်"

သို့သော်king "?"

နေတ(Ap)rilrain "ဘာလဲ မေ့သွားပြီလား၊ ယူ I ကို မုန့်ဝယ်ကျွေးမယ်

Apri ပြောထားတာလေ၊ အဲဒီနေ့ကျရင် ဝယ်ကျွေးရမယ်"

Snowking "ဟုတ်ကဲ့ ဝယ်ကျွေးမှာပေါ့၊ ဒါနဲ့ ယူ့ကိုမှ ကျွန်တော် မမြင်ဖူးတာ၊ ဘယ်လိုလုပ်သိမလဲ"

မြူလင်းခ တစ်ချက် စဉ်းစားလိုက်ပြီး ပြန်ရိုက်လိုက်သည်။

Aprilrain "အဲဒီနေ့ကျရင် I က တီရှပ်အနီလေးနဲ့ ဂျင်းဘောင်းဘီ အနက်ရောင် အတိုလေး ဝတ်လာခဲ့မယ် ယူကရော"

Snowking "ကျွန်တော်က ပုဆိုးဝတ်လာခဲ့မယ် ရမလား"

ပုဆိုးဝတ်ဖို့ ကိစ္စကို လာခွင့်တောင်းနေသော Snowking ကို သူမ ရယ်ချင်သွားသည်။

Aprilrain "ပုဆိုးဝတ်တာပဲ I ကို တိုင်ပင်စရာလိုလို့လား"

Snowking "သိဘူးလေ၊ တချို့မိန်းကလေးတွေက ပုဆိုးဝတ်ရင် အဘိုးကြီးနဲ့တူတယ်လို့ ထင်တတ်ကြလို့"

သူမ ရယ်ပစ်လိုက်၏။ Snowking နဲ့တော့ ခက်သည်။

Aprilrain "ဘာဆိုင်လို့လဲ၊ I က မြန်မာဆန်တာကို ပိုပြီး နှစ်သက်ပါတယ်"

Snowking "ဒါဆိုလည်း ကျွန်တော် ကချင်ပုဆိုး အစိမ်းကွက်လေး နဲ့ ရှပ်အင်္ကျီ အဖြူစင်းလေး ဝတ်လာခဲ့မယ်"

သူမ စိတ်ကျေနပ်စွာ ပြုံးလိုက်မိ၏။ အမှန်တကယ် သွားတွေ့ဖို့ ဝိဘ်ကူးပေါက်၍ သူမချိန်းလိုက်ခြင်းပါ။ ကိုယ်မသိရသော လူတစ်ယောက်၊ ကိုယ်မမြင်ဖူးသော လူတစ်ယောက်ကို ကွန်ပျူတာ ဖန်သားပြင်လေးပေါ်မှာ စကားပြောဖူးရုံနှင့် သွားတွေ့ရတာ ဘယ်လောက် ပျော်စရာကောင်းသလဲ။

သူမလည်း ဒီလို အပျော်မျိုး ရချင်ပါသည်။ သူမ ထိုသို့သော ခံစားမှုမျိုး တစ်ခါမှ မခံစားကြည့်ဘူး။ ဟိုတစ်နေ့က မေစိုးရဲ့ အတွေ့ အကြုံကို နားထောင်ပြီးကတည်းက သူမ စိတ်ဝင်စားနေခဲ့သည်။

မေစိုးအကြောင်းကို တွေးမိတော့မှ တစ်စုံတစ်ခု သွားသတိရကာ

Aprilrain "ယူ့ကို မေးစရာရှိတယ်၊ မှန်မှန်ဖြေမလား"

Snowking "ဖြေမှာပေါ့ မေးလေ"

Aprilrain "ယူက အခြောက်လား"

Snowking "ဗျာ"

ရုတ်တရက် သူမမေးခွန်းကြောင့် Snowking အံ့အားသင့်သွားပုံ ရ၏။ မတတ်နိုင်။ ဒါက အရေးကြီးသည်။ မေစိုးလိုတော့ အဖြစ်မခံနိုင်ပေ။ ထို့ကြောင့်

Aprilrain "မေးတာသာဖြေပါ၊ ယူက အခြောက်လားလို့"

Snowking "မဟုတ်ပါဘူးဗျာ၊ ကြံကြီးစည်ရာ"

Aprilrain "မဟုတ်ရင်လည်းပြီးရော၊ ချိန်းတဲ့နေ့သာ ရောက်အောင်လာခဲ့နော် တာ့တာ"

သူမ G-talk ကို ပိတ်ပစ်လိုက်၏။ ထို့နောက် အိပ်ရာပေါ် ပစ်လှဲချပစ်လိုက်သည်။ မျက်လုံးကလေးမှေးရင်း Snowking ရဲ့ ပုံသဏ္ဌာန်ကို မှန်းဆကြည့်နေမိသည်။ သူမ ကြိုက်တဲ့ နိုင်ငံခြားမင်းသားတွေနဲ့





www.burmeseclassic.com

www.burmeseclassic.com



ပုံစံတူတွေ ထွက်လာ၏။ သို့သော် ဘယ်အရာကိုမှ မှန်းဆလို့မရ။ ရုပ်ရှင်အမြန်ပြကွက်လို တစ်ကွက်ပြီး တစ်ကွက် ပြောင်းလဲသွားသည်သာ။

နောက်ဆုံးတော့ ဘယ်လိုပုံစံပဲဖြစ်နေဖြစ်နေဟု သဘောထားကာ အိပ်ပစ်လိုက်ပါတော့သည်။

သူမ ရင်ခုန်နေတာတော့ အမှန်ပင်။

❤ ❤ ❤



ဟိုဘက်က နှုတ်ဆက်ပြီး online ပေါ်မှ ထွက်သွားပြီးချိန်အထိ ကွန်ပျူတာဖန်သားပြင်ကို ကြောင်တောင်တောင်နဲ့ ငေးကာကြည့်နေမိသည်။ အရှိန်မသေသေးသည့်သဘော။ ပျော်ရွှင်ခြင်းတစ်ဝက်၊ အံ့သြခြင်းတစ်ဝက်နှင့် သူ့ခန္ဓာကိုယ်က ငုတ်တုတ် ထိုင်နေဆဲဖြစ်သည်။

ခဏကြာတော့မှ အသိပြန်ဝင်လာကာ ထိုင်ရာမှ ထရပ်လိုက်၏။ ထို့နောက် ကိုစောဦးကို ပိုက်ဆံ နောက်မှရှင်းမည့် အကြောင်းပြောကာ ဆိုင်အပြင်သို့ ပြေးထွက်လိုက်သည်။ ဆိုင်အပြင်ဘက်တွင် သတ္တလောကကြီးက သူ နေ့စဉ်တွေ့နေကျပုံစံအတိုင်း သွားလာလှုပ်ရှားလျက်ရှိ၏။ သို့သော် ဒီနေ့မှ ထူးထူးခြားခြား မြင်တွေ့ရတာ

www.burmeseclassic.com

www.burmeseclassic.com



တွေ အားလုံး ရင်ခုန်စရာကောင်းနေသည်ဟု သူ ထင်မိ၏။

သူ ဘာလုပ်ရမလဲ။

ရုတ်တရက်ဆိုတော့ စိတ်၏စေရာကို မဝေခွဲနိုင်သေးဘဲ သူ့ခံစားချက်ကို သူပြန်မေးလိုက်သည်။ အဖြေကို ရ၏။

တစ်စုံတစ်ယောက်ကို အပြင်းအထန် ဖွင့်ပြောချင်နေမိသည်။ ဒါမှ စိတ်ထဲမှာ ပေါ့သွားမည်။ ရှည်ရှည်ဝေးဝေး စဉ်းစားနေစရာမလို။ ဒီအကြောင်းတွေကိုသိသော သူတစ်ယောက်သာရှိသည်။ မင်းနိုင်။

သူ လုံးနေအောင် ပြေးသည်။ ကားလမ်းမ သည်ဘက်မှ ဟိုဘက်ကို ဘယ်လိုကူးလာလည်း သူမသိတော့။ ဒီအချိန် မင်းနိုင် အိမ်မှာ ရှိနိုင်၏။ ထို့ကြောင့် သူပြေးနေသည့် ဦးတည်ရာသည် အိမ်သို့သာ။

BURMESE CLASSIC .com

♥♥♥



**ထူးခန့်** အိမ်ရှေ့ရောက်တော့ ကိုယ်ရှိန်ကို သတ်လိုက်၏။ တစ်လမ်းလုံး မနားတမ်း ပြေးလာရသောကြောင့် လူက မောဟိုက်ကာနေသည်။ သို့သော် သူ မဇမာ။ မောပန်းမှုတွေ အားလုံးကို ရင်ခုန်သံက ဖုံးလွှမ်းထား၍ သူ့စိတ်အာရုံသည် လတ်ဆတ်တက်ကြွကာနေ၏။ ထို့ကြောင့် ပုံမှန်အတိုင်း လမ်းလျှောက်ကာ ဝင်သွားသော်လည်း လူခန္ဓာကိုယ်က ဆောင့်ကြွား ဆောင့်ကြွား နှင့် ဆိုင်ထဲသို့ ဝင်ချသွားပါတော့သည်။

ဒေါ်ဆွေဦးက ကောင်တာမှာ ပိုက်ဆံတွေ ရေတွက်နေရင်း သူ့သားကို လှမ်းကြည့်သည်။

"ဒါက ဘယ်က ကြွလာတာလဲ၊ ထမင်းဆာလို့ အိမ်ကို သတိရလာ

www.burmeseclassic.com

www.burmeseclassic.com



တယ်ပေါ့ ဟုတ်လား”

ထူးခန့်က ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ ဒီနေ့မှ ဘာကြောင့် မှန်းမသိ သူ့အမေပြောတဲ့စကားတွေသည် နားဝင်ချိုမြိန်လှ၏။ သူ့ စိတ်ထဲမှာလည်း နေ့စဉ်ပြောခံနေကျ စကားဖြစ်သော်လည်း ထူးထူး ခြားခြား ပျော်ရွှင်နေမိသည်။

ထို့ကြောင့် သူ့အမေနား ကပ်သွားကာ

“အမေ ဘာတွေ လုပ်နေတာလဲ”

“ပိုက်ဆံ ရေနေတာ မမြင်ဘူးလား”

“သား ကူရေပေးမယ်လေ”

ဒေါ်ဆွေဦး မျက်နှာမဲ့လိုက်ကာ

“နေပါ ကျေးဇူးတင်ပါတယ်၊ ထမင်းသွားစားမှာဖြင့် သွား သွား”

“ဟာ အမေကလည်း သားက ကူလုပ်ပေးချင်တဲ့ဟာကို”

“တော်ပါ ငါ့ဟာငါ လုပ်လို့ရတယ်၊ နင်သာ ပိုက်ဆံနဲ့ ဝေးဝေး နေ”

ထူးခန့်က ကလေးတစ်ယောက်လို ချွဲကာ နွဲ့ကာနှင့်

“ဟာ အမေကလည်း သားက ကူလုပ်ပေးချင်တဲ့ဟာကို”

“အမလေး ကိုယ်တော်ချော နင်ကူလုပ်ပေးတာ ငါသိတယ် ဒါ မနက်ဖြန်ဝယ်ဖို့ ထုတ်ထားတဲ့ အရင်းတွေနော် ခိုးလို့ မရဘူး”

ထူးခန့် မကျေမနပ်ဖြစ်သွား၏။ ဘာပဲဖြစ်ဖြစ် တစ်ခုခုတော့ ကူလုပ်ပေးချင်နေသည်။

“အမေကလည်း သားဆို မယုံသက်ာနဲ့”

“နင်ကရော ယုံချင်စရာကောင်းလို့လား”



“ဒါဆို ပိုက်ဆံ မရေဘူး၊ တစ်ခုခုခိုင်း”

ဒေါ်ဆွေဦး အံ့ဩဟန်နှင့် ထူးခန့်ကို မော့ကြည့်သည်။ သူ့သား အမူအရာက ဒီနေ့မှ တစ်ခုခု ထူးခြားလာသည်ဟု သူမ ထင်မိ၏။ အရင်က ထိုအလုပ်နဲ့ပတ်သက်ရင် အရက်သမားကို ကော်ဖီကြမ်း တိုက်သလို တွန့်ကနဲဖြစ်သွားတတ်သော ကောင်က အခုမှ အလုပ် တစ်ခုခုခိုင်းပါဆိုတော့ ထိတောင် ပြေးထိုးချင်စိတ် ပေါ်လာ၏။

သို့သော် သူ့သားက ဒီလိုပဲ တစ်ခါတစ်ရံ အရူးစိတ်ဝင်တတ် သည်ကို သိ၍

“ကဲ သွား သွား ဘာမှ မခိုင်းဘူး၊ နင့်ဟာနင် နေသာသလို သာနေ”

“ဒါဆိုလည်း ပြီးရော”

ဟု ဆိုကာ ထူးခန့်ထွက်ကာသွား၏။ ထို့နောက် ဆိုင်ထောင့် တစ်နေရာမှာ ကြက်သွန်နီဥတွေကို တောင်းထဲ ပြောင်းထည့်နေသော မကြင်အေးနား ကပ်သွားကာ

“ဒေါ်လေးကြင် သား ဘာလုပ်ပေးရမလဲ”

မကြင်အေးက ကြက်သွန်ဥတွေ ထည့်နေရင်းက

“ရပါတယ်ကွယ် တစ်ယောက်တည်း လုပ်နေကျပါ”

ထူးခန့်ဆိုင်ထဲကို မျက်စေ့ ဝေ့ကြည့်လိုက်သည်။ ဘယ်နေရာ မှာမှ မင်းနိုင်ကို မတွေ့၍

“မင်းနိုင်ရော ဒေါ်လေးကြင်”

“မပြောချင်ပါဘူးဟယ် မနက်ကတည်းက မဆွေကို ဘာခိုင်း စရာရှိလဲ မေးပြီး ထွက်သွားတာပဲ၊ ရပ်ကွက်ထဲမှာပဲ နေမှာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ဆို သဘောပေါက်သွားပြီ။ အလုပ်မရှိ၍ မင်းနိုင် ထွက်သွားလေပြီ။ အခုလောက်ဆို ရပ်ကွက်လှည့်နေလောက်ပြီ။

ထို့ကြောင့် သူ ဆိုင်ထဲမှ ထွက်လာခဲ့၏။

"ဟဲ့ ထမင်းမစားဘူးလား"

သူ့အမေ လှမ်းအမေးကို ထုံးခန့်က လှည့်မကြည့်ဘဲ

"အရေးတကြီးကိစ္စတစ်ခု ဆောင်ရွက်စရာရှိလို့ အမေ၊ နောက်မှပဲ စားတော့မယ်"

"အမလေး ကြီးကြီးကျယ်ကျယ်"

ဟု ပြောကာ ဒေါ်ဆွေဦး ကျန်ခဲ့ပါတော့သည်။

နိုး း မိုး း ၀ ၁ ၉ ပ



**အခု** ရင်ကဆို ဘယ်နေရာရှာရှာ ဒီကောင့်မျက်နှာက မတွေ့ချင်မှအဆုံး ဖြစ်သည်။ ဒီနေ့မှ တစ်ရပ်ကွက်လုံး နှံ့အောင် ရှာပြီးကာတောင် မင်းနိုင်ရဲ့ အရိပ်အယောင်ကို မတွေ့။ ရပ်ကွက်ထဲက လူတွေ လိုက်မေးကြည့်တော့လည်း မင်းနိုင်ကို မတွေ့မိကြဘူးဟု ဆိုကြသည်။

နောက်ဆုံး ဆိုက်ကားသမားတစ်ယောက်နဲ့ တွေ့တော့မှ

"မင်းတို့ကောင် အနောက်ဘက်ထိပ်ကို ထွက်သွားတာ တွေ့လိုက်တယ်၊ ဘယ်သွားသလဲတော့ မသိဘူး"

သူ ရပ်ကွက်အနောက်ဘက်ကို ထွက်ခဲ့လိုက်သည်။ ရပ်ကွက်အနောက်ဘက်က လူနေအိမ် ကျဲသည်။ သူတို့ငယ်ငယ်တုန်းကဆို

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးတွေနှင့် မြေနီလမ်းလေးတွေရှိသော နေရာတစ်ခု။ အခုတော့ နာဂစ်က နှိပ်စက်သွား၍ သစ်ပင်ကြီးတွေ မရှိတော့။ ကွင်းပြင်ကြီးတစ်ခုပမာသာ ကျန်ရစ်တော့သည်။

သူရောက်သွားတော့ မင်းနိုင်ကို ရှာသည်။ တော်တော်လေးရှာပြီးသွားမှ မင်းနိုင်ကို တွေ့၏။

ကိုယ်တော်ချောက နာဂစ်လက်ကျန် ကုက္ကိုလ်ပင်တစ်ပင်ရဲ့ သစ်မြစ်ပေါ်မှာ ငုတ်တုတ်ထိုင်ကာနေသည်။ မင်းနိုင်အနားကို ရောက်သွားတော့ ရုတ်တရက်မခေါ်သေးဘဲ အခြေအနေကို အကဲခတ်လိုက်၏။ မင်းနိုင်ရုပ်က တစ်ခုခုကို အလိုမကျသလို သုန်မှုန်နေသည်။ ထို့နောက် ကွင်းပြင်တစ်နေရာကို ငေးမောကာ ကြည့်နေ၏။ မင်းနိုင်ဆီမှာ ဒီလိုအမူအရာမျိုးတွေ့ခဲလှ၍ ထူးခန့်က အံ့ဩကာသွားသည်။

ထို့နောက် မင်းနိုင်အနားမှာ အသာအယာထိုင်လိုက်ကာ

"မင်း ဘယ်တွေ လျှောက်သွားနေတာလဲ၊ ငါရှာလိုက်ရတာ နှံ့နေတာပဲ"

မင်းနိုင်က သူရောက်တာ အခုမှ သိပုံရသော အမူအရာနှင့် တစ်ချက်လှည့်ကာကြည့်၍

"ငါ ဒီမှာရှိတယ်လို့ မင်းကို ဘယ်သူပြောလိုက်လဲ"

"ကိုငွေအေး ဆိုက်ကားနဲ့တွေ့လို့ မင်း ဒီဘက်ထွက်လာတယ်ပြောလို့"

မင်းနိုင်က အဝေးကို ငေးနေသည်။ ဘာမှမပြော။

ထူးခန့်က





"မင်းနိုင်"

မင်းနိုင်က အေးစက်စက် ပြန်ထူး၏။

"ဘာလဲ"

ထူးခန့်က

"မင်း ဒေါ်လေးကြင်နဲ့ ပြဿနာတက်လာလို့လား"

မင်းနိုင်က ခေါင်းကို ဖြည်းလေးစွာ ခါပြ၏။

"ဒါဆို ငါ့အမေ ဆူလိုက်လို့လား"

ဒါလည်း မဟုတ်ပြန်။ ခေါင်းကို ခါပြပြန်သည်။

"ဒါဆို မင်း ဒီနေရာကို ဘာလာလုပ်တာလဲ"

မင်းနိုင်က သူ့ကို ဖြည်းညှင်းစွာ လှည့်ကြည့်၏။

ပြီးတော့

"မင်းကရော ဘာလို့ရောက်လာတာလဲ"

"ငါက မင်းကိုလာရှာတာလေ"

မင်းနိုင်က သက်ပြင်းကိုချပြီး

"ဘာလို့လဲ"

"မင်းကို ပြောစရာရှိလို့ပေါ့ကွ"

"မိန်းကလေးကိစ္စဆို ငါ့ကို လာမပြောနဲ့ကွာ"

"ဟေ ဘာလို့လဲ"

ထူးခန့် ပါးစပ်က အာမေဋိတ်သံ လွှတ်ကနဲ ထွက်သွား၏။ မင်းနိုင်က ခပ်အေးအေးပင် ပြန်၍

"ငါ မကြားချင်လို့ပါ"

တစ်ခုခုတော့ ထူးခြားနေပြီဆိုတာ ထူးခန့် သိလိုက်၏။ တခြား



www.burmeseclassic.com

www.burmeseclassic.com



အချိန်ဆို မင်းနိုင်ဆီက ဒီလိုစကားမျိုး ကြားနေကျမဟုတ်။ ဒီနေ့မှ ဘာဖြစ်သလဲ မသိပေ။ သူကလည်း မင်းနိုင်တစ်ယောက်မှ လွဲ၍ သူ့ရဲ့ ခံစားချက်တွေကို ရင်ဖွင့်စရာလူမရှိ။ မကြားချင်လည်း အတင်းချော့မော့ပြီး ပြောပြရလိမ့်မည်ဟု တွေးကာ

"မင်းမကြားချင်လည်း ငါကတော့ ပြောပြရမှာပဲ၊ ငါ့မှာ တိုင်ပင် ဖော် တိုင်ပင်ဖက်ဆိုလို့ မင်းတစ်ယောက်ပဲ ရှိတဲ့ဥစ္စာ'

မင်းနိုင်က သက်ပြင်းကို ထပ်ချပြန်သည်။ ဒီကောင် သက်ပြင်းချတာ ဒီတစ်ကြိမ်နဲ့ဆို အကြိမ်တော်တော်များပြီဟု ထူးခန့် တွေးလိုက်၏။

မင်းနိုင်က လှည့်ကြည့်တော့

"မင်း မပြောခင် ငါပြောတဲ့စကားကို မင်းနားထောင်မလား"

ထူးခန့်က ခေါင်းညိတ်ပြ၏။ ဒီအချိန်မှာ သူ့စကားကို အရင်နား ထောင်တာက ပိုအကျိုးရှိသည်ဟု ထူးခန့်တွေးမိသောကြောင့် ဖြစ် သည်။

မင်းနိုင်က

"မင်း ပန်းရောင်းတဲ့ သီတာမြင့်ကို သိလား"

ထူးခန့်က သီတာမြင့်ဆိုတဲ့ နာမည်ကို စဉ်းစားသည်။ ရုတ်တ ရက် မမှတ်မိ၍

"ဘယ်သူလဲ ဈေးထဲမှာ ပန်းရောင်းတဲ့ မိန်းမတွေ အများကြီးပဲ"

"မိန်းမမဟုတ်ဘူးကွ မိန်းကလေး မိန်းကလေး"

"အေးပါ ထားပါတော့၊ အဲဒီ သီတာမြင့်က ဘာဖြစ်သလဲ"

"သူ့ကို ငါ ကြိုက်နေလို့ကွ"

မင်းနိုင်က ခပ်ပြတ်ပြတ်ပင် ပြန်ပြောသည်။ ထူးခန့်က အံ့ဩ





တကြီး ကြည့်ကာ

"နေစမ်းပါဦး မင်းက သီတာမြင့်ကို ဘယ်တုန်းက ကြိုက်သွား တာလဲ၊ ငါတောင် မသိပါလား"

မင်းနိုင်က

"ကြိုက်နေတာတော့ ကြာပြီကွ၊ ဘယ်သူ့မှ ဖွင့်မပြောရဲသေးလို့ ငြိမ်နေရတာ၊ အဲဒါ မနေ့ကမှ သီတာမြင့်ကို ငါ စာသွားပေးတယ်"

"အဲဒီတော့"

ထူးခန့်က စကားထောက်ပေး၏။ မင်းနိုင်က အားတက်သွားပြီး

"သူ့ကို ငါက စာလည်း သွားပေးရော သူက ငါ့စာကို ငြင်းလိုက် တယ်"

"ဘာလို့လဲ"

"ငါလည်း ပထမတော့ မသိဘူးကွ၊ နောက်မှ စုံစမ်းကြည့်တော့ သူတို့ ပန်းတွေ ယူနေတဲ့ ဒိုင်က ပိုင်ရှင်ရဲ့သားနဲ့ ကြိုက်နေတာလို့ ကြားတယ်"

ထူးခန့်က ရယ်လိုက်ရင်း မင်းနိုင်ရဲ့ ပခုံးကို လှမ်းဖက်လိုက် သည်။ ထို့နောက်

"မင်းက ကြိုက်နေတယ်ဆိုလည်း စောစောစီးစီး ဖွင့်ပြောမှ ပေါ့ကွ၊ ဘာလို့ နောက်ကျမှ သွားပြောတာလဲ"

"ငါလည်း ပထမတော့ ကိုယ့်ကိုယ်ကိုယ် သိပ်မသေချာသေးဘူး လေ၊ ဟိုတစ်နေ့က မင်းက အချစ်အကြောင်းတွေ ဘာတွေ ထပြော တော့မှ ငါက စဉ်းစားမိတာ"

"ဘယ်လို စဉ်းစားမိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ တကယ်ပဲ အချစ်မရှိဘူးလားလို့ပါ၊ အဲဒီလို စဉ်းစားကြည့်မှ ငါ သူ့ကို ချစ်မှန်းသိသွားတာကွ၊ ဒါပေမယ့် သိတဲ့အချိန်မှာ နှောင်းသွားပြီ"

ထူးခန့်က

"အဲဒါကြောင့် မင်းစိတ်ညစ်နေတာလား၊ သိပ်လည်း စိတ်ညစ်မနေပါနဲ့ကွာ၊ ဒါမျိုးတွေ ဖြစ်တတ်ပါတယ်"

"ကဲ ဒါတွေ ထားလိုက်ပါတော့၊ မင်း ငါ့ကို ရှာရတဲ့ အကြောင်းအရင်းကို ပြောပါဦး"

အဲဒီတော့မှ ထူးခန့်က

"ငါ့ကို ကောင်မလေးက ချိန်းလိုက်တယ်ကွ သိလား"

"ဘယ်ကောင်မလေးလဲ"

"ဘယ်ကောင်မလေးရှိရမှာလဲ၊ G-talk မှာတွေ့တဲ့ ကောင်မလေးပေါ့"

မင်းနိုင်က မယုံသင်္ကာမျက်ဝန်းတွေနှင့်

"မင်းဟာက သေချာလို့လားကွာ"

"သေချာပါတယ်ကွာ၊ သူက စချိန်းတာပါ"

မင်းနိုင်က ခေါင်းတညိတ်ညိတ်လုပ်သည်။ ပြီးမှ

"မင်း ပျော်နေမှာပေါ့"

"ပျော်တာပေါ့ကွ ဒီတစ်ခါ အရှင်လတ်လတ်ကြီး မြင်ရမယ့် ဥစ္စာ"

မင်းနိုင်က အဝေးတစ်နေရာကို ငေးမောကြည့်ကာ ပြော သည်၊

"မင်း အဆင်ပြေပါစေလို့ ငါ ဆုတောင်းပါတယ်ကွာ၊ ဒါပေမယ့် မိန်းမတွေကို မယုံနဲ့နော်"





မင်းနိုင်ဆီက ထိုစကားမျိုး ကြားရ၍ သူ ဟက်ဟက်ပက်ပက်ရယ်မိ၏။ ဒါပေမယ့် လှောင်ရယ်ရယ်မိခြင်း မဟုတ်ပါ။ မင်းနိုင်လို ဘဝကို ပျော်သလို ဖြတ်သန်းနေတဲ့ ကောင်မျိုးတောင် အချစ်ဆိုတဲ့ အရာနဲ့ နဖူးတွေ့ ဒူးတွေ့ကြုံတွေ့သောအခါ ထိုသို့ဖြစ်ခဲ့လျှင် သူလည်း ခံနိုင်မည်မဟုတ်။

ဒီလိုအချိန်မှာ ဒီလိုမျိုးတွေးမိလို့ အဆင့်တွေ ကျော်ပြီး တွေးတယ် မထင်ကြပါနှင့်။

သွားတွေ့မည့်ရက်ကို သူ တကယ်ရင်ခုန်နေမိသောကြောင့် ဖြစ်သည်။

သူသည် ထိုကောင်မလေးကို မြင်မြင်ချင်း ချစ်လျှင်လည်း ချစ်သွားနိုင်ပါသည်။

❤❤❤



www.burmeseclassic.com

www.burmeseclassic.com



J unction Za Wa Na ထဲသို့ ဝင်လိုက်သည်နှင့် အေးစိမ့်သော အအေးဓာတ်တစ်ခုက ထူးခန့်ကို ပွေ့ဖက်ကာ ဆီးကြိုလိုက်သည်။ ချွေးပျံနေသော ခန္ဓာကိုယ်က ခဏတာ အေးစက်သွားသယောင် ထင်လိုက်ရသော်လည်း ခဏသာ။

သူ ရင်တွေ ခုန်နေသည်။

တစ်ခါမှ ဒီလိုပုံစံမျိုး ချိန်းမတွေ့ဖူးသောကြောင့် ဇောချွေးတွေလည်း ပျံကာနေ၏။ နာရီကြည့်လိုက်တော့ တစ်နာရီတိတိ။ ရောက်နေလောက်ပြီထင်သည်။ ဒါမှမဟုတ် သူက စောပြီး ရောက်နေနိုင်တာလည်း ဖြစ်နိုင်သည်။

သူ အပေါ်ထပ်ကို တက်ဖို့ စက်လှေကားဝကို ရောက်သည်။





ရေခဲမုန့်ဆိုင်က လှေကားအဆုံး ဘယ်ဘက်မှာ။ သူ လှေကားထစ်တွေပေါ် ခြေထောက်နင်းမလို့လုပ်ပြီးမှ မနင်းသေးဘဲ ပြန်ရပ်လိုက်၏။ ရင်ခုန်သံတွေကြောင့် နဖူးမှာ သီးထနေသည့် ချွေးတွေကို လက်ကိုင်ပဝါနဲ့ သုတ်ပစ်လိုက်ပါသည်။ ထို့နောက် စိတ်ကို တည်တည်ငြိမ်ငြိမ် ထားလိုက်သည်။ သွားတွေ့တာ ဂေါ်ဇီလာမဟုတ်၊ မိန်းမပျိုတစ်ယောက်ဆိုတာကို သူ့စိတ်ထဲ သွင်းထားလိုက်၏။ သို့သော် ကြောက်နေဆဲ။

"ကဲ ကိုယ်တော် တက်မှာဖြင့်လည်း တက်၊ မတက်ရဲရင်လည်း ဘေးဖယ်၊ နောက်မှာ စောင့်နေရတဲ့လူတွေ အားနာဦး"

အသံကြား၍ လှည့်ကြည့်လိုက်တော့ အသားညိုညို မိန်းမကြီးတစ်ယောက်ကို တွေ့ရသည်။ အနောက်မှာ ဝန်ထမ်းကတ် ချိတ်ထားသော ကောင်မလေးသုံးယောက်လည်း ရပ်နေ၏။ သူ ဘေးကို ယောင်နနနဲ့ ဖယ်ပေးလိုက်သည်။

"ဘယ်တောက တက်လာလည်းမသိဘူး၊ စက်လှေကား မမြင်ဖူးဘူးထင်တယ်"

ကောင်မလေးသုံးယောက်ထဲက တစ်ယောက်က ပြောသွားခြင်းပါ။ ကိုယ့်အပူနဲ့ကိုယ်ဆိုတော့လည်း ဘာပြန်ပြောရမှန်း မသိပေ။

ထို့နောက် စက်လှေကားပေါ် သူလှမ်းတက်လိုက်၏။

သူ့ခန္ဓာကိုယ်က စက်လှေကားသယ်ဆောင်ရာသို့ တရွေ့ရွေ့ ပါသွားတော့သည်။ မကြာခင် အပေါ်ထပ်သို့ ရောက်သွား၏။ မွေးကတည်းက ပါလာသော အင်အားတွေ အကုန်စုစည်းကာ ရေခဲမုန့်ဆိုင်ဘက်သို့ လှမ်းကြည့်ပစ်လိုက်တော့သည်။

ရေခဲမုန့်ဆိုင်ဆိုတာထက် ရေခဲမုန့်ဘားလေးတစ်ခုဆို ပိုမှန်လိမ့်



www.burmeseclassic.com

www.burmeseclassic.com



မည်။ ဆိုင်တစ်ဆိုင်လုံးကို မျက်လုံးဝေ့ကြည့်လိုက်တော့

"ဟာင်"

ဆိုင်တစ်နေရာက ခုံလေးတစ်ခုံမှာ အင်္ကျီအနီ၊ ဘောင်းဘီ အနက်ရောင်လေး ဝတ်ဆင်ထားသော ကောင်မလေးတစ်ယောက် ငုတ်တုတ်ထိုင်ကာနေ၏။ ဘောင်းဘီက ဒူးခေါင်းလောက် အရှည်လေး။

သေချာပါသည်။ သူနဲ့ချိန်းထားသော ကောင်မလေးပင်။ ရုပ်ကို တော့ ကျောပေးပြီး ထိုင်နေသောကြောင့် မမြင်ရပေ။

သူ ထိုကောင်မလေးထိုင်နေသည့် စားပွဲသို့ ဖြည်းဖြည်းချင်း လှမ်းသွားလိုက်ပါသည်။

ကောင်မလေး ဘေးနားရောက်တော့

"ဆောရီးပါဗျာ ကျွန်တော် နည်းနည်း နောက်ကျသွားတယ်"

ကောင်မလေးက အသံကြား၍ လှည့်ကြည့်လိုက်တော့ သူတို့ နှစ်ယောက် မျက်ဝန်းချင်း ဆုံမိလိုက်ကြ၏။

ထူးခန့် ကောင်မလေးကို ကြည့်၍ ကြက်သေသေသွား၏။ အဆမတန်မြန်သွားသော ရင်ခုန်သံကြောင့် နှလုံးခုန်ရပ်သွားတယ်လို့ တောင် ထင်လိုက်ရသည်။

ဥမ္မာဒန္တီကို တွေ့တော့ သိဝီမင်းကြီး ဆင်ပေါ်က ပြုတ်ကျတာ ဘာဆန်းသနည်း။ သူလည်း ထိုကောင်မလေးရဲ့ အကြည့်အောက်မှာ တင် ခွေလဲကျမတတ်ဖြစ်သွားရသည်ပဲ (သူ့အထင်)။

"ကျွန် ကျွန်တော် Snowking ပါ၊ ဟို ဟိုဟာ Aprilrain ဟုတ်ပါ ကယ်နော်"

ကောင်မလေးက မျက်ဝန်းတောက်တောက်လေးတွေနဲ့ ပြန်





ကြည့်နေဆဲဖြစ်သည်။ ဘာစကားမှတော့ ပြန်မပြောသေး။

ထူးခန့်က ကတုန်ကယင်နှင့် ကောင်မလေးရှေ့က ခုံမှာ ဝင်ထိုင် လိုက်ကာ

"ဟိုဟာ ကျွန်တော် နောက်ကျသွားလို့ စိတ် စိတ်ဆိုးသွားလားဟင်"

ကောင်မလေးက သူ့ကို စိုက်ကြည့်နေဆဲဖြစ်သည်။ မျက်ဝန်း တွေထဲမှာ ဒေါသအရိပ်အယောင် မတွေ့ရ။ စူးစမ်းသော အကြည့်နှင့် နွေးထွေးမှုတွေသာ ပါသည်။

ထူးခန့် ထိုမျက်ဝန်းတွေကိုကြည့်ကာ အားတက်သွားပြီး

"ဘာမှ မမှာရသေးဘူးလား၊ ဩော် ကျွန်တော်မလာခင် ကြိုမှာ ထားရမှာ အားနာလို့ထင်တယ်၊ ကျွန်တော်က ကျွေးမယ်လို့ ကတိပေး ထားရင် ကျွေးပါတယ်ဗျာ၊ ကြိုက်တာသာ မှာပါ"

ထိုတော့မှ ကောင်မလေးက ခေါင်းငုံ့ကာ ရယ်လိုက်သည်။ ထိုရယ်သံသည် သူတို့နှစ်ယောက်၏ ဆက်ဆံရေးကို ပိုပြီး ရင်းနှီး သွားစေ၏။ ထူးခန့် ရင်ထဲမှာလည်း ကြောက်ရွံ့စိတ်တွေ ပျောက် သွားပြီး ရင်ခုန်သံတစ်ခုသာ သီးသန့်ကျန်ရစ်ခဲ့၏။

ထူးခန့်က

"ဘာရေခဲမုန့်စားမလဲ၊ ချောကလက်လား စတော်ဘယ်ရီလား"

ကောင်မလေးက ပြုံးပြီး ဆိုင်က ဝန်ထမ်းကောင်မလေး တစ် ယောက်ကို လက်ယပ်ပြီး ခေါ်လိုက်သည်။ ဝန်ထမ်းကောင်မလေး ရောက်လာတော့ ဘောလ်ပင်နှင့် စာရွက်လိုချင်ကြောင်း လက်ဟန်၊ ခြေဟန်နဲ့ပြ၏။

ကောင်မလေး လုပ်သမျှတွေကို ထူးခန့် လိုက်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲမှာ သူမ ဘာတွေလုပ်နေလဲဆိုတာ မဝေခွဲတတ်သေး။

ခဏနေတော့ စာရွက်တစ်ရွက်နှင့် ဘောလ်ပင်ရောက်လာတော့ ကောင်မလေးက ထူးခန့်ကို စာရွက်မှာ ဘောလ်ပင်နှင့် စာရေးပြသည်။

"ချောကလက်ရေခဲမုန့်စားမယ်"

ထူးခန့် ကောင်မလေးကို တအံ့တဩ ကြောင်ပြီး ကြည့်မိသွား၏။ သူ့ရင်ထဲမှာ အမျိုးအမည် ခွဲခြားမရသော ခံစားချက်တစ်ခုက ချက်ချင်း နေရာဝင်ယူသွားလေသည်။

ထို့နောက် ထစ်ထစ်ငေါ့ငေါ့နှင့်

"စကား စ စကားမပြောတတ်ဘူးလားဟင်"

သူ့စကားဆုံးတော့ ကောင်မလေးမျက်နှာတစ်မျိုး ဖြစ်သွား၏။ ပျက်သွားတာလား။ စိတ်မကောင်းဖြစ်သွားတာလား။ သူ မဝေခွဲတတ်။ တစ်ခဏတော့ ငိုင်တိုင်တိုင်ဖြစ်သွားတာကို သူ သတိထားမိလိုက်သည်။ သို့သော် ထိုအချိန်ကာလက စက္ကန့်ပိုင်းမျှသာ။ ကောင်မလေးက ခဏအတွင်းပင် အပြုံးတစ်ခုကို ပြန်လည်တပ်ဆင်လိုက်ပြီး စာရွက်ပေါ်မှာ ဘောလ်ပင်နဲ့ ထပ်ရေးပြလိုက်၏။

"စကားမပြောတတ်ဘူးဆိုရင် မခင်တော့ဘူးလား"

"ဟာ မဟုတ်ပါဘူး၊ ကျွန်တော်ရဲ့ ခင်မင်မှုမှာ အဲဒါတွေ မပါဘူးလို့ G-talk မှာ ပြောခဲ့သားပဲ"

ကောင်မလေး ခပ်တွေတွေလေး ဖြစ်သွားသည်။ ပြီးတော့မှ ဘောလ်ပင်ကို ပြန်ကိုင်ပြီး စာထပ်ရေးပြသည်။

"ရေခဲမုန့် မှာပေးလေ မကျွေးတော့ဘူးလား"

ကောင်မလေး စာကိုဖတ်ပြီး ထူးခန့် ကမန်းကတန်း ထရပ်လိုက်ကာ

ဗိုးမိုးစာပေ



"ဟာ ဆောရီး ဆောရီး ချောကလက်နော် ဟုတ်တယ်နော်"

ကောင်မလေးက ခေါင်းညိတ်ကာပြ၏။ ထူးခန့် ချောကလက်ရေခဲမုန့် တစ်ခွက်မှာသည်။ သူ့အတွက် စတော်ဘယ်ရီ တစ်ခွက်မှာလိုက်၏။ ထို့နောက် ကောင်မလေးရှေ့သို့ ချောကလက်ခွက်ကို ထိုးပေးလိုက်ကာ

"စားနော် တစ်ခွက်မဝရင် နောက်တစ်ခွက် ထပ်မှာလို့ရတယ်၊ အားမနာနဲ့ ကျွန်တော့်ကို လာတွေ့တာပဲ ကျေးဇူးတင်လှပါပြီ"

ကောင်မလေးက ရေခဲမုန့်ခွက်ထဲကို ဇွန်းကလေးနဲ့ ကစားရင်း ပြုံး၏။ သူမ ပြုံးလိုက်လျှင် ပါးချိုင့်လေးတွေ ပေါ်ပေါ်လာပြီး တော်တော်ချစ်စရာကောင်းကြောင်း ထူးခန့် သတိထားမိ၏။

ထူးခန့်က

"ကျွန်တော် ဓာတ်ပုံတောင်းတုန်းက ရုပ်ဆိုးတယ်လို့ ကိုယ့်ဘာသာကိုယ် ဘာကြောင့် ညာရတာလဲ"

ကောင်မလေးက မျက်မှောင်ကြုတ်ကာ ကြည့်သည်။ ထူးခန့် ပြောတဲ့ စကားအဓိပ္ပါယ်ကို နားမလည်သည့်သဘောကို ဆောင်နေ၍ နောက်တစ်ကြိမ်ထပ်ပြောရ၏။

"ကျွန်တော် ဓာတ်ပုံတောင်းတုန်းက ရုပ်ဆိုးတယ်ဆိုပြီးတော့ မမြင်ရတဲ့ပုံတွေပဲ ပို့လိုက်တာလေ၊ အဲဒါကိုပြောတာ"

ထိုတော့မှ ကောင်မလေးက နားလည်သွားဟန်နှင့် ပြုံးသွားကာ ဘောလ်ပင်လေးကို ကိုင်၍ စာရွက်မှာ ရေးပြလိုက်သည်။

"အခုတွေ့တော့ တကယ်ရုပ်မဆိုးလို့လား"

"ဟာ ဘယ်ကလာ ဆိုးရမှာလဲ၊ ဒီလောက် ချောတဲ့ဟာကို၊

ဗိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တောင် စတွေ့တွေ့ချင်း အံ့ဩပြီး ငေးသွားတာ”

“ဘာလို့လဲ” (စာနဲ့ရေးပြခြင်းပါ)

“ဩော် ဒီလောက်လှတဲ့ ကောင်မလေးနဲ့ မိတ်ဆွေဖြစ်ခွင့်ရမယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်မထားလို့”

ကောင်မလေးရဲ့ မျက်နှာပေါ် နှင်းဆီပန်းခင်းလေးတစ်ခု ဖြတ်ပြေးသွား၏။ ထူးခန့်ကလည်း သူ့ရင်ထဲက ရှိတဲ့အတိုင်း ပွင့်လင်းစွာ ပြောလိုက်တာပါ။ တကယ်လည်း Aprilrain ကို ဒီလောက်လှမယ်လို့ သူ မထင်ထားမိ။ အခုလို ငေးယူရလောက်အောင် လှပနေတော့လည်း အပျော်လုံး တက်ဆို့သွားတာလည်း ပါသည်။ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိသလိုလည်း ဖြစ်သွား၏။

သူ့ဘဝမှာ ဒီလိုလှပတဲ့ ကောင်မလေးတစ်ယောက်နဲ့ ဒီလိုနေရာမျိုးမှာ ရေခဲမုန့်အတူ ထိုင်စားခွင့်ရမယ်လို့လည်း တွေးထင်မထားခဲ့ပါ။

ထို့ကြောင့် ရင်ထဲရှိတဲ့ အမှန်အတိုင်းကို သူ ဖွင့်ပြောမိတာပါ။ ခဏကြာတော့ ကောင်မလေးက စာရွက်ပေါ်မှာ ရေးပြ၏။

“ဒါပေမယ့် ကျွန်မက စကားမပြောတတ်တော့ ရှင်စိတ်ညစ်သွားမှာပေါ့”

“ဟာ ဘာလို့ ညစ်ရမှာလဲ၊ ပိုပြီးတောင် ခင်သွားသေးတယ်”

“ဘာဖြစ်လို့” (စာဖြင့်ရေးပြသည်)

“ဩော် ခင်ဗျားက စကားမပြောတတ်တော့ ကျွန်တော် တစ်ယောက်တည်းပဲ စကားတွေ အားရပါးရပြောရတာပေါ့၊ ဟုတ်ဘူးလား”

ကောင်မလေးက ခေါင်းငုံ့သွားကာ ပါးစပ်လေးကို ပိတ်ပြီး ရယ်





လိုက်သည်။ ထို့နောက် စာပြန်ရေးပြသည်။

“ရှင့်ကိုတော့ ကျွန်မ ခင်သွားပြီ”

ထူးခန့်ကလည်း ပါးစပ်က မပြောပဲ စာပြန်ရေးပြ၏။

“me too ပါ”

ထို့နောက် သူတို့ ရယ်လိုက်ကြသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ပိုမိုရင်းနှီးသွားကြသည်ဟု စိတ်ထဲမှာ ခံစားလိုက်ကြရ၏။ ထူးခန့်ရဲ့ ရင်ထဲမှာလည်း ရင်ခုန်သံနဲ့အတူ ပျော်ရွှင်ခြင်းတွေပါ ရောယှက်ပါဝင်လာသည်။

ကောင်မလေးက ထူးခန့်ဆီက စာရွက်ကို ဆွဲ၍ ရေးပြလိုက်၏။

“သန်ဘက်ခါ အားလား”

ထူးခန့်က စာကို ဖတ်ပြီး ခေါင်းညိတ်ပြကာ

“အားတယ် ဘာလို့လဲ”

“သူငယ်ချင်းတစ်ယောက်နဲ့ ရုပ်ရှင်သွားကြည့်မလို့ ချိန်းထားတယ်၊ လိုက်မလားလို့ မေးတာ” (စာဖြင့်)

ထူးခန့်က စဉ်းတောင်မစဉ်းစားတော့ပဲ ခေါင်းညိတ်ကာ ပြလိုက်၏။

“လိုက်မယ်လေ၊ ဒါပေမယ့် သူငယ်ချင်းက ကျေနပ်ပါ့မလား”

ကောင်မလေးက ခေါင်းခါလိုက်ရင်း

“ဘာဖြစ်လို့ မကျေနပ်ရမှာလဲ၊ သူနဲ့နှစ်ယောက်တည်း သွားရမှာပျင်းလို့” (စာဖြင့်)

“ဒါဆို ကျွန်တော်က ပျော်တော်ဆက်ပေါ့”

“အဲဒီလိုလည်း မဟုတ်ပါဘူး၊ သုံးယောက်ဆိုတော့ ပိုပျော်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာပေါ့”

ထူးခန့်က ရယ်လိုက်သည်။

“အလကား စတာပါ လိုက်ခဲ့မှာပေါ့၊ ဒါနဲ့ သူငယ်ချင်းက ယောကျ်ားလေးလား မိန်းကလေးလား”

ကောင်မလေးက ပြန်ပြီး

“ဘယ်လိုထင်လဲ” (စာဖြင့်)

“သိဘူးလေ ခင်ဗျားလေးက ချောတော့ ယောကျ်ားလေး သူငယ်ချင်းများလားလို့”

ကောင်မလေးက ရယ်လိုက်ရင်း

“အဲဒီလောက်လည်း အထင်မကြီးပါနဲ့၊ မိန်းကလေးသူငယ်ချင်းပါ” (စာဖြင့်)

ထူးခန့် ရင်ထဲမှာ သက်ပြင်းလေးတစ်ခု ခိုးချမိ၏။ ဘာမဆိုင် ညာမဆိုင် စိတ်အေးသွားမိသည်။

“တကယ်လိုက်မယ်ဆိုရင် နေ့လယ် သုံးနာရီပွဲသွားကြည့်မှာ၊ သမ္မတမှာ၊ ဒီဆိုင်ကပဲ တစ်နာရီခွဲလောက် စောင့်လေ” (စာဖြင့်)

ထူးခန့်က ခေါင်းကို ညိတ်ပြလိုက်သည်။

“စိတ်ချ တစ်နာရီတိတိ ဒီကစောင့်မယ်”

ထို့နောက် သူတို့ လမ်းခွဲဖို့ ပြင်ဆင်ကြသည်။ ကောင်မလေးက စပြီး ပြောခြင်းပါ။

“ပြန်တော့မယ် သိပ်နောက်ကျရင် မကောင်းဘူး” (စာဖြင့်)

ထူးခန့်က ခေါင်းညိတ်ပြ၏။

“OK ကိုယ်လည်း သွားတော့မယ်၊ ဒီကြားထဲ G-talk မှာ တွေ့

မိုး မိုး စာ ပေ



မယ်လေ”

ကောင်မလေး ခပ်တွေတွေလေးဖြစ်သွား၏။ ထို့နောက် ခေါင်း ညိတ်ပြလိုက်သည်။

ထူးခန့် ကျသင့်ငွေကို ရှင်း၍ ထွက်ခဲ့လိုက်ပါတော့သည်။ အပြန် လမ်းမှာ သူ့ခြေထောက်တွေက သွက်လက်ပေါ့ပါးလျက်။

♥♥♥

မိုး မိုး စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ထို နေ့က 'မြူလင်းခ'သည် Junction Za Wa Naသို့ အသွားလမ်းတွင် အသေးစား ကားအက်ဆီးဒင့်လေးတစ်ခု ဖြစ်ပွားသွားသောကြောင့် ချိန်းထားသည့် အချိန်ထက် နာရီဝက်တိတိ နောက်ကျပြီးမှ Junction Za Wa Na သို့ ရောက်ရှိသွားခဲ့ပါသည်။



## အခန်း (၃)

www.burmeseclassic.com



'အခ သားကလေးတွေများ ဝင်ပြီးအိနေတာ ဟော့ကောင်၊ ပါးကလေး နှစ်ဖက်က ရယ်လိုက်ရင် ပါးချိုင့်ကလေးတွေက ထင်းခနဲ၊ လင်းခနဲ ပေါ်လာလိုက်တာများ မြင်သူတကာ ငေးပဲ။ အဲ ပြီးတော့ သူ့ပါးနှစ်ဖက်ပေါ်မှာ ခပ်ရေးရေးလေး ပေါ်နေတဲ့ သွေးကြောလေးတွေ ရှိသေးတယ်။ အဲဒီသွေးကြောလေးတွေက သူ ပြုံးလိုက်တိုင်း သခင်မ အလိုကျ အလိုက်တသင့် ယိမ်းနွဲ့နေလိုက်တာများ အသည်းယားစရာ'

မင်းနိုင်က ထူးခန့်စကားတွေကို နားထောင်ရင်း ငေါင်ကြောင်ကြောင်ကြီး ဖြစ်နေ၏။ နားရှိလို့သာကြားရသည်။ ယုံကြည်ပုံတော့မရ၊ ဒီကောင် သွေးရူးသွေးတန်းနှင့် လျှောက်ပြောနေတာပဲဟု သတ်မှတ်

ဦး မိုး စာ ပေ



ထား၏။

"လက်ကလေးတွေများ ဟော့ ဖယောင်းလို သွယ်ပျောင်းနေတာပဲကွာ၊ အချစ်နတ်သမီး ဗီးနပ်(စ်)ရဲ့ လက်ချောင်းလေးတွေကျနေတာပဲ"

"ဟော့ကောင် ဗီးနပ်(စ်)မှာ လက်မှ မပါတာ၊ မင်းရူးနေလား"

"အဲ ဟုတ်တယ် ဗီးနပ်(စ်) ဗီးနပ်(စ်) မဟုတ်ဘူး၊ တာဝတိံသာက နတ်သမီး အချောဆုံးနတ်သမီးကွာ၊ သူ့ရဲ့ လက်တွေလိုပဲ"

မင်းနိုင်က သက်ပြင်းကို ချသည်။ စိတ်ပျက်လက်ပျက်နှင့် ချသော သက်ပြင်းဖြစ်သည်။

"ငါတို့ သန်ဘက်ခါ ရုပ်ရှင်သွားကြည့်ဖို့ ချိန်းထားတယ်ကွ သိလား၊ ငါက ချိန်းတာမဟုတ်ဘူးနော်၊ သူက စချိန်းတာ၊ ငါကလည်း ဘယ်ရမလဲ ယောကျ်ားချေးတော့ ဘယ်အကျခံမလဲ၊ မအားဘူး ဘာညာနဲ့ အင်တင်တင်လုပ်လိုက်တာပေါ့၊ ဒါပေမယ့် ကောင်မလေးခမျာ သနားပါတယ်ကွာ၊ ငါ မပါရင် ရုပ်ရှင်သွားမကြည့်တော့ဘူး လုပ်နေလို့ အားနာပါးနာနဲ့ လိုက်ခဲ့ပါ့မယ်လို့ ပြောလိုက်ရတယ်"

အိမ်ကြို အိမ်ကြား၊ လမ်းကြိုလမ်းကြားမှာ တောင်းစားနေရတဲ့ သူတောင်းစားဒုက္ခိတတစ်ယောက်ကို သနား၍ ကြည့်သော မျက်လုံးမျိုးနှင့် မင်းနိုင်က ထူးခန့်ကို ကြည့်လိုက်သည်။

ထို့နောက် စိတ်မကောင်းဖြစ်သွားသော လေသံနှင့်

"မင်း ဦးနှောက်က ပုံမှန်မဟုတ်တော့ဘူးပဲ၊ ငါ စိတ်မကောင်းဘူးကွာ"

ထူးခန့်က အရေးမစိုက်ပါ။ ဆက်ပြောသည်။

ဦး မိုး စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါ သူနဲ့ တွဲသွားရမှာကို ရင်ခုန်နေတယ်ကွ သိလား၊ သူက ချောတာကိုး၊ မင်းသာတွေ့ရင် ရူးသေသွားမှာ သေချာတယ်"

မင်းနိုင်က ဆတ်ခနဲ လှည့်ကြည့်လိုက်ကာ

"ငါ မသေခင် မင်းအရင်သေသွားဦးမယ် သတိထား"

ထူးခန့်က ပြုံးဖြိဖြိနှင့်။

"အဲဒီလို ရောဂါမျိုးနဲ့ သေရမယ်ဆို ဆယ်ခါပြန်တောင် သေလိုက်ချင်တယ် ဟေ့ကောင်၊ အဲဒါမှ သေပန်းပွင့်တယ်လို့ ခေါ်တာကွ"

မင်းနိုင်က ခေါင်းကို ကုတ်သည်။ ဘယ်လိုပြောပြောရမယ့်ကောင် မဟုတ်မှန်း သဘောပေါက်လိုက်၏။

ဒီကောင် ဒီလောက် ရူးကြောင်ကြောင် ဖြစ်လာပုံထောက်ရင်တော့ ကောင်မလေးနဲ့ တကယ်တွေ့လာလို့ပဲ ဖြစ်ရမည်ဟု မှတ်ချက်ချမိ၏။ ကောင်မလေးက ဒီကောင်ပြောသလောက် မချောရင်တောင် လှတဲ့ အမျိုးအစားထဲမှာတော့ ပါဝင်ရမည်ဟုလည်း တွေးလိုက်မိ၏။

"ဒါနဲ့ မင်းကောင်မလေးနာမည် ဘယ်လိုခေါ်လဲ"

"Aprilrain လေ"

"ဟာ အဲဒါတော့ ငါသိတာပေါ့၊ အဲဒါက မင်းတို့ G-talk တွေမှာ ကိုယ့်ဘာသာကိုယ် လျှောက်ပေးပြီး တင်ထားတဲ့ နာမည်လေ၊ ငါပြောတာက အပြင်က တကယ့်နာမည်အရင်းကို မေးတာ"

"အဲ"

ထူးခန့် ဘာဖြေရမှန်းမသိဘဲ ယောင်နနဖြစ်သွား၏။ နာမည်လေးတောင် မေးမလာခဲ့မိသည့် သူ့ကိုယ်သူလည်း ယူကျုံးမရဖြစ်မိသွားသည်။





မင်းနိုင်က ထူးခန့်ပုံစံကို ကြည့်၍ အားရပါးရ ရယ်ပစ်လိုက်သည်။ ထူးခန့်က မင်းနိုင်ကို မကျေမနပ်နဲ့ လှမ်းကြည့်၍

"မင်းက ဘာရယ်တာလဲ"

"ဟား ဟား ဟား ဟား မင်းကို အဟုတ်မှတ်လို့ နားထောင်နေတာ လက်စသတ်တော့ မင်းဘဝက နာမည်တောင် သိခွင့်မရခဲ့ပါလားကွာ၊ ကောင်မလေးနဲ့ တကယ်တွေ့ခဲ့တာရော ဟုတ်ရဲ့လား၊ စိတ်စွဲပြီး သွေးရူးသွေးတန်းနဲ့ ကိုယ်မြင်ချင်ရာတွေ မြင်ပြီး ပြန်လာတာများလား"

ထူးခန့်က အနာပေါ် တုတ်ကျသွားသလို ဆွေ့ဆွေ့ခုန်သွားကာ

"ဟေ့ကောင် မင်း အဲလိုမပြောနဲ့၊ ငါ တကယ် အရှင်လတ်လတ်ကြီး တွေ့ခဲ့တာကွ၊ နာမည်မေးဖို့ မေ့သွားလို့၊ ပြီးတော့ ငါတို့ နှစ်ယောက်ကြားမှာ နာမည်တွေ ဘာတွေက အရေးမကြီးဘူးကွ၊ ရင်ဘတ်ချင်း နားလည်မှုရှိရင် ပြီးတာပဲ၊ အဲဒါပဲ အဓိကထားတာ၊ သူလည်း ငါ့ကို နာမည်မမေးဘူး၊ ငါလည်း သူ့ကို နာမည် မမေးဘူးဒါပဲ"

မင်းနိုင်က အရယ်တစ်ဝက်နှင့် ခေါင်းကို တညိတ်ညိတ် လုပ်ကာ

"ကဲပါကွာ ထားပါတော့ မင်းဟာမင်း ကျေနပ်ရင် ပြီးတာပဲ"

"ကျေနပ်တယ် ဟေ့ကောင် ကျေနပ်တယ် သိပ်ကို ကျေနပ်တယ်"

"ကျေနပ်ရင်လည်း ပြီးရောကွာ"

မင်းနိုင်က ပြောပြီး ထူးခန့်ရှေ့က ထွက်ဖို့ပြင်သည်။ ထူးခန့်က မင်းနိုင်လက်ကို ဖမ်းဆွဲလိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ပိုက်ဆံတစ်သောင်းလောက်ရှိရင် ခဏ ချေးပါလားကွာ"

'ဘာ'

မင်းနိုင်ရဲ့ အလန့်တကြား ထအော်လိုက်သောအသံကြောင့် ထူးခန့် ခန္ဓာကိုယ် အနောက်ဘက်သို့ ယိုင်ကာထွက်သွား၏။

"ဖြည်းဖြည်းအော်ပါကွာ၊ လိပ်ပြာတောင် လွင့်မတတ်ပဲ"

"မင်းမို့လို့ကွာ ရဲရဲဝံ့ဝံ့ ငါ့ဆီက ပိုက်ဆံချေးရဲတာ ပြောပါတယ်၊ ချေးတဲ့ငွေကလည်း တစ်သောင်းတဲ့၊ အဲဒီမင်းပြောတဲ့ ပိုက်ဆံကို မကိုင်ဖူးတာကြာလို့ ထောင်တန်ဘယ်နှရွက်ပါလည်းဆိုတာမတောင် မေ့နေပြီ"

"ငါလည်း ပိုက်ဆံလက်ကျန်က နည်းနေလို့ တွေးမိတွေးရာ တွေးပြီး မေးကြည့်တာပါကွာ၊ မရှိရင်လည်း ဖြည်းဖြည်းအော်ပါ၊ လူကို လန့်သွားတာပဲ"

"အဲဒါကြောင့် မင်းကို ဦးနှောက်ပုံမှန်မဟုတ်တော့ဘူးလို့ ပြောတာကွ၊ ငါ့မှာ ကွမ်းယာဖိုးတောင် အနိုင်နိုင် ဖန်တီးနေရတာ၊ မင်းပြောတဲ့ပိုက်ဆံ ဘယ်လိုရှိမှာလဲ၊ မုန့်ဖိုးကလည်း တောင်းသုံးတာ များနေတော့ မင်းအမေကလည်း ငါ့ကို မပေးတော့ဘူးလေ၊ ခင်းက အဲဒီငွေ ဘာလုပ်ဖို့လဲ"

ထူးခန့်က သက်ပြင်းချကာ

"ငါ သန်ဘက်ခါကျရင် သွားဖို့ ငွေမရှိတော့လို့ကွ"

"ဟိုတစ်နေ့ကတောင် မင်းဆီမှာ ငါ နှစ်သောင်းကျော်ကျော် တွေ့ပါသေးတယ်"

ခို း မို း ၀ ၁ ၄ ၀



"အဲဒါကလည်း သုံးရင်း သုံးရင်းနဲ့ တစ်သောင်းလောက်ပဲ ကျန်တော့တယ်ကွ၊ ရုပ်ရှင်သွားကြည့်တဲ့နေ့ကျရင် လိုလိုပိုပို နောက်တစ်သောင်းလောက် ပါမှ ကောင်းမှာပေါ့"

"ဒါတော့ ကိုယ့်ဒေါသနဲ့ကိုယ်ပဲ ကိုယ့်လူ၊ ကိုယ့်ဘာသာကိုယ်သာ ဖန်တီးသွားတော့"

မင်းနိုင်က ပြောပြီး ထွက်သွားသည်။

ထူးခန့် မျက်လုံးထဲမှာ ဟိုနေ့က သူ့အမေ ရေတွက်နေသည့် ပိုက်ဆံတွေကို မြင်ယောင်လာမိ၏။ ထို့နောက် ပြုံးလိုက်သည်။

ကလိမ်ကကျစ် အပြုံး။

❤❤❤

ခို း မို း ၀ ၁ ၄ ၀

www.burmeseclassic.com

www.burmeseclassic.com



**လေပြည်** လေညင်းလေးတွေ တဝေ့ဝေ့ တိုက်ခတ်နေသည်။ သစ်ရွက်ခြောက် တချို့က လေညင်းခေါ်ဆောင်ရာသို့ စီးမျောလိုက်ပါရင်း ဝဲလွင့်နေကြ၏။ ပူပြင်းသော နွေရာသီ၏ နွေနေ လယ်ခင်းသည် လေပြည်ညင်း၏ ပံ့ဖော်မှုကြောင့် ကဗျာဆန်စွာ လှပနေသည်။ ကော်ဖီဆိုင်လေးရဲ့ ပြတင်းပေါက်မှ လှမ်းကြည့်လျှင် ထိုမြင်ကွင်းကို မြင်နေရသည်။

ကော်ဖီဆိုင်လေးရဲ့ ပြတင်းပေါက်တစ်ခုနဲ့ ကပ်လျက်ခုံတစ်ခုတွင် ကောင်မလေးနှစ်ယောက် ထိုင်နေကြ၏။ တစ်ယောက်က လေနှင်ရာ ဝဲလွင့်သွားသော သစ်ရွက်ကြွေတွေကို ကြည့်ရင်း

"လူ့ဘဝဆိုတာ လေနှင်ရာ လွင့်မျောနေတဲ့ သစ်ရွက်ကြွေတွေ





လိုပဲ မိခင်သစ်ပင်ကြီးက ခွဲခွာခဲ့ပြီးရင် ဘယ်ဆီ ဘယ်မှာ နားခိုရမယ်ဆိုတာ အတိအကျ မသိရဘူးနော်"

ထိုကောင်မလေးရဲ့ စကားအဆုံးမှာ နောက်တစ်ယောက်က ဝင်ပြောသည်။

"နင်က စာရေးဆရာမတစ်ယောက်ဆိုတော့ ဒါတွေကို ခံစားတတ်မှာပေါ့၊ ငါကတော့ သစ်ရွက်ကြွေတွေကို သစ်ရွက်ကြွေလို့ပဲ မြင်တယ်၊ ဒီ့ထက် ပိုပြီး မမြင်တတ်ဘူး၊ လူ့ဘဝဆိုတာကလည်း ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတဲ့ အကျိုးကျေးဇူးကို ခံစားရမယ် ဒါပဲ"

စာရေးဆရာမဟု အပြောခံရတဲ့ ကောင်မလေးက လှည့်ကြည့်သည်။ ပြီးတော့

"နင်က ငါ လုပ်ခဲ့တဲ့ လုပ်ရပ်တွေကို ဆိုးတယ်လို့ ထင်နေလို့လား"

နောက် ကောင်မလေးက ပခုံးတွန့်ပြ၍

"မသိဘူးလေ မခန့်မှန်းတတ်ဘူး၊ ဒါပေမယ့် လူတစ်ယောက်ကို လိမ်လည်ခဲ့တယ်ဆိုတာတော့ မကောင်းဘူးပေါ့"

စာရေးဆရာမလေးက ပြုံးလိုက်သည်။ ပြီးနောက်

"ဒီလို အဖြစ်အပျက်မျိုးကို ဝတ္ထုတွေထဲမှာပဲ ရှိခဲ့ဖူးတယ်၊ အပြင်မှာ ငါ တစ်ခါမှ မကြုံဖူးဘူး"

"ဒါနဲ့ ကုန်ကြမ်းရှာလိုက်တယ်ဆိုပါတော့"

စာရေးဆရာမလေးက ရယ်လိုက်သည်။ အရယ်ဆုံးမှ

"ငါလည်း မရည်ရွယ်ပါဘူးဟယ်၊ သူ့ဘာသာသူ ကံကြမ္မာက



www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့သူ့ကို တွေ့ဆုံပေးခဲ့တာပါ"

"ဘာလဲ အဲ့ဒီအဖြစ်အပျက်က နင်နောက်ရေးမယ့် စာအုပ်ရဲ့ ပထမစာမျက်နှာလား"

စာရေးဆရာမလေး ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ ပြီးနောက် သူမ သူငယ်ချင်းကို လှမ်းရိုက်လိုက်ကာ

"နင်ကတော့ ငါ့ကိုဆို ပြောတော့မယ် တကယ်ပဲ"

"ဟုတ်တယ်လေ နင့်စာအုပ်တွေကို ဖတ်ရတဲ့ ပရိသတ်တွေက ယုတ္တိရှိရှိ ဇာတ်လမ်းတွေကို ရေးသားတတ်တယ်လို့ ဒါ့ကြောင့် ပြောကြတာထင်တယ်"

"ငါကလည်း လက်တွေ့ဘဝနဲ့ တကယ်အပ်စပ်တဲ့ ဇာတ်အိမ်တွေကိုပဲ အခြေခံပြီး ရေးတာကိုးဟ"

"အေး ဒါပေမယ့် မင်းသမီးက စကားမပြောတတ်ဘဲ အနေတယ်ဆိုတာတော့ ဇာတ်ရုပ်နာလွန်းပါတယ်ဟာ"

စာရေးဆရာမလေးက ထိုစကားကို ကြားပြီး ခန္ဓာကိုယ်လေး သိမ့်သိမ့်တုန်လောက်အောင် လှုပ်ကာ လှုပ်ကာ ရယ်လိုက်မိသည်။ ထို့နောက် အရယ်တစ်ဝက်နဲ့ စကားကို ဆို၏။

"ဒါတော့ မတတ်နိုင်ဘူးဟယ်၊ ငါက သွားနှုတ်ထားတော့ ဆေးထည့်ထားတဲ့ ဂွမ်းကို ကိုက်ထားရလို့ စကားမပြောတာကို သူက အနေတယ်လို့ ထင်သွားတာကိုး"

"ဒါနဲ့ပဲ နင်က ဆက်ပြီး ဟန်ဆောင်လိုက်တယ်ဆိုပါတော့၊ နင်တို့ စာရေးဆရာမတွေကလေ ဉာဏ်ကို များတယ်"

"အဲဒါ ဉာဏ်များတာ မဟုတ်ဘူးဟဲ့၊ လူတစ်ယောက်ရဲ့ မျှော်လင့်





ချက်ကို ဖြည့်ဆည်းပေးလိုက်တာ၊ ဟုတ်တယ်လေ နင်ပဲ စဉ်းစားကြည့် သူက ငါ့ကို G-talk မှာ သူနဲ့ချိန်းထားတဲ့ ကောင်မလေးလို့ ထင်နေတာကိုး၊ ငါက မဟုတ်ဘူးလို့ ပြောလိုက်ရင် သူ ဘယ်လောက် ခံစားသွားရမလဲ"

"အမလေး နေပါ မိန်းမရယ်၊ နင့်အကြောင်း ငါမသိရင်ခက်မယ်၊ နင့်အတွက် ကုန်ကြမ်းရှာချင်တာက များနေတာမလား"

စာရေးဆရာမလေးက ညင်းသွဲ့သွဲ့ တစ်ချက်ရယ်လိုက်ကာ

"အဖြစ်အပျက်လေးကလည်း ကြုံတောင့်ကြုံခဲ တိုက်ဆိုင်နေတာကိုးဟ၊ ဒီလို အဖြစ်အပျက်မျိုးဆိုတာ ကိုယ့်ဘာသာကိုယ် ဇာတ်လမ်းဆင်ပြီး ရေးရင်တောင် ယုတ္တိရှိအောင် စဉ်းစားပြီး ရေးနေရဦးမှာ၊ အခုလိုဆိုတော့ ဘယ်လောက်ဟန်ကျသလဲ၊ တွေးနေစရာမလိုဘူး၊ ဆက်ပြီး ဖြစ်ပျက်မယ့်ဟာတွေ အကုန်လုံး ဇာတ်ကွက်ချည်းပဲ"

"အေးပါ နင်နဲ့တော့ ပြိုင်ပြီး စကားနိုင်လုပြီး ပြောမနေတော့ပါဘူး၊ နင်တို့ စာရေးဆရာမတွေက သူများပြောတာလက်ခံတတ်ကြတာမှ မဟုတ်တာ၊ ဒါကလည်း ထုံးစံပါပဲ၊ ကိုယ်လုပ်တာကိုယ် အကောင်းလို့ပဲ ခံယူတတ်ကြတာလေ"

ထိုကောင်မလေး စကားဆုံးတော့ စာရေးဆရာမလေးက

"နင် မနက်ဖြန် ငါနဲ့လိုက်ခဲ့ရမှာနော်"

"ဘယ်ကိုလဲ"

"ရုပ်ရှင်ရုံကိုလေ၊ ငါ သူနဲ့ ချိန်းထားတယ်"

"ငါ မလိုက်ချင်ဘူးဟယ် နင်တို့ဟာ နင်တို့သွားကြပါ"

"နင်က ငါ့ဝတ္ထုထဲမှာ ဇာတ်ကောင်တစ်ယောက်အနေနဲ့ မပါဝင်



www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူးဆိုတဲ့သဘောပေါ့"

"ငါက ပါရရင် မင်းသမီးနေရာက ပါရမှဖြစ်မှာ"

"ဒါဆိုလည်း နင့်ကို မင်းသမီး တင်ပေးမယ်လေ"

"တော်ပါ ငါက နောက်တာပါ၊ နင်တို့ အရှုပ်ထုပ်ထဲ ဝင်မပါချင်ပါဘူး"

"ဒါပေမယ့် ကူညီတဲ့အနေနဲ့တော့ လိုက်ခဲ့ရမယ်"

ကောင်မလေးက စိတ်ပျက်လက်ပျက်နဲ့ ခေါင်းညိတ်ပြလိုက်သည်။ စာရေးဆရာမလေးက သူ့သူငယ်ချင်းမလေးရဲ့ လက်မောင်းကို ဆုပ်ကိုင်လိုက်ကာ

"နင်က ငါ့ရဲ့ အမြိတ်မ်း အချစ်ဆုံး သူငယ်ချင်းပါ ဒေစီရယ်"

ဒေစီဆိုတဲ့ကောင်မလေးက သူမလက်မောင်းကို ဆုပ်ကိုင်ထားတဲ့ လက်ကို ပုတ်ချလိုက်၍

"တော်ပါ မြလေးရုံရယ် နင်က ငါ့ကို ဒီစကားလုံးနဲ့ပဲ ကိုင်ပေါက်ပြီး ခိုင်းနေတာပါပဲ"

စာရေးဆရာမလေးက ရယ်လိုက်သည်။ ထို့နောက် ဒေစီဆိုတဲ့ကောင်မလေးဘက် လှည့်ကြည့်လိုက်ကာ

"နင့်ကို ငါ ပြောစရာတစ်ခု ကျန်သေးတယ် သိလား"

"ဘာလဲ"

"ငါ အဲဒီနေ့က သူနဲ့ တကယ်ချိန်းထားတဲ့ ကောင်မလေးနဲ့ ငါတွေ့ခဲ့တယ်"

"ဟယ် ဟုတ်လား သူက နင့်ကို ဘာတွေပြောလဲ"

"သူက အဲဒီဆိုင်ကိုလာရင်း လမ်းမှာ ကားအက်ဆီးဒင့်လေး

ဝိုးမိုးစာပေ



တစ်ခုဖြစ်သွားလို့ နောက်ကျသွားတာတဲ့၊ သူရောက်တော့ ငါတို့ နှစ်ယောက်စကားပြောနေတာကို တွေ့တယ်၊ အဲဒါနဲ့ ခပ်လှမ်းလှမ်းကနေ အခြေအနေကို စောင့်ကြည့်နေတာလို့ ပြောတယ်၊ သူနဲ့ ချိန်းထားတဲ့ ကောင်လေး ထပြန်သွားမှ သူက ငါ့ကို လာတွေ့တာ၊ ငါကလည်း အဲဒီနေ့ကျမှ သူနဲ့ချိန်းထားတဲ့ အရောင်အတိုင်း ဝတ်သွားမိလို့ လူမှားခံရတဲ့အကြောင်း ပြောပြလိုက်တယ်"

"နင်က အဲဒါကျတော့ စကားပြောလို့ရသွားရောလား"

"ဘယ်ဟုတ်မလဲဟဲ့ စာနဲ့ရေးပြီးတော့ပဲ ပြောရတာပေါ့၊ သူက တောင် ငါ့ကို စကားမပြောတတ်ဘူးလို့ ထင်သွားသေးတယ်၊ ငါက အဖြစ်အပျက်တွေကို ရှင်းပြလိုက်တော့မှ သူ သဘောပေါက်သွားတယ်၊ ငါကလည်း သူ့နေရာမှာ ဟန်ဆောင်လိုက်ရတဲ့ ရည်ရွယ်ချက်ကို ရှင်းပြရင်း တောင်းပန်လိုက်တော့ သူလက်ခံသွားတယ်"

"ဟုတ်လား နင့်ကိုယ်နင် စာရေးဆရာမလို့ ပြောပြလိုက်တယ်ပေါ့"

သူမက ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက်

"သူကလည်း ငါ့ရဲ့ ပရိသတ်တစ်ယောက်ပဲတဲ့၊ လိုအပ်ရင် သူလည်း ကူညီပေးမယ်လို့ ပြောပြီး သူ့ဖုန်းနံပါတ်တောင် ပေးသွားသေးတယ်"

ဒေစီက ထိုစကားတွေကို နားထောင်ပြီး အဝေးတစ်နေရာကို ငေးကြည့်လိုက်သည်။ ပြီးနောက်

"သနားပါတယ်ဟယ်"

မြလေးရုံက တစ်ချက်လှည့်ကြည့်၍

ဝိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘာကိုသနားတာလဲ၊ မြူလင်းခဆိုတဲ့ ကောင်မလေး ကိုလား"

ဒေစီက ခေါင်းခါပြ၍

"မဟုတ်ဘူး နင်တို့ ဝိုင်းလိမ်တာကို ခံရတော့မယ့် ဟိုကောင် လေးကိုပါ"

သူမတို့ စကားဝိုင်းလေးသည် တိတ်ဆိတ်ငြိမ်သက်ကာ သွား သည်။ မြလေးရုံက အဝေးတစ်နေရာကို ငေးကြည့်ကာ သွားသည်။

ကောင်းကင်မှာ တိမ်တို့ ကင်းစင်နေ၍ မိုးသားပြာပြာကြီးကို အခန့်သား မြင်နေရ၏။ ရွက်ကြွေခြောက်တို့က လေပြည်၏ သယ် ဆောင်ရာသို့ လွင့်မြဲတိုင်း လွင့်ဝဲနေကြသည်။

♥♥♥





**မနက်** ဆယ်နာရီကတည်းက ဘာဝတ်သွားရင် ကောင်း မလဲဟု ထူးခန့် စဉ်းစားနေမိ၏။ သူ့မှာက အဝတ်အစားဆိုလို့ သိပ်များများစားစား ရှိလှတာတော့ မဟုတ်ပါ။ အိမ်နေရင်း အဝတ် အစားအပြင်၊ အပြင်သွားဖို့လာဖို့ သုံးလေးစုံသာ ရှိသည်။ ထိုအထဲက အကောင်းဆုံး ဝတ်စုံကို ထုတ်ထားလိုက်၏။

ဂျင်းဘောင်းဘီ မိုးပြာရောင်နှင့် တီရှပ်အဖြူလေး။

ဂျင်းဘောင်းဘီက ဟိုတလောကမှ သူ့အမေ ဝယ်ပေးထား ခြင်းဖြစ်၍ တစ်ခါမှ ထုတ်မဝတ်ရသေး။ တီရှပ်ကတော့ ကျောင်း တက်ရင်း နှစ်ခါလောက် ဝတ်ပြီးသွားပြီဖြစ်သည်။ သို့သော် သေချာ လျှော်ဖွပ်ပြီး သိမ်းထားသောကြောင့် အသစ်နီးပါး ဖြစ်နေသေး၏။

ထူးခန့်လက်မှ နာရီကိုကြည့်လိုက်တော့ ဆယ့်တစ်နာရီကျော်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီဖြစ်၍ ဖွထားသော သေတ္တာကို ပြန်ပိတ်ကာ ထမင်းစားဖို့ မီးဖိုချောင်ထဲသို့ ဝင်လာလိုက်၏။

ထမင်းစားသောက်ပြီးသွားတော့ ရေချိုးဖို့ ခဏစောင့်လိုက်သည်။ စားပွဲပေါ်မှာတင်ထားသော သတင်းစာကို ဟိုလှန်ဒီလှန်လုပ်ရင်း အချိန်ဖြုန်းနေလိုက်၏။

ဆယ့်နှစ်နာရီထိုးတော့ ရေချိုးသည်။ အရင်တုန်းက ဆပ်ပြာကို တစ်ခါတည်းတိုက်သော်လည်း အခုတော့ နှစ်ခါ၊ သုံးခါ တိုက်ကာ ရေကို ဇိမ်ဆွဲပြီး စိတ်တိုင်းကျ ချိုးပစ်လိုက်၏။ ထို့နောက် အဝတ်အစားလဲ၍ သူ အိမ်က ထွက်လာခဲ့လိုက်ပါတော့သည်။ အိမ်က ထွက်ခါနီးတွင် ဒေါ်ဆွေဦးက သူ့သားကို လှမ်းကြည့်၍

"အဝတ်အစားသစ်တွေ ဝတ်ပြီး ဒါက ဘယ်ကြွမလို့လဲ"

ထူးခန့်က ဒေါ်ဆွေဦးကို လှည့်ကြည့်လိုက်ကာ

"ကျူရှင်ကိစ္စ သွားစုံစမ်းမလို့ အမေ"

"ဒါဆိုလည်း ခါတိုင်းသွားနေကျအတိုင်း သွားပါလား၊ အဝတ်အစားသစ်တွေ ထုတ်ဝတ်ရလား"

"ဒီဘောင်းဘီက အမေဝယ်ပေးပြီးကတည်းက မဝတ်ကြည့်ရသေးလို့ စမ်းဝတ်ကြည့်တဲ့သဘောပါ"

"အမလေး နင့်ခန္ဓာကိုယ်က နေ့ချင်းညချင်း နှစ်ဆလောက် ဘွားလာတာကျနေတာပဲ"

ထူးခန့် ဘာမှမပြောတော့ပဲ ခြံပြင်ဘို့ ထွက်လာလိုက်၏။ ထို့နောက် လမ်းမဘက်သို့ရောက်တော့ Taxi တစ်စီးငှားကာ Junction Za Wa Na ဘက်သို့ ထွက်လာခဲ့လိုက်ပါတော့သည်။

မိုး မိုး ၀၁၆၀



Junction Za Wa Na ရှေ့ရောက်တော့ နေ့လယ်တစ်နာရီကွက်တိ။ ရေခဲမုန့်ဆိုင်လေးမှာ ခဏထိုင်စောင့်လိုက်သေးသည်။ ဆယ့်ငါးမိနစ်လောက် နောက်ကျပြီးတော့မှ ကောင်မလေးက ရောက်လာ၏။

သူမ တစ်ယောက်တည်းမဟုတ်။ ဘေးမှာ သူမ သူငယ်ချင်းပါ ပါလာသည်။ ထုံးစံအတိုင်း ကောင်မလေးက စာနဲ့ရေး၍ သူမ သူငယ်ချင်းအား မိတ်ဆက်ပေးသည်။

သူမ သူငယ်ချင်း နာမည်က ဒေဇီတဲ့။

ထူးခန့်လည်း အဲဒီတော့မှ ကောင်မလေးနာမည်ကို မေးရန် သတိရသွားကာ

"ကျွန်တော် ခင်ဗျားရဲ့နာမည်ကို ဟိုနေ့က မမေးမိလိုက်ဘူး ဘယ်လိုခေါ်လဲဟင်"

ကောင်မလေးက သူမမှာပါလာတဲ့ စာအုပ်ကလေးထဲမှာ ရေးကာပြသည်။

"မြလေးရှုံ"

လှလိုက်တဲ့နာမည်လေး။ လူနဲ့လိုက်ဖက်လှ၏ဟု သူတွေးနေမိ၏။ ကောင်မလေးကလည်း သူ့နာမည်ကိုပြန်မေးပါသည်။

"ရှင့်နာမည်ကရော" (စာဖြင့်)

သူကလည်း ပါးစပ်က မဖြေဘဲ ကောင်မလေးလက်ထဲက စာအုပ်နဲ့ဘောလ်ပင်ယူ၍ ပြန်ရေးပြလိုက်၏။

"ထူးခန့်"

ကောင်မလေးက ပြုံး၍ ခေါင်းညိတ်ပြသည်။ ထို့နောက် သူတို့ ရုပ်ရှင်ရုံရှိရာသို့ ထွက်ခဲ့လိုက်ကြပါတော့သည်။

♥ ♥ ♥

မိုး မိုး ၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ရုံရောက်တော့ စောနေသေး၍ ရုံရှေ့က ကန်တင်းမှာ ထိုင်ရင်း သူတို့ အအေးသောက်ကြ၏။ အခုလို အစိမ်းသက်သက်ကြီး လိုက်လာမိတော့လည်း ထူးခန့်ခမျာ ကြောင်တောင်တောင်ကြီး ဖြစ်နေရသည်။ ဒေစီနဲ့ မြလေးရုံကလည်း သူ့ကိုလည်း စကားမပြောသလို သူတို့အချင်းချင်းလည်း ဘာစကားမှ မပြောဘဲ လူတွေကိုသာ မမြင်ဘူးသလို လိုက်ကြည့်နေသည်။

ထူးခန့်ကတော့ မြလေးရုံနဲ့ စကားပြောချင်ပါသည်။ သို့သော် ဆိုင်မှာ လူတွေများနေသောကြောင့် စာအုပ်တွေ၊ ဘောလ်ပင်တွေနဲ့ စကားပြောနေရမှာဖြစ်၍ မြလေးရုံ ရှက်သွားမှာစိုးသောကြောင့် အသာငြိမ်နေရ၏။ သူမတို့အချင်းချင်း စကားမပြောကြခြင်းမှာလည်း

ဦးမိုး ၁၇၉ ပ



ထိုကဲ့သို့ပင် ဖြစ်လိမ့်မည်ဟု ထူးခန့်တွေးမိ၏။ ထို့ကြောင့် အလိုက်သိစွာ ငြိမ်နေလိုက်သည်။

မြလေးရုံက တိတ်ဆိတ်နေသော စကားဝိုင်းကို သဘောပေါက်လိုက်၍ ထူးခန့်အနေမကျုံ့စေရန် ဒေစီကို မျက်ရိပ်ပြလိုက်ပါသည်။ ဒေစီက မြလေးရုံ ဘာကိုဆိုလိုတယ်ဆိုတာ သိ၍ မသိမသာ ခေါင်းညိတ်ပြလိုက်ကာ ထူးခန့်ဘက်သို့ မျက်နှာမူ၍ တိတ်ဆိတ်မှုကို စတင်ဖြိုခွဲပစ်လိုက်သည်။

“ထူးခန့်က ရုပ်ရှင်ကြည့်တာ ဝါသနာပါလား”

ရုတ်တရက်ကြားလိုက်ရသော စကားကြောင့် ထူးခန့် ယောင်နနနဲ့ လှည့်ကြည့်၍

“တစ်ခါတလေ ကြည့်ဖြစ်ပါတယ်၊ ဒါပေမယ့် များသောအားဖြင့် VCD ထွက်မှပဲ အိမ်မှာ ငှားကြည့်ဖြစ်တာများတယ်”

“ကျွန်မတို့ကတော့ ကိုယ်ကြိုက်တဲ့ကားကို VCD ထွက်သည်အထိ မစောင့်နိုင်လို့ အခုလိုပဲ လာကြည့်ဖြစ်တာ များတယ်၊ ကျွန်မထက် မြလေးရုံက ရုပ်ရှင်ကြည့်တာ ပိုဝါသနာပါတယ်လေ၊ သူကြည့်လို့ လိုက်ကြည့်ဖြစ်ရင်းနဲ့ ကျွန်မလည်း ရုပ်ရှင်စွဲသွားတာ”

ထူးခန့်က မြလေးရုံဘက်လှည့်၍

“ဟုတ်လား မြလေးရုံ”

မြလေးရုံက အသာအယာ ခေါင်းညိတ်ပြကာ သူ့စကားကို တုံ့ပြန်သည်။ ထို့နောက် စာအုပ်ကို ဖွင့်၍ ဘောလ်ပင်နဲ့ ရေးပြ၏။

“ထူးခန့်လည်း နောက်ဆို ရုပ်ရှင်စွဲသွားမှာ သေချာတယ်”

ထူးခန့်က စာကိုဖတ်ပြီး ပြုံးလိုက်ကာ

ဦးမိုး ၁၇၉ ပ

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နောက်တစ်ခါ ရုပ်ရှင်ကြည့်ရင်လည်း ကျွန်တော့်ကို ခေါ်ဦးမှာပေါ့"

မြလေးရုံက ခေါင်းညိတ်ပြ၏။ ထူးခန့် ပျော်ကာသွားသည်။ ထို့နောက် သူတို့စကား ဆက်ပြောကြသည်။

ဒေစီက

"ထူးခန့်ကို နည်းနည်းစပ်စုကြည့်လို့ရမလား"

ထူးခန့်က ဒေစီကို လှမ်းကြည့်၍

"ရပါတယ် ကျွန်တော့်အကြောင်းက စိတ်ဝင်စားစရာတော့ မကောင်းဘူးနော်"

"လူတစ်ယောက်မှာ စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်း တစ်ချက်တော့ ရှိတတ်ကြတယ်တဲ့၊ ဒါတွေကို ကျွန်မတို့ထက် စာရေးဆရာတွေက ပိုသိပါတယ်၊ ဒီစကားကိုလည်း ကျွန်မ ဝတ္ထုတစ်အုပ်ထဲမှာ ဖတ်ဖူးတာပါ"

ဒေစီ့စကားအဆုံးမှာ မြလေးရုံက မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်သည်။ ဒေစီ သူ့ကို မထိတထိ စလိုက်မှန်း သူမ သိ၏။ သို့သော် ဘာမှ ပြန်ပြောလို့မရ၍ ရင်ထဲကသာ ကြိတ်ပြီး ကျိန်ဆဲနေမိပါသည်။

ထူးခန့်ကတော့ ဘာမှမသိသူဖြစ်၍ ဒေစီ့စကားကို အာရုံစိုက်ပြီး နားထောင်နေမိ၏။ ဒေစီက ဆက်ပြောသည်။

"ထူးခန့်က G-talk မှာ စကားပြောပြီး အပြင်မှာချိန်းတွေ့ဖူးတာ မြလေးရုံနဲ့ဆို ဘယ်နှယောက်မြောက်လဲ"

ဒေစီ့စကားက ရိုင်းတယ်ဟု ထင်ရသော်လည်း ပွင့်လင်းစွာ မေးသည့်သဘောလည်း သက်ရောက်နေ၍ စိတ်ဆိုးလို့မရ၊ ဒီလိုပဲ





G-talk မှာ တွေ့တဲ့ ကောင်မလေးတွေကို အပြင်မှာ ချိန်းတွေ့နေတဲ့ လူဟု သူ့ကို တွေးထင်နေပုံရ၍ ထူးခန့်က သူ့အကြောင်းကို ပြန်ရှင်းပြမိသည်။

"ကျွန်တော့်အကြောင်းကို မြလေးရုံက ပြောပြမထားဘူး ထင်တယ်၊ ကျွန်တော်က Internet သုံးတာ မကြာသေးဘူးဗျ၊ ဒါကြောင့် G-talk မှာလည်း အပေါင်းအသင်း သိပ်မရှိဘူး၊ ဒါပေမယ့် ကျွန်တော့်ကို ပြန်ပြီး စကားပြောတဲ့လူဆိုလို့ မြလေးရုံတစ်ယောက်တော့ ရှိတယ်ပေါ့၊ အဲဒါကြောင့် မြလေးရုံကို ကျွန်တော် ခင်မိတာပါ၊ ပြီးတော့ အပြင်မှာ တွေ့ရအောင်ချိန်းတော့လည်း မြလေးရုံက စပြီး ချိန်းတာပါ၊ ကျွန်တော်က မချိန်းရဲပါဘူး"

ဒေစီက မြလေးရုံကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်သည်။ ပြီးနောက် ထူးခန့်ကို ဆက်မေး၏။

"ဒါဆို ထူးခန့်က မြလေးရုံ ချိန်းလို့ လာတွေ့တာပေါ့ ဟုတ်လား"

ထူးခန့်က ကမန်းကတန်း လက်ကာပြလိုက်ကာ

"ဟာ အဲဒီသဘော မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က မြလေးရုံကို ပိုတောင် တွေ့ချင်သေးတယ်၊ ဒါကြောင့် G-talk မှာ ဓာတ်ပုံတွေ ခဏခဏ တောင်းနေတာပါ၊ သူက လူချင်းတွေ့မယ်ပြောတော့ ကျွန်တော်က ပိုတောင် ပျော်သွားပါသေးတယ်၊ အခု တကယ်လည်း တွေ့ရရော ပြောစရာတောင် မလိုတော့ပါဘူးဗျာ၊ ကျွန်တော့်လောက် ပျော်တဲ့လူ ဘယ်ရှိပါ့မလဲ"

ထူးခန့်စကားကြောင့် နှစ်ယောက်စလုံး ရယ်လိုက်ကြသည်။ ထူးခန့်ကလည်း ရှက်ပြုံးကြီး ပြုံးပြီး ခေါင်းငုံ့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မြလေးရုံက ထူးခန့်ကို စာအုပ်ထဲမှာ စာရေးပြီးပြ၏။

"မြလေးရုံကိုတွေ့တော့ ပျော်သွားတယ်ဆိုတာ ဟုတ်လို့လား။ စကားမပြောတတ်တဲ့ကောင်မလေးနဲ့ အပေါင်းအသင်းဖြစ်ရတယ်ဆိုပြီး စိတ်ညစ်မသွားဘူးလား"

"ဟာ မညစ်ပါဘူး၊ စကားမပြောတတ်တာ ဘာဖြစ်လဲ၊ ကျွန်တော့်စိတ်ထဲမှာ ဒါတွေ လုံးဝမရှိပါဘူးဗျာ၊ ဒါက ကံကြမ္မာပါ၊ မြလေးရုံကိုသာ ကျွန်တော် မခင်ရင် ဒီနေ့ ကျွန်တော် ဒီကိုလာပါ့မလား"

ထူးခန့်စကားတွေက တကယ့်ရင်ထဲက လာတဲ့စကားတွေ မှန်းအမူအရာကို ကြည့်၍ သိသာသည်။ ထို့ကြောင့် သူ့ကို လိမ်လည်နေမိတဲ့အတွက် မြလေးရုံ ရင်ထဲမှာ ကိုယ့်ကိုယ်ကိုယ် မလုံမလဲ ခံစားလိုက်ရ၏။

ဒေစီက ဝင်၍

"ဒါဆို ထူးခန့်က မြလေးရုံကို တကယ်ခင်တယ် ဆိုပါတော့"

"ဟာ တကယ် ခင်ပါတယ်ဆို၊ ကျွန်တော့်ဘဝမှာ မိန်းကလေးအပေါင်းအသင်းလည်း သိပ်မရှိပါဘူးဗျာ၊ မြလေးရုံတို့ ဒေစီတို့ကို တကယ်ခင်မိတာပါ"

ဒေစီက ပါးစပ်ကို လက်ဝါးလေးနဲ့အုပ်ကာ ရယ်လိုက်ပြီး

"ခစ် ခစ် ထူးခန့်က မိန်းကလေးတွေနဲ့ ကင်းရှင်းတယ်ဆိုတဲ့ အကြောင်း ကြော်ငြာဝင်တာပေါ့"

မြလေးရုံလည်း ထူးခန့်ကို ကြည့်၍ ရယ်ချင်သွားမိ၏။ သို့သော် ရိုးသားတဲ့ ထူးခန့်ရဲ့ စိတ်ကိုတော့ အသိအမှတ်မပြုဘဲ မနေနိုင်ပါ။

ထိုအချိန်မှာ ဘယ်က ဘယ်လို ရောက်လာမှန်းမသိသော





လူတစ်ယောက် သူတို့ဝိုင်းသို့ ရောက်လာကာ မြလေးရုံအား

"ဟာ ဆရာမ ဘယ်က ဘယ်လို ရောက်လာတာလဲ၊ ဒြော် ရုပ်ရှင်လာကြည့်တာထင်တယ်၊ ဆရာမ အခုတလော ပျောက်နေတယ်နော်၊ ဟိုတလောကတောင် ပြင်ဦးလွင်ဘက် ခရီးထွက်နေတယ် ကြားတယ်"

မြလေးရုံ သူမကို လာနှုတ်ဆက်သူအား ကြည့်ပြီး မျက်စိ မျက်နှာ ပျက်ကာသွားသည်။ ထိုလူက နာမည်ကြီး ဂျာနယ်တိုက် တစ်ခုက သတင်းထောက်တစ်ယောက်။ သူမနဲ့ စာနယ်ဇင်းပွဲတွေမှာ နှစ်ခါ သုံးခါ ဆုံဖူးသည်။

သူမ ပြုံးပြလိုက်ကာ ခေါင်းညိတ်ပြလိုက်၏။ စကားကိုတော့ ယောင်ပြီး မပြောလိုက်မိစေရန် သူမ စိတ်ကို သတိထားပြီး ထိန်းထားလိုက်ရပါသည်။

ထိုလူက ချက်ချင်း ထွက်မသွားသေးဘဲ လေကြောရှည်မလို့ ပြင်ဆင်လိုက်သေး၏။ သို့သော် ကံကောင်းထောက်မစွာ လူတစ်ယောက်က အရေးတကြီး လာခေါ်သွား၍ ယက်ကန်ယက်ကန်နဲ့ ပါကာသွားသည်။ ဒါတောင် သူမကို လှမ်းပြီး

"နောက်မှတွေ့မယ် ဆရာမ၊ ကျွန်တော် ပွဲလေးတစ်ပွဲ ပြေးစရာရှိလို့ အချိန်ကပ်နေလို့ သွားဦးမယ်"

ဟု နှုတ်ဆက်သွားလိုက်သေး၏။ ထိုလူထွက်သွားတော့မှ သူမ သက်ပြင်းကို ခိုးချမိပါသည်။

ထူးခန့်က မြလေးရုံကို ကြည့်၍

"သူက မြလေးရုံကို ဆရာမလို့ ဘာလို့ နှုတ်ဆက်သွားတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



မြလေးရုံ ရင်ထဲမှာ ထိတ်ကနဲ ဖြစ်ကာသွား၏။ ရုတ်တရက်ဆိုတော့ ဘာပြန်ဖြေရမှန်းမသိပဲ ကြောင်ငေးနေစဉ် ဒေစီက ဝင်၍

"ဒီလိုလေ ထူးခန့်ရဲ့၊ မြလေးရုံက အရင်က ဟိုဟာလေ ဟိုဆွံ့အ နားမကြားကျောင်းမှာ လုပ်အားပေးဆရာမ ဝင်လုပ်ဖူးတယ်၊ ခုနလူက ဆွံ့အ နားမကြားကျောင်းက အဲ ဟိုဟာ ဂိတ်စောင့် ဂိတ်စောင့်၊ အဲဒါကြောင့် မြလေးရုံကို တွေ့တော့ နှုတ်ဆက်သွားတာ"

ယုတ္တိရှိတာ မရှိတာ အပထား။ လောလောဆယ် ဒေစီ့ဆီက အဖြေတစ်ခုရလိုက်၍ မြလေးရုံက ဒေစီ့ကို ကျေးဇူးတင်တဲ့ အကြည့်နဲ့ လှမ်းကြည့်လိုက်သည်။ ထူးခန့်ဆိုတဲ့ ငတိကလည်း ဒါကို ယုံသွားသည်။

ဆွံ့အ နားမကြားကျောင်းမှာ စကားမပြောတတ်သူက လုပ်အားပေးဆရာမ သွားလုပ်တယ်ဆိုတော့ ဖြစ်နိုင်သည်ဟု သူတွေးလိုက်မိသောကြောင့် ဖြစ်သည်။ နှုတ်ဆက်သွားသူကလည်း အသားမဲခြောက်ခြောက်နှင့် ပြူးတိပြူးကြောင်နဲ့ဆိုတော့ ဂိတ်စောင့်ရာထူးနဲ့ လိုက်ဖက်လှ၏။ သူဦးနှောက်ကလည်း ဒီ့ထက်ပို၍ မတွေးတတ်တော့သောကြောင့် ထိုကိစ္စက အဲ့ဒီအဆင့်မှာတင် ရပ်တန့်သွားကာ ကိစ္စပြီးသွားတော့သည်။

ထို့နောက် သူတို့ ရုပ်ရှင်ကြည့်ကြသည်။ အပြန်ကျတော့ ညနေစောင်းနေ၍ ဗိုက်ဆာသည်ဆိုသဖြင့် မြို့ထဲဘက်သွားကာ ထမင်းသွားစားကြသည်။ ထမင်းဖိုးကို သူကရှင်းမယ်လုပ်တော့ မြလေးရုံက အတင်းထရှင်းသည်။ ထူးခန့်က

"ကျွန်တော် ရှင်းပါရစေဗျာ၊ ရုပ်ရှင်လည်း ပြပြီးပြီ Taxi ဖိုးတွေ





လည်း မြလေးရုံတို့ပဲ ရှင်းတယ်၊ ဒါတစ်ခုတော့ ကျွန်တော် ပေးပါရစေ"

ထိုတော့မှ မြလေးရုံက လက်ခံ၏။

ထူးခန့် တော်တော်ပျော်နေသည်။ လိုက်လာမိစက ပျင်းသယောင်ယောင်ရှိသော်လည်း နောက်ပိုင်း စကားပြောရင်း ပြောရင်းနှင့် ရင်းနှီးမှုတွေ ရသွားတော့ ပျော်စရာကောင်းသွားသည်။

မြလေးရုံနဲ့ဆို ပိုပြီး ရင်းနှီးမှုရှိသွားသည်ဟု သူ့စိတ်ထဲမှာ ထင်နေမိသည်။ ပြီးတော့ မြလေးရုံအပေါ် သူ့ရင်ခုန်သံက ပိုလာသည်ဟုလည်း ထင်မိ၏။

အပြန်လမ်းခရီးမှာ ခွဲရတော့မယ်ဆိုပြန်တော့ လွမ်းသလိုလို။

ထို့ကြောင့် လမ်းခွဲခါနီး မြလေးရုံကို တိုးတိုးလေးကပ်ကာ

"မြလေးရုံ"

သူမက မျက်ဝန်းတောက်တောက်ကလေးတွေနှင့် မော့ကာကြည့်တော့

"ကျွန်တော့်ကို နောက်တစ်ခါ အပြင်ထွက်လို့ရှိရင်လည်း ခေါ်ပါလားဗျာ"

ထူးခန့်အသံက တိုးတိုးလေးဖြစ်၏။ သို့သော် မြလေးရုံ ကောင်းကောင်း ကြားပါသည်။

တစ်စုံတစ်ခုအတွက် တောင်းပန်တိုးလျှိုးနေသလို အဖျားခတ်တုန်ယင်နေသည်။ သို့သော် မြလေးရုံ ရင်ထဲသို့ စူးစိုက်စွာ ဝင်ရောက်သွား၏။

သူမ တစ်ခဏ ထူးခန့်ကို ကြောင်ကြည့်နေပြီးမှ တအုပ်နဲ့ ဘောလ်ပင်ကို ထုတ်လိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့တစ်ပတ် နေ့လယ်တစ်နာရီ စောင့်နေကျဆိုင်လေးမှာပဲ စောင့်နေနော်၊ မြလေးရုံ လာခဲ့မယ်"

"တကယ်"

ထူးခန့်ထံမှ အပျော်တွေ ပေါင်းစုထားသော အာမေဍိတ်သံ ထွက်ကာသွား၏။ မြလေးရုံ သူ့ရှေ့က ညင်သာစွာ လှည့်ထွက်သွားကာ ငှားထားတဲ့ ကားပေါ် တက်သွားသည်။

သူတစ်ယောက်တည်း မြို့လယ်ကောင်ကြီးမှာ အပူရှပ်သွားသူတစ်ယောက်လို ကတုန်ကယင်ကြီးဖြစ်ကာ ကျန်ရစ်ခဲ့တော့သည်။

သူ ရုတ်တရက် အချစ်ဖျား တက်သွားခြင်းပင်ဖြစ်ပါသည်။ အချစ်ဖျားက ငှက်ဖျားထက်ပင် ဆိုးကြောင်း တက်ဖူးသူတို့ သိကြလိမ့်မည် ထင်ပါသည်။

♥♥♥



**တစ်** ပတ်ဆိုသည့် အချိန်သည် ယခင်က ဘယ်လိုကုန်သွားမှန်းမသိ ကုန်သွားသော်လည်း အခုတော့ နှစ်ပေါင်းများစွာကြာအောင် စောင့်နေရသလို အချိန်တွေက ကြာမြင့်လွန်းလှ၏။ ထိုတစ်ပတ်အတွင်းတွင် ထူးခန့်တစ်ယောက် ပေါင်ကြား ခဲညပ်နေသလို နေမထိ ထိုင်မသာဖြစ်ကာ နေလေသည်။ ပိုဆိုးတာက G-talk မှာ Aprilrain ဆိုတဲ့နာမည်က offline ဖြစ်နေခြင်းပင်ဖြစ်သည်။ ယခင်ကဆို နေ့တိုင်းနီးပါး online မှာရှိနေသော နာမည်က အခုရက်ပိုင်းတွေမှာ လုံးလုံးလျားလျား မတွေ့ရတော့။

လူချင်းမတွေ့ရရင်တောင် G-talk လေးပြောနေရရင် ဖြေသာ သေးသည်။ အခုတော့ လူလည်း မတွေ့ရ စကားလည်း မပြော

www.burmeseclassic.com



တော့။

ခြေရာလည်းဖျောက်၊ ရေလည်းပျောက်သွားတဲ့သဘောလား မသိပေ။ သို့သော် မြလေးရုံပုံစံက ဒီလိုလုပ်တတ်တဲ့ မိန်းကလေးမျိုး မဟုတ်ဘူးလို့တော့ သူထင်မိ၏။

နောက်ဆုံးတော့ အလွမ်းတွေကို ရင်ဝယ်သိမ်းပိုက်ရင်း ထုံးစံအတိုင်း မင်းနိုင်ကိုသာ ရင်ဖွင့်ရပါတော့သည်။

ကိုယ်တော်ချောက အရက်ပုလင်းလေး ထောင်ပေးလိုက်တော့ လိုလိုလားလား နားထောင်ပေးမည်ဟု သဘောတူညီချက်ရ၏။ နေရာကတော့ ထုံးစံအတိုင်း ကင်းတဲပေါ်မှာ။

သူက စ၍ မင်းနိုင်ကို ကြုံတွေ့ခဲ့ရသမျှကို ရှင်းပြလိုက်သည်။ စကားမပြောတတ်တဲ့ ကိစ္စတစ်ခုကိုတော့ မြလေးရုံရဲ့ ဂုဏ်သိက္ခာအတွက် သူ ချန်ထားလိုက်ပါသည်။ ထိုသို့ ရှင်းပြပြီးတော့မှ

"ငါ့ကို မပတ်သက်ချင်တော့ဘူးဆိုရင်လည်း ပထမတစ်ခေါက်တွေ့ပြီးကတည်းက ရုပ်ရှင်ကြည့်ဖို့ ခေါ်မှာမဟုတ်ဘူးကွ၊ နောက်ပြီး ရွှေ့တစ်ပတ်ထဲမှာလည်း ငါနဲ့တွေ့ဖို့ ချိန်းမှာမဟုတ်ဘူး၊ ဒါပေမယ့် ဘာလို့ G-talk ကို ပိတ်ထားလည်းဆိုတာကို ငါနားမလည်ဘူး"

မင်းနိုင်က တွေးတွေးဆဆ အမူအရာနှင့်

"သူ့ရဲ့ တန်ဖိုးကို ထိန်းသိမ်းလိုက်တဲ့ သဘောလားမှ မသိတာ"

ထူးခန့်က မင်းနိုင်ရဲ့စကားကို နားမရှင်းသည့်သဘောနှင့် ပြန်၍

"မင်းက ဘာကိုဆိုလိုတာလဲ"

"ဒီလိုလေကွာ သူက မင်းနဲ့လည်း အပြင်မှာ နှစ်ခါလောက်





တွေ့ပြီးသွားပြီ၊ ပြီးတော့ ရွှေ့တစ်ပတ်ထဲမှာလည်း မင်းနဲ့ တွေ့ဖို့ ထပ်ချိန်းထားတယ်ဆိုတော့ သူ့ဘက်က နည်းနည်းဈေးပေါသလို တွေးလိုက်မိလားမှမသိတာ၊ ဒါကြောင့် အပြင်မှာလည်း တွေ့တယ်၊ G-talk မှာလည်း စကားပြောတယ်ဆိုတော့ သူ့ကိုယ်သူ မကောင်းတော့ဘူးလို့ ထင်မိသွားတယ်လို့ ငါထင်တယ်၊ အဲ့ဒါကြောင့် G-talk ကို ပိတ်ထားတာ ဖြစ်မှာပေါ့"

မင်းနိုင်ရဲ့ ခန့်မှန်းချက်က ဖြစ်နိုင်ချေရှိ၍ သူလက်ခံမိ၏။

"ဒါဆို ငါ ဘာဆက်လုပ်ရမလဲ"

"မင်းကိုယ်မင်း ပြတ်သားအောင် အရင်ဆုံးဖြတ်ရမယ်၊ မင်း သူ့ကို ချစ်နေပြီလား"

ထူးခန့်က ချက်ချင်းမဖြေသေးဘဲ တွေဝေနေသည်။ ခဏကြာတော့မှ။

"ငါ သူ့ကို ချစ်နေမိပြီထင်တယ်ကွာ၊ ငါ သူနဲ့နှစ်ခါလောက်ပဲ တွေ့ရသေးပေမယ့် အခုလို သူနဲ့ မတွေ့ရတဲ့ရက်တွေမှာ ငါ ဘယ်လိုမှနေလို့မရဘူးဖြစ်နေတယ်၊ သူနဲ့ အချိန်ရှိသရွေ့ သူ့မျက်နှာလေး ကြည့်ပြီး စကားပြောချင်နေမိတယ်၊ နောက်ဆုံး မျက်နှာလေး မတွေ့ရင်တောင် G-talk လေးတော့ ပြောချင်နေမိတာအမှန်ပဲ"

မင်းနိုင်က သက်ပြင်းကိုချသည်။

"အဲဒါဆို မင်း သူ့ကို ချစ်နေတာ သေချာတယ်ကွ"

ထူးခန့်က

"ဒါဆို ငါ ဘာလုပ်ရမလဲဟင်"

"ဟ ဘာလုပ်ရမှာလဲ ဖွင့်ပြောလိုက်ပေါ့ကွ ရှင်းရှင်းလေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အချိန်ကာလတိုတိုလေးအတွင်းမှာ ဖွင့်ပြောလိုက်လို့ သူ့ကို အထင်သေးတယ်ဆိုပြီး ငါ့ကို မုန်းသွားရင် ဘယ်လိုလုပ်မလဲ"

"ဒါကတော့ မင်းသဘောပဲလေ အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူးဆိုတဲ့ စကားလည်း မင်းကြားဖူးမှာပါ။ အချိန်နဲ့ဒီရေက လူကို မစောင့်ဘူးနော် ဟေ့ကောင်၊ တော်ကြာ မင်း ငါ့လို ကျန်ရစ်ဖြစ်နေဦးမယ်"

ထူးခန့်က သက်ပြင်းကို ချကာ ခေါင်းငိုက်စိုက်ကျသွားသည်။ မင်းနိုင် ပြောသလို ကျန်ရစ်ဘဝတော့ အဖြစ်မခံနိုင်ပါ။ မြလေးရုံကို ဆုံးရှုံးရမှာ သူ ကြောက်သည်။ တစ်ဖက်က တွက်ကြည့်တော့လည်း ရည်းစားတစ်ခါမှ မထားဖူး၍ မိန်းကလေးတစ်ယောက်ကို အချိန်ကာလအတိုင်းအတာ ဘယ်လောက်အထိ ယူပြီးတော့မှ ချစ်တယ်ဆိုတဲ့စကားကို ပြောဖို့သင့်မှန်း သူ မခန့်မှန်းတတ်။ ထိုစကားကြီးကို ပြောရမှာ မဝံ့မရဲဖြစ်နေမိသည်။ ကြောက်နေတယ်ဆို ပိုမှန်မည်။

မင်းနိုင်က သူ့အတွေးတွေကို သိနေသည့်အလား ပခုံးပုတ်လိုက်ကာ

"သိပ်လည်း တွေးပူမနေပါနဲ့ ထူးခန့်ရာ၊ မိန်းကလေးတစ်ယောက်က မင်းကို ထပ်တွေ့မယ်ဆိုပြီး ချိန်းကတည်းက အဲ့ဒီမိန်းကလေးက မင်းအပေါ်ကို သံယောဇဉ် တစ်စုံတစ်ရာရှိလို့ ချိန်းတယ်လို့ မှတ်ယူထားလိုက်၊ တကယ်လို့သာ သူ မင်းအပေါ်ကို မလိုလားဘူးဆိုရင် ပထမတစ်ခါတွေ့ကတည်းက ထပ်ချိန်းစရာအကြောင်းမရှိဘူး ပွဲပြတ်သွားပြီ"

မင်းနိုင် စကားကြောင့် ထူးခန့် အားတက်သွားသည်။ သို့သော်





ဒီ့ထက်သေချာတဲ့ စကားလေး ထပ်ကြားချင်သေး၍

"သူက ငါ့ကို ဖြူဖြူစင်စင် တကယ်ခင်လို့ ချိန်းတာဆိုရင်ရော"

မင်းနိုင်က စိတ်မရှည်နိုင်တဲ့ လေသံနှင့်ပြန်ပြီး

"မင်းကို ဟိုက ကျွန်မက ရှင့်ကို ချစ်မိနေလို့ ချိန်းတာပါရှင်လို့တော့ ပြောမလားကွ၊ ဒီလိုပဲ ခင်ရာမင်ရာကနေ သံယောဇဉ်ဆိုတာ ဖြစ်လာတာပဲလေ၊ ဟိုက မင်းကို စတွေ့တွေ့ချင်း ကျွန်မ ချစ်မိသွားပါပြီရှင်လို့ ဆိုရအောင် မင်းက ရုပ်ရှင်မင်းသားလား၊ ငတုံး ဒါတောင်နားမလည်ဘူး၊ ဒါများ အချစ်အကြောင်းကို ငါ့ထက်သိသလေးဘာလေးနဲ့ အလကားကောင်"

မင်းနိုင်က ဂွင်ဝင်တုန်း မကျေနပ်ချက်လေးတွေ ခနဲ့တော့သည်။ ထူးခန့် အခုချိန်မှာ ဘာမှပြန်မပြောနိုင်ပဲ ခေါင်းငုံ့ခံနေရ၏။ သူက ရေနစ်နေသူကိုး။ ကောက်ရိုးတစ်မျှင်အဖြစ် မင်းနိုင်ကို ဖက်တွယ်ထားရ၏။

မင်းနိုင်ပြောတဲ့စကားတွေကလည်း ယေဘုယျအားဖြင့် မှန်နေ၍ လက်ခံမိ၏။

ထို့ကြောင့်

"ဒါဆို ငါ သူ့ကို ဖွင့်ပြောသင့်ပြီပေါ့"

"ပြောလိုက်တော့ ဟေ့ကောင် ဘာမှစဉ်းစားမနေနဲ့၊ ဒီတစ်ခါတွေ့ရင် ရဲရဲဝံ့ဝံ့ ပြောသာချလိုက်တော့၊ အဲ့ဒီအတွက် သူ မင်းကို ပါးတော့ ရိုက်မလွှတ်ဘူး သေချာတယ်"

"မင်း ဥပမာကလည်းကွာ ပါးရိုက်တာနဲ့များ နှိုင်းရတယ်လို့"

"ငါက အဆိုးဆုံးကို ပြောပြတာပါ၊ အဲ့ဒီလောက်အထိ အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေမဆိုးဘူးဆိုတဲ့အကြောင်း ပြောပြတာ”

ထူးခန့် အဝေးတစ်နေရာကို ငေးမောသွား၏။ သူတို့စကားဝိုင်းလေးက မင်းနိုင်၏ အရက်ခွက်ကို အငမ်းမရ မော့သောက်နေသံမှလွဲ၍ တိတ်ဆိတ်ငြိမ်သက်ကာနေသည်။

ခဏအကြာမှတော့ ထူးခန့်က စိတ်ကို ဒုံးဒုံးချလိုက်ဟန်နှင့်

“ဖြစ်ချင်ရာဖြစ်ကွာ ဒီတစ်ခါတွေ့ရင် ငါပြောချလိုက်တော့မယ်”

“ဒါမှပေါ့ကွ သတ္တိရှိစမ်းပါ ချသာချ”

ထို့နောက် မင်းနိုင်က အရက်တစ်ခွက်ကို ကမ်းပေးလိုက်သည်။ ထို့နောက် ခွက်ကို ကိုင်မြှောက်ပြ၍

“မင်းရဲ့ အောင်မြင်မှုကို ကြိုတင်ဂုဏ်ပြုတဲ့အနေနဲ့ ဝမ်းစတုတ်”

စကားဆုံးတော့ အရက်ကို ပြိုင်တူမော့ချပစ်လိုက်ကြသည်။

ရင်ထဲမှာ ပူကနဲ။

❤❤❤

ဦး မိုး ၀၁၄၂



## တစ်ပတ်ကြာပြီးနောက်

ဦး မိုး ၀၁၄၂

www.burmeseclassic.com

www.burmeseclassic.com



ရှိုး ပိတ်ရက်လည်းမဟုတ်၊ အခါကြီးရက်ကြီးလည်း မဟုတ်သော သာမန်နေ့ရက်တစ်ရက်ဖြစ်ပါသည်။ လူတွေက သူ့ရည်ရွယ်ချက်နဲ့သူ ရွေ့လျားသွားလာနေကြ၏။ ထူးခန့်တစ်ယောက်လည်း ရည်ရွယ်ချက်ရှိရှိပင် အိမ်က ထွက်လာခဲ့သည်။ သူ ဒီနေ့ အိမ်က ထွက်လာရတဲ့ ရည်ရွယ်ချက်က သူ့ဘဝအတွက် ထူးခြားသည်ဟု ဆိုရမည်။ သူ့ဘဝသက်တမ်းတစ်လျှောက် တစ်ခါမှ မဆိုခဲ့ဖူးသော စကားကို ဆိုရန် သူအိမ်က ထွက်လာခဲ့ခြင်းဖြစ်သည်။

သူ တစ်ပတ်လုံးလုံး ခံစားချက်ပေါင်းများစွာနှင့် စောင့်မျှော်နေရပြီး အလွန်တွေ့ချင်နေသော မျက်နှာလေးတစ်ခုကို တွေ့ရန်နှင့် ခေတ်အဆက်ဆက် လူသားတို့ များစွာအသုံးပြုခဲ့ကြသော မရိုးနိုင်ဘဲ အမြဲဆန်းသစ်နေသည့် စကားလေးတစ်ခွန်းပြောရန် သူ အိမ်က





ထွက်လာခဲ့သည်။

ထုံးစံအတိုင်း ရေခဲမုန့်ဆိုင်လေးကို ရောက်တော့ နေ့လယ်တစ်နာရီတိတိ။ သူကတော့ အချိန်မှန်ပင်ဖြစ်သည်။ ကောင်မလေးကတော့ မရောက်သေး။ သူ စတော်ဘယ်ရီရေခဲမုန့်တစ်ခွက်နှင့် ချောကလက်ရေခဲမုန့်တစ်ခွက်ကို မှာထားလိုက်သည်။ စတော်ဘယ်ရီက သူ့အတွက်၊ ချောကလက်ကတော့ သူ့ဆီကို ရောက်မလာသေးသော ကောင်မလေးအတွက်။

ခဏကြာတော့ ကောင်မလေး ရောက်လာလာ၏။ ဒီနေ့ကျမှ ခါတိုင်းနေ့တွေထက် ထူးထူးခြားခြား လင်းလင်းပွင့်ပွင့် ကောင်မလေးက လှနိုင်လွန်းလှသည်။ ခါတိုင်းလှတာထက် ပို၍လှပနေခြင်းကို ဆိုလိုပါသည်။

မြလေးရုံက သူမရှေ့က ရေခဲမုန့်ခွက်ကလေးကို ကြည့်ကာ ပြုံးသွားပြီး စာအုပ်ကလေးနဲ့ ဘောလ်ပင်လေးကို ထုတ်လိုက်သည်။ ပြီးနောက်

“အလိုက်သိမှုအတွက် ကျေးဇူးပါ”

ထူးခန့်က ဘာမှပြန်မပြောပါ။ ခေါင်းသာညိတ်ပြလိုက်ပါသည်။

မြလေးရုံက ရေခဲမုန့်ခွက်ထဲက ကော်ဇွန်းလေးကိုကိုင်၍ တစ်ဇွန်းခပ်စားလိုက်၏။ သာမန်စားနေကျအတိုင်း မြလေးရုံက စားလိုက်ခြင်းဖြစ်သော်လည်း ထူးခန့်စိတ်ထဲမှာ ထိုအပြုအမူကလေးက အလွန်လှပကာနေသည်။ ဇွန်းပေါ်က ရေခဲမုန့်အညိုရောင်လေး များနေရာမှာ သူ့နှလုံးသားလေး တဖျပ်ဖျပ် ခုန်ကာပါသွားသလို ခံစားနေရသည်။ ဆိုင်ယောင်နေမိ၏။ ပြီးတော့ သူ စဉ်းစားသည်။

ရည်းစားစကားကို ဘယ်က စပြောရမလဲ။ ပြီးတော့ ဘယ်အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပြောသင့်သလဲ။ သူ့ခေါင်းထဲမှာ အဖြေက အတိအကျ ပေါ်မလာခဲ့၊ ရည်းစားစကားဆိုတာကလည်း ဓာတုဗေဒသီအိုရီတွေလို ဘယ်ဒြပ် ပေါင်းတစ်ခုဖြစ်လာဖို့ ဘယ်ဒြပ်စင်နဲ့ ဘယ်ဒြပ်စင်ကို ရောစပ်ရမည် ဆိုပြီး အတိအကျရှိတာမဟုတ်။ ထို့ကြောင့် ဘယ်အချိန်မှာ ပြောသင့် သည်ဆိုတာမျိုး မရှိပေ။ ကိုယ်ပြောလိုက်တဲ့ အချိန်သာလျှင် အတည် ယူရမည့်အချိန်ဖြစ်သည်။

ထူးခန့်ရင်ထဲမှာ အချိန်ကြာလာသည်နှင့်အမျှ ကတုန်ကယင် ကြီးဖြစ်လာသည်။

အမူအယာပျက်နေတဲ့ သူ့ပုံစံကိုကြည့်၍ မြလေးရှုံက

"ဘာဖြစ်နေတာလဲဟင် နေမကောင်းဘူးလား" (စာဖြင့်)

သူက ယောင်နန‌နှင့်

"ဘာမှမဖြစ်ပါဘူး ဟိုဟာ ဖြစ်နေလို့ပါ"

ပြောပြီးသွားမှ သူ့စကားမှားသွားမှန်းသိ၏။ ဘာမှမဖြစ်ပါဘူးလဲ ဆိုသေးသည်။ ဟိုဟာဖြစ်နေလို့ပါဆိုတော့ အဓိပ္ပာယ်မရှိလှ။

မြလေးရှုံက

"ဘာဟိုဟာလဲဟင်၊ ဘာဖြစ်တာလဲ" (စာဖြင့်)

သူ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွား၏။ ဒီအချိန်မှာ ချစ်တယ်လို့ ထပြောလိုက်ရင် ဘယ်လိုနေမလဲ။ ကောင်မလေးက စကားမပြော တတ်၍ သာမန်လူတွေထက် စိတ်အားငယ်ချင်ငယ်နေလိမ့်မည်။ ဒါကို အခွင့်ကောင်းယူပြီး အထင်သေးစွာ သူမကို ဆက်ဆံလိုက်တာ ပဲဟု ထင်သွားရင် ဒုက္ခ။

သူကရော စကားမပြောတတ်တဲ့ အားနည်းချက်ရှိနေလို့



မြလေးရှုံကို သနားကရုဏာသက်ပြီး ချစ်မိသွားတာလား။

သူ့ကိုယ်သူ ပြန်စဉ်းစားကြည့်၏။ ဒါကလည်း သူ ချစ်မိသွားတဲ့ အကြောင်းအရင်းတွေထဲက ကဏ္ဍတစ်ခုအနေနှင့် ပါချင်ပါနေလိမ့် မည်။ သို့သော် စကားမပြောတတ်တာ တစ်ခုတည်းအတွက်တော့ မဟုတ်ပါ။ သူ့ရင်ထဲက ကောင်မလေးအပေါ် အဖြူရောင်မေတ္တာနှင့် တကယ်ချစ်မိသွားခဲ့သောကြောင့် ဖြစ်ပါ၏။

ထို့ကြောင့် အရင်ဆုံး သူ့အကြောင်းတွေကို ကောင်မလေးကို ဖွင့်ပြောပြဖို့ ဆုံးဖြတ်လိုက်ပါတော့သည်။ ဒါမှ ကောင်မလေး သူ့ကို စဉ်းစားနေချိန်တွင် ထိုကိစ္စတွေကိုပါ ထည့်ပြီး စဉ်းစားနိုင်ရန် ဖြစ်သည်။

သူကသာ သူ့အတွေးနဲ့ သူ ရှုပ်ယှက်တွေ ခတ်နေရသူဖြစ်၍ မြလေးရှုံက ဘာမှသိသူတစ်ယောက် မဟုတ်သောကြောင့် သူ့ဆီက ပြန်ပြောလာမည့်စကားကိုသာ အာရုံစိုက်၍ နားထောင်နေမိ၏။

ထူးခန့်က လည်ချောင်းတစ်ချက်ရှင်းလိုက်ကာ

"ကျွန်တော်တို့က မချမ်းသာပါဘူး မြလေးရှုံ၊ နေနိုင် စားနိုင်ရုံ လောက်ရှိတဲ့ လူလတ်တန်းစား မိသားစုတစ်စုပါ"

အဆက်အစပ်မရှိဘဲ ရုတ်တရက်ပြောချလိုက်သော ထူးခန့်ရဲ့ စကားကြောင့် မြလေးရှုံ ကြောင်တောင်တောင်ကြီး ဖြစ်သွားသည်။ ထို့နောက် အံ့ဩတကြီး စိုက်ကြည့်မိသွားသည်။ ပါးစပ်က အာမေဋိတ် သံ လွှတ်ခနဲ ထွက်မသွားမိအောင်တောင် မနည်းထိန်းလိုက်ရပါသည်။

ထူးခန့်က သူ့စကားကြောင့် မြလေးရှုံ အံ့ဩသွားတာကို သိ သည်။ သို့သော် စကားက စပြီးသွားပြီမို့ ရှေ့ဆက်ရန်သာ ရှိတော့၏။

"ကျွန်တော့်အဖေက ဌာနတစ်ခုက ရုံးအုပ်တစ်ယောက်ပါ၊ အမေ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ အိမ်မှာ ကုန်စုံဆိုင်လေးတစ်ခု ဖွင့်ထားပါတယ်၊ ကျွန်တော်က တစ်ဦးတည်းသောသားပါ၊ ကျွန်တော်တို့က မိသားစု သုံးယောက်ပဲ ရှိပါတယ်"

ထူးခန့်ပုံစံက မိန်းကလေးတစ်ယောက်ကို ရည်းစားစကား ပြောဖို့ စကားလမ်းကြောင်းနေသူနဲ့မတူဘဲ အလုပ်အင်တာဗျူးတစ်ခု မှာ အလုပ်မရမှာစိုး၍ အလုပ်ရှင်ကို မိသားစု အခက်အခဲတွေ တင်ပြပြီး အသနားခံနေသူတစ်ယောက်နဲ့ တူနေသည်။

မြလေးရုံကတော့ ထူးခန့် ဘာတွေပြောနေမှန်းမသိ၍ ကြက်သေ သေကာ ကြည့်နေမိသည်။ ထူးခန့်က မြလေးရုံကို မကြည့်တော့ဘဲ အရည်ပျော်စပြုနေတဲ့ ရေခဲမုန့်ခွက်ကြီးကိုသာ ငေးစိုက်ကြည့်ရင်း

"ကျွန်တော်က ဒီနှစ်ကျောင်းပြီးသွားရင် သင်္ဘောလိုက်ဖို့ လုပ် ထားပါတယ်၊ အဆင်ပြေမယ်လို့ ထင်ပါတယ်၊ တကယ်လို့ အဆင် မပြေခဲ့ရင်လည်း ကျွန်တော့်အဖေရဲ့ မိတ်ဆွေတစ်ယောက် ကုမ္ပဏီ မှာ Supervisor အလုပ်ကို ဝင်လုပ်ဖို့ ရည်ရွယ်ထားပါတယ်၊ အဲဒါ မြလေးရုံ ဘယ်လို သဘောရလဲ"

မြလေးရုံဆီက လှုပ်ရှားမှု မတွေ့ရ၍ သူ မော့ကြည့်လိုက်တော့ မြလေးရုံက သူ့ကို ငေါင်ငေါင်ကြီး ထိုင်ကြည့်နေသည်ကို တွေ့လိုက် ရသည်။ သူ စကားပြော လောသွားပြီဆိုတာ ထူးခန့် သိလိုက်၏။

ဖြစ်သင့်တာက မြလေးရုံကို ကျွန်တော် ချစ်နေလို့ ဒီအကြောင်း တွေကို ပြောပြနေတာပါဟု အရင်ဆုံး ပြောပြီးမှ သူမ သဘောထား ကို မေးရမှာဖြစ်သည်။ အခုတော့ ဘာရည်ရွယ်ချက်နဲ့ သူ့အကြောင်း တွေ ရှင်းပြနေမှန်း မသိ၍ မြလေးရုံက သူ့ကို လူထူးလူဆန်း





တစ်ယောက်လို ကြည့်နေပေပြီ။

သူ ပါးစပ်က ချစ်တယ်ဆိုတဲ့ စကားကို ဖွင့်မပြောရဲ၍ မြလေးရုံ ဆီက စာအုပ်ကလေးကို လှမ်းယူလိုက်ကာ ဘောလ်ပင်နဲ့ စာကြောင်း တချို့ ရေးပြီး သူ ထထွက်လာခဲ့လိုက်တော့၏။

မြလေးရုံတစ်ယောက်သာ အံ့သြခြင်းများစွာနှင့် နေရာမှာ တင် ထိုင်ရင်း ကျန်ရစ်ခဲ့ပါသည်။ ထို့နောက် ထူးခန့်ရေးသွားသော စာကြောင်းတွေကို လှန်၍ ဖတ်လိုက်တော့

*မြလေးရုံကို ကျွန်တော် ချစ်နေလို့ပါ။*

*အဲဒါကြောင့် ကျွန်တော့်ကို စဉ်းစားရင် ကျွန်တော့် အကြောင်းတွေကိုလည်း ထည့်ပြီး စဉ်းစားလို့ရအောင် ပြောပြရ တာပါ၊ တစ်ဘဝလုံး ရည်ရွယ်တာပါ မြလေးရုံရယ် ယုံပါ။*

*ကျေးဇူးပြုပြီး မမုန်းလိုက်ပါနဲ့နော်။*

*ကျွန်တော့်ကို အဖြေပေးချင်ရင် G-talk မှာ ရှေ့တစ်ပတ် ဒီအချိန် လှမ်းပြီး စာပို့လိုက်ပါနော်။*

*လူချင်းတွေ့ပြီး မြလေးရုံဆီက ကျွန်တော့်ကို ငြင်းပယ် လိုက်တဲ့ အဖြေစကားတွေ မကြားရဲလို့ပါ။*

*မျှော်လင့်ခြင်းများစွာနဲ့ online ပေါ်မှာ စောင့်မျှော်ပါ့မယ်၊*

စာကိုဖတ်ပြီး မြလေးရုံ ထိုင်နေမိသည်။ သူမ မျက်နှာပေါ် မှာလည်း ပုံရိပ်သဏ္ဍာန်အမျိုးမျိုး ဖြတ်သန်းကာသွားၿ၏။

မျက်ဝန်းတစ်စုံကတော့ ရွှန်းလဲ့တောက်ပနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"**မိုက်** တယ်ကွာ မလိမ္မာဘူး၊ လူဆိုး သူခိုး ကြမ်းပိုး"

သူ့ဆီက စကားတွေကို ကြားတော့ မင်းနိုင်က ထိုသို့ထကာ အော်သည်။ ထို့နောက်

"မင်းဟာက ပုံစံတစ်ဆယ်နဲ့ သန်းခေါင်စာရင်းပါ ယူသွားပြီး ပြလိုက် ပြီးရော"

မင်းနိုင်ရဲ့ အရွဲ့စကားကို ထူးခန့်က မကျေမနပ်ပုံစံနှင့်

"ဘာဖြစ်လဲကွာ ငါ့ဟာငါ ပြောတတ်သလို ပြောတဲ့ဟာကို"

"မင်းကို ကောင်မလေးက အရှုံးလို့ မပြောလိုက်ဘူးလား"

"သူ ပြောချိန်တောင် မရဘူး၊ ငါလည်း စာနဲ့ရေးပေးခဲ့ပြီး လစ်ထွက်လာလိုက်တာပဲ"



"အေးပေါ့လေ အခုမပြောလိုက်လည်း မင်းထွက်သွားပြီး ခဏကြာရင် ကောင်မလေးတော့ ယူကျုံးမရဖြစ်ပြီး ကျန်ခဲ့မှာ သေချာတယ်"

"ဘာလို့လဲ"

"တခြားဟာတော့ မဟုတ်ပါဘူး၊ သူ အနေအထိုင်မတတ်လို့ အရှုံးတစ်ယောက်ရဲ့ ရည်းစားစကားပြောခြင်းကို ခံရတယ်ဆိုပြီးတော့ တွေးမိသွားလို့ပါ"

ထူးခန့်က လက်မောင်းကို လှမ်းထိုးမလို့ လုပ်တော့ မင်းနိုင်က ရှောင်ပြီး ထွက်ပြေးသွားသည်။ မင်းနိုင်ထွက်သွားတော့ သူတစ်ယောက်တည်း အတွေးနယ်ချဲ့ရင်း ကျန်ရစ်ခဲ့၏။

ရှေ့တစ်ပတ် ဒီအချိန်မှာ ကောင်မလေးဆီက ဘယ်လိုအဖြေစကား တုံ့ပြန်လာမလဲဆိုတာ သူ သိပ်သိချင်နေမိပါသည်။

ပျော်ရမှာလား စိတ်ညစ်ရမှာလား။

ဖြစ်နိုင်ရင် အချိန်တွေကို ဆွဲလှည့်ပစ်လိုက်ချင်၏။

အဖြေတစ်ခုကို သိချင်လှပြီ။

အဖြူလား အမဲလား။ သူ ရင်ခုန်နေမိ၏။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



# (၂) ရက်မြောက်နေ့



"**ကောင်း**တယ်၊ အခုတော့ ကိုယ့်ရှုးကိုယ်ပတ်ပြီ မဟုတ်လား၊ ရှာချင်ဦးလေ ကုန်ကြမ်း"

"ဩော် ဘာဖြစ်လဲဟယ်၊ အပျိုကို လူပျိုက ရည်းစားစကား ပြောတာပဲ အဆန်းလား"

"ဩော် နင်က ရည်းစားစကားပြောခံရတာကို ကျေနပ်နေတယ် ပေါ့ ဟုတ်လား"

"ငါက ကျေနပ်တယ်လို့ မပြောရပါလား သဘာဝတရားကို နင့်ကို နားလည်အောင် ရှင်းပြနေတာလေ"

"အမလေး ရှင်းပြနေရအောင် ငါက ဘာဆိုဘာမှ နားမလည်တဲ့ ကလေးတစ်ယောက်လည်း မဟုတ်ပါဘူးတော်၊ ဒါပေမယ့် နင့်လိုအော

www.burmeseclassic.com

www.burmeseclassic.com



*အတော်ကြာပြီး ဘာလူးတော့ မဖြစ်သေးဘူးပေါ့"*

မြလေးရုံက ဒေစီ့စကားကြောင့် ရယ်လိုက်သည်။ ဒေစီက မြလေးရုံကို ကြည့်၍

"နင်က သိပ်ပျော်နေတယ်ပေါ့ ဟုတ်လား"

"ပျော်တယ်ရယ်လို့လည်း မဟုတ်ပါဘူးဟယ်၊ ဒီလိုပါပဲ"

"နင့်ကို ငါမေးမယ် မှန်မှန်ဖြေ"

"မေးလေ"

"နင် ထူးခန့်ကို ရင်ခုန်နေတာလား"

မြလေးရုံက ခပ်ဖျော့ဖျော့ရယ်လိုက်ပြီး

"နင် ဒီမေးခွန်း မေးမယ်ဆိုတာ ငါသိသားပဲ"

"ဖြေမှာဖြင့် ဖြေစမ်းပါ၊ နင် သူ့ကို ဘယ်လိုလဲ"

"သူက လူကောင်းတစ်ယောက်ပါ၊ ရိုးသားတယ် ဖြူစင်တယ်၊ ငါ့ကိုဆို စကားပြောတတ်တဲ့ လူတစ်ယောက်လို့တောင် သူ ထင်ထားတာမဟုတ်ဘူး၊ အဲဒါကို ကြည့်ခြင်းအားဖြင့် ငါ့ကို တကယ့်မေတ္တာစစ်၊ မေတ္တာမှန်နဲ့ ချစ်လို့သာ သူ့ဆီက ဒီလိုစကားမျိုး ပြောလာတာလို့ ငါယုံကြည်တယ်"

"ကဲပါ ထားပါတော့၊ နင် ယုံကြည်တာတွေ မယုံကြည်တာတွေ ခဏဘေးဖယ်၊ နင် သူ့ကို ရင်ခုန်နေသလားဆိုတာပဲ ငါ သိချင်နေတာ"

မြလေးရုံက ပြုံးစိစိနှင့် ဒေစီ့ကို တစ်ချက်ကြည့်လိုက်ကာ

"ငါပြောရင် နင်ယုံမလား မသိဘူး၊ ဒါပေမယ့် ပြောကြည့်မယ် နော်၊ ဒီစကားက ငါလိမ်ပြောတာမဟုတ်ဘူးဆိုတာ နင် ယုံကြည်ထား"



"အေးပါ ပြော"

"ငါ ထူးခန့်ကို စတွေ့တဲ့နေ့ကတည်း စိတ်ဝင်စားမိသွားတာ အမှန်ပဲ၊ သူ့ကိုတင် မဟုတ်ဘူး၊ သူနဲ့ငါနဲ့ကို ကြုံကြုံဖန်ဖန် ဆုံတွေ့ပေးတဲ့ ကံကြမ္မာကိုလည်း စိတ်ဝင်စားသွားတယ်၊ ဒါကြောင့် ငါ ဒီလို တွေ နေခဲ့တာပေါ့"

"နင်ပြောတော့ ကုန်ကြမ်းဆို"

"အဲဒါလည်း ပါတာပေါ့ဟာ၊ ဝတ္ထုဆန်ဆန်ဖြစ်ရပ်တွေက အပြင် လောကမှာ ကြုံရခဲတယ်ဟ"

"မိန်းမ နင့်ကြည့်ရတာ ထူးခန့်ကို ကြိုက်နေပါပြီဟယ်"

မြလေးရုံ အားရပါးရ ရယ်လိုက်သည်။ ပြီးမှ

"ဒါကတော့ ငါ စဉ်းစားရဦးမှာပေါ့ဟာ၊ သေချာ မသေချာ ဆိုတာ"

ဒေစီက နှာခေါင်းရှုံ့လိုက်၍

"နင်တို့ စာရေးဆရာမတွေက တတ်ပဲတတ်နိုင်လွန်းတယ်နော်"

"ဟဲ့ အဲဒါ စာရေးဆရာမမှ မဟုတ်ဘူးဟဲ့၊ နှလုံးသားရှိတဲ့ လူတိုင်း ဖြစ်ပေါ်လာနိုင်တဲ့ ခံစားချက်ပဲ၊ နင်မှ အဲ့ဒီခံစားချက်မျိုး အခု မရှိ ဘိုင်း သူများကို မဝေဖန်ရဘူးလေ၊ နင် အဲဒါမျိုး ကြုံတော့မှ ကိုယ် ချင်းစာတတ်မှာ"

"တော်ပါတော့ တော်ပါတော့ မမသဘောပါ၊ ကျွန်တော် မျိုးမ ဘာမှ ဝင်မပြောတော့ပါဘူးနော်"

မြလေးရုံ ဒေစီ့အမူအယာကို ကြည့်၍ ရယ်နေမိသည်။

ဒေစီပြောသလိုပင် အဖြေပေးရမည့်ရက်မှာ သူ ဘာပေးမလဲ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူပင် မဝေခွဲရသေးပါ။

ထူးခန့်ကိုလည်း သနားနေမိ၏။ သူ့ခမျာ အခုအချိန်အထိ အဖြစ်မှန်တွေကို သိရှိသေးသူ မဟုတ်ပါ။ သူ လက်တွဲဖြုတ်ခဲ့ရင်လည်း နေခဲ့ရမည်။ လက်ကမ်းပေးရင်လည်း ပါလာမယ့်လူပါ။

သူ ထူးခန့်ကို ချစ်မိနေပြီလား။

စဉ်းစားရင်း ရင်ခုန်သွားမိ၏။

အဲဒါ အချစ်လား။

❤❤❤



## (၅) ရက်မြောက်နေ့

www.burmeseclassic.com

www.burmeseclassic.com



**ထူးခန့်** တစ်ယောက်တည်း ကန်တော်ကြီးထဲမှာ ယောင်လည်လည် ဖြစ်နေသည်။ ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက်ရဲ့ မွေးနေ့ပွဲကို ကန်တော်ကြီးထဲက ဆိုင်တစ်ဆိုင်မှာ ပြုလုပ်၍ သူ လာခဲ့ခြင်းဖြစ်သည်။ သူ့အနေနှင့် ကန်တော်ကြီးထဲကို လာစရာအကြောင်းကိစ္စမရှိ၍ အရောက်အပေါက် နည်းလှ၏။ တစ်ခါတစ်ရံ ကျောင်းကနေ၍ သူငယ်ချင်း အပေါင်းအသင်းများနှင့် ဟေးလားဟားလားလာလုပ်တာလောက်သာ ရှိခဲ့ဖူး၏။ ထို့ကြောင့် မွေးနေ့ပွဲလုပ်မည့်ဆိုင်ကို ဟိုလူ့မေး ဒီလူ့မေးနှင့် စမ်းတဝါးဝါး လိုက်ရှာနေရလေသည်။

တစ်နေရာအရောက်တွင် လူတွေ အုံခဲကာ ရပ်ကြည့်နေသည်ကို



တွေ့ရ၍ စူးစမ်းချင်စိတ်ဖြင့် စုံစမ်းကြည့်လိုက်တော့ ရုပ်ရှင်ရိုက်ကွင်းတစ်ခုဖြစ်နေတာ တွေ့ရသည်။ ပုံမှန်အားဖြင့် သူသည် ရုပ်ရှင်ရိုက်ကွင်းတွေ ဘာတွေကို ဝင်ရောက်ကြည့်ရှုသည့် အလေ့အထ မရှိ။ သို့သော် ရိုက်ကွင်းက သူဖြတ်သွားရာ လမ်းခု လတ်မှာဖြစ်နေ၍ ခပ်လှမ်းလှမ်းမှ ပတ်ကာ ဖြတ်သန်းသွားမိသည်။

ထိုအခါ တစ်နေရာအရောက် လူတစ်ယောက်ကို သူလှမ်းတွေ့မိ၏။ အတိအကျပြောရရင် မိန်းကလေးတစ်ယောက်။

ထိုကောင်မလေးကို မြင်တော့ သူ့မျက်စိတောင် သူမယုံနိုင်အောင် ဖြစ်သွားရ၏။ အိပ်မက်မက်နေတာလားဆိုပြီး ကိုယ့်ပါးကိုယ်ပြန်ရိုက်မိမလိုတောင် ဖြစ်သွားရသည်။ သို့သော် အရာအားလုံးကို အရှင်လတ်လတ်ကြီး တွေ့နေရသောကြောင့် အိပ်မက်မက်နေတာ မဟုတ်ပါ။ သူမှ သူအစစ်။

မြလေးရုံ။

ပထမတော့ သူမလည်း ရုပ်ရှင်ရိုက်ကွင်းကို လာကြည့်သောသူတစ်ယောက်ဟု ထင်လိုက်မိသေးသည်။ သို့သော် သူမက မင်းသမီးတစ်ယောက်ရဲ့ဘေးမှာ ထိုင်၍ စကားတွေ ဖောင်ဖွဲ့အောင် ပြောနေသည်။ ထိုမင်းသမီးလေးကိုတော့ သူ ကောင်းကောင်းသိ၏။

အခုနောက်ပိုင်း နာမည်ကြီးလာသည့် မင်းသမီးလေး တစ်ယောက်။

ထူးခန့်က တစ်ဒင်္ဂ မှင်သက်သွား၏။ သူရပ်နေသည့်နေရာနှင့် မြလေးရုံတို့ ရှိနေသည့်နေရာက လူတစ်ယောက်ကို ကောင်းစွာတွေ့မြင်နိုင်သည့် အကွာအဝေးမို့ လူမမှားနိုင်။

မြလေးရုံမှ မြလေးရုံ စစ်စစ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဖြစ်ကုန်ပြီလဲ။ စကားမပြောတတ်ပါဘူးဟု သူထင်ထားသော ကောင်မလေးက စကားတွေ ရေပက်မဝင်အောင် ပြောနေသည်။ ဟိုဘက်က မင်းသမီးလေးက ရယ်ကာမောကာနှင့် စကားတွေ ပြန်ပြောနေ၏။

ထူးခန့် အံ့ဩစိတ်တွေနှင့် ငေးကြည့်နေစဉ် သူ့ဘေးနားက လူတစ်ယောက်ဖြတ်သွားတာကို သတိထားမိလိုက်သည်။ ထိုလူကို သူလှည့်ကြည့်လိုက်တော့ ချက်ချင်းမှတ်မိကာသွား၏။ ထိုလူ့ရုပ်ကလည်း တစ်ခါမြင်ဖူးထားရင် မှတ်မိနိုင်စရာရုပ်မျိုးကိုး။

ဟိုတစ်ခါ ရုပ်ရှင်ရုံမှာ မြလေးရုံကို လာရောက်နှုတ်ဆက်သည့် အသားမဲမဲ၊ မျက်လုံးက ပြူးတိပြူးကြောင်နှင့် ဆံ့အ နားမကြားကျောင်းက ဂိတ်စောင့်။

သူ ရုတ်တရက် လှမ်းခေါ်ပစ်လိုက်၏။ ထိုလူက သူ့ခေါ်သံကြားတော့ လွယ်ထားတဲ့ လွယ်အိတ်ကလေးကို မကာ မကာနှင့် လှည့်ကြည့်ပြီး

"ကိုယ့်ကို ခေါ်သလား ညီလေး"

"ဟုတ်ကဲ့ အစ်ကို၊ အစ်ကို့ကို တစ်ခုလောက် အကူအညီ တောင်းချင်လို့ပါ"

"ပြောဒလ ဘာအကူအညီပေးရမလဲ၊ ဘာလဲ မင်းသမီးနဲ့ မိတ်ဆက်ချင်လို့လား"

"မဟုတ်ပါဘူး အစ်ကို၊ ဟိုးက မင်းသမီးနဲ့ စကားပြောနေတဲ့ တစ်ယောက်က ဘယ်သူလဲဟင်"

"သြော် ဒါလား အဲဒါ စာရေးဆရာမ နှင်းခက်နွယ်လေ"



"ဗျာ"

ထူးခန့်ရဲ့ အံ့ဩသွားသော အာမေဍိတ်သံကြောင့် ထိုလူက ကြောင်တောင်တောင်ဖြစ်သွားပြီး

"ဘာ ဘာဖြစ်လို့လဲ ညီလေး"

ထူးခန့်က ထစ်ထစ်ငေါ့ငေါ့နှင့်

"သူ သူက စာရေးဆရာမလား"

"အေး ဟုတ်တယ်လေ၊ ဘာလို့လဲ"

"ဒါ ဒါဆို သူက မအဘူးပေါ့"

ဂျာနယ်လစ်ကိုကိုက မျက်မှောင်ကြုတ်လိုက်ကာ

"ဟေ့ကောင် စာရေးဆရာမပါဆို၊ ဘာလို့ အရမှာလဲကွ"

"ဟင် ဒါဆို အစ်ကို အစ်ကိုကရော ဆံ့အ နားမကြားကျောင်းက ဒရဝမ်လား"

ဂျာနယ်လစ်ကိုကိုရဲ့ မျက်စိနှစ်လုံးက ဂေါ်လီလုံးလောက် ပြူးထွက်ကာသွား၏။ ခဏလောက် ကြက်သေသေသွားပြီးတော့မှ မျက်နှာတစ်ခုလုံး ပြာနှမ်းသွားကာ

"မင်း မင်း မိုက်ရိုင်းလှချေလား၊ ငါ ငါ့ကိုများ ဒရဝမ် ဟုတ်လား ဘာ ဒရဝမ်လဲ၊ မင်းကို ဘယ်သူပြောလဲ"

အခြေအနေက ချက်ချင်း တင်းမာသွား၍ ထူးခန့်နောက်သို့ ခုန်ဆုတ်လိုက်၏။ ဂျာနယ်လစ်ကိုကိုကလည်း ဒေါသတကြီးနှင့် ထူးခန့်ကို အတင်းလိုက်ဆွဲသည်။ ထူးခန့်က ရှောင်လိုက်တိမ်းလိုက်၊ ဟိုလူကလည်း မိရာဖမ်းဆွဲလိုက်နှင့် အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကို ရန်ဖြစ်နေသည်ထင်၍ လူတွေက ဝိုင်းဆွဲကြသည်။ အားလုံးရဲ့ အာရုံတွေကလည်း သူတို့ဆီ ရောက်ကုန်ကြတော့သည်။

မြလေးရုံလည်း ရုတ်ရုတ်သဲသဲဖြစ်နေတဲ့ နေရာကို စူးစမ်းချင်စိတ်ဖြင့် လှမ်းကြည့်လိုက်ရာ ထူးခန့်ကို တွေ့သွားတော့

"ဟယ် ထူးခန့်"

နှုတ်က ယောင်ပြီး ရေရွတ်လိုက်ခြင်းပါ။ ထိုအချိန်မှာပဲ ထူးခန့်က သူမဘက်လှည့်အကြည့်နှင့်ဆုံသည်။

ထို့နောက် ထူးခန့် လှည့်ထွက်သွားသည်။ သူမ ကြောင်ကြည့်နေဆဲဖြစ်၏။ ခပ်ဝေးဝေးတစ်နေရာကို ထူးခန့်ရောက်သွားတော့မှ သူမ အသိဝင်လာကာ ထူးခန့်နောက်သို့ ပြေးလိုက်သွားပါတော့သည်။

"ထူးခန့်"

သူမ ခေါ်သံကြောင့် ထူးခန့် ဖျတ်ကနဲ လှည့်ကြည့်၏။ ထူးခန့်ရဲ့ မျက်နှာအမူအယာက ဒေါသဖြစ်ဟန်လည်း မပြ၊ စိတ်ဆိုးဟန်လည်း မပေါ်ပါ။ သို့သော် မျက်ဝန်းတွေကတော့ အေးစက် မာကျောနေ၏။

သူမ တစ်ခုခု ပြောဖို့လုပ်သည်။ ထူးခန့်က အရင်ဦးအောင် ပြောသွားသောကြောင့် သူမ ပြောခွင့်မရလိုက်။ ထူးခန့်က

"ခင်ဗျားမို့လို့ ကျွန်တော့်ကို လုပ်ရက်တယ်ဗျာ၊ ဒါက ခင်ဗျားရေးတဲ့ ရုပ်ရှင်ဇာတ်ညွှန်းတွေထဲက ဇာတ်ညွှန်းတစ်ခုလား ဟုတ်လား"

သူမ ဘာမှ ပြန်မပြောဖြစ်ပါ။ ထူးခန့်ကို ငေး၍သာ ကြည့်နေမိသည်။ ထူးခန့်က ခပ်ထေ့ထေ့ တစ်ချက်ပြုံးလိုက်ကာ

"ရိုးသားတဲ့ ကျွန်တော့်စိတ်ကို လိမ်တတ်အောင် သင်ပေးသွားတဲ့





အတွက် ခင်ဗျား ငရဲမကြီးပါစေနဲ့လို့ ကျွန်တော် ဆုတောင်းပါတယ်"

ထို့နောက် သူမ ရှေ့မှ ထူးခန့် ပြေးထွက်ကာသွားသည်။ သူမ အသက်မဲ့သွားသူလို ကြောင်တောင်တောင်နဲ့ ငေးကာ ကြည့်နေမိ၏။ သတိရလာတော့ ထူးခန့်က သူမရဲ့ မျက်ဝန်းထဲမှ ပျောက်ကာသွားပြီဖြစ်လေသည်။

"ထူးခန့်"

သူမ ရင်ထဲမှာ အားရပါးရ အော်ခေါ်နေမိ၏။ သူမ သတိမထားမိလိုက်ဘဲ အလိုလိုကျလာသော မျက်ရည်တချို့ကို သုတ်ပစ်လိုက်သည်၊

ထို့နောက် သူမ သက်ပြင်းတစ်ချက်ကို ခပ်ပြင်းပြင်းချပစ်လိုက်ရင်း ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချပစ်လိုက်ပါတော့သည်။

ထို့နောက် သူမ လက်ထဲက ဟန်းဖုန်းကို ဖွင့်လိုက်ကာ ဖုန်းနံပါတ်တချို့ နှိပ်လိုက်၏။

ဟိုဘက်က ဖုန်းဝင်သွားတော့ ကောင်မလေးတစ်ယောက် လာကိုင်သည်။

"ဟယ်လို မြူလင်းခလား"

ကောင်းကင်မှာ မိုးတိမ်တွေ အုံ့ဝဲနေကြပါသည်။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



'မြူလင်းခ' ကွန်ပျူတာတစ်လုံးနှင့် အလုပ်ရှုပ်ကာနေ၏။ သူမရဲ့ Aprilrain ဆိုသည့် နာမည်နှင့်ဖွင့်ထားသော G-mail account ထဲမှ message တွေ အားလုံးကို ပယ်ဖျက်နေခြင်းဖြစ်သည်။ ထို့နောက် G-talk ထဲမှာ ရှိသည့် account တွေ အားလုံးကိုလည်း Snowking ဆိုသည့် နာမည် တစ်ခုမှလွဲ၍ ကျန်တာတွေကို အားလုံး block လုပ်ပစ်လိုက်လေသည်။

မနက်ဖြန်ဆို Aprilrain ဆိုသည့်နာမည်နှင့် ဖွင့်ထားသော G-mail account လေးက သခင်ပြောင်းရတော့မည် ဖြစ်သည်။ ထို့ကြောင့် 'မြူလင်းခ' က သူမနဲ့ သက်ဆိုင်သည့် message တွေ အကုန်လုံးကို ပယ်ဖျက်နေခြင်းပါ။



မနက်ဖြန်ဆို Aprilrain ဆိုတဲ့ နာမည်လေးနဲ့ သခင်အသစ်က 'မြလေးရှုံ'

သူမ စိတ်ကြိုက် ပယ်ဖျက်ပြီးသွားတော့မှ မြလေးရှုံဆီ ဖုန်းလှမ်းဆက်လိုက်ကာ Aprilrain ကို ဖွင့်လို့ရသည့် password ကို လှမ်းပြောလိုက်ပါတော့သည်။

မြလေးရှုံထံမှ

"ကျေးဇူးပါပဲ မြူလင်းရယ်၊ ဒီကိစ္စတွေကို အစ်မတို့နှစ်ယောက်ကလွဲပြီး ဘယ်သူမှ မသိပါစေနဲ့နော်"

မြူလင်းခက

"စိတ်ချပါ မမ၊ Aprilrain ဆိုတဲ့ နာမည်ရော အရာအားလုံးကိုပါ ဖုန်းချလိုက်တဲ့အချိန်ကစပြီး မြူလင်း မေ့ပစ်လိုက်ပါ့မယ်"

"ကျေးဇူးပါ ညီမရယ်"

ထို့နောက် မြူလင်းခ ဖုန်းချပစ်လိုက်သည်။ ယခုအချိန်မှစ၍ Aprilrain သည် သူမဆီမှာမရှိတော့။ ကံကြမ္မာအသစ်နှင့် သခင်အသစ်ဖြစ်သည့် မြလေးရှုံဆီသို့သာ။

❤❤❤

www.burmeseclassic.com

www.burmeseclassic.com



## (၇) ရက်မြောက်နေ့



ကို လေသာတကျောဇော်က ကပ်နေသေး၍ စိတ်နာနေသည့်တိုင်အောင် ဒီနေ့ကို ရင်ထဲမှာ စိုးမိုးနေသေးသည်။

ဒီနေ့

မြလေးရဲ့ သူ့ကို အဖြေပေးမည့်နေ့။

ထိုအဖြေကို သူ အရမ်းသိချင်နေသည်။ တစ်ကြိမ်တစ်ခါမှ မချစ်ခဲ့ဖူးသည့် နှလုံးသားက ဒီတစ်ခါသာ မြတ်မြတ်နိုးနိုးချစ်ခဲ့ဖူးသောကြောင့် အရာအားလုံးကို ဘယ်လိုမှ မေ့မရ။

ထို့ကြောင့် ကိုစောဦးဆိုင့်ကိုသာ သွားပြီး G-talk ကို ဖွင့်ကြည့်ချင်နေမိသည်။

ကိုယ့်စိတ်ကိုယ် ဘယ်လိုမှ ထိန်းမရသည့်နောက်ဆုံးတော့

www.burmeseclassic.com

www.burmeseclassic.com



ကိုစောဦးဆိုင်သို့ အပြေးတစ်ပိုင်း သွားလိုက်ရပါတော့သည်။

ဆိုင်ထဲရောက်တော့ လွတ်တဲ့ ကွန်ပျူတာတစ်လုံးမှာ ဝင်ထိုင်လိုက်ကာ သူ့ရဲ့ G-mail account ကို ဖွင့်ပစ်လိုက်သည်။ အရေးထဲ connection တွေကကျနေ၍ G-mail က တော်တော်နဲ့ တက်မလာ။ ခဏကြာတော့မှ တက်ကာလာသည်။

သူ့ Account သည် online နဲ့ ချိတ်ဆက်မိမိချင်းမှာ message တစ်ခု တန်းကာဝင်လာ၏။ ကြည့်လိုက်တော့။

Aprilrain

သူမလာခင်ကတည်းက message ကို ကြိုတင်ပို့ထားခဲ့ပုံရ၏။ အခုတော့ online မှာ Aprilrain မရှိတော့။

ပို့ထားတဲ့ message တွေကို ရင်ခုန်စွာနဲ့ သူ ဖတ်ကြည့်လိုက်တော့

*"ဖြစ်ပျက်ခဲ့သမျှတွေ အားလုံးအတွက်*
*မြလေးရဲ့ တောင်းပန်ပါတယ်*
*လှည့်စားခဲ့တာ မဟုတ်ပါ*
*မြလေး ထူးခန့်ကို ချစ်တယ်*
*တွေ့နေကျနေရာလေးကို တွေ့နေကျအချိန်အတိုင်း*
*လာခဲ့ပါ စောင့်နေမယ်'*

စာကို ဆုံးအောင် ဖတ်ပြီးသွားတော့ မယုံသင်္ကာနှင့် ဒုတိယအကြိမ် ပြန်ဖတ်မိသည်။ စာက ဒါပဲဖြစ်သည်။



ထူးခန့် ထိုင်ခုံမှ ဝုန်းကနဲ ထရပ်လိုက်၏။ ထို့နောက် ဆိုင်ပြင်သို့ အရှိန်နဲ့ ပြေးထွက်လိုက်သည်။

ထို့နောက် အငှားကားတစ်စီးကိုတားကာ

Junction Za Wa Na ရှိရာသို့ အမြန်မောင်းခိုင်းလိုက်ပါတော့သည်။

ဟိုမှာ ချစ်သူလေး စောင့်နေသည်ဆိုပဲ။ နာရီကို ကြည့်လိုက်တော့ ဆယ့်နှစ်နာရီတောင်ခွဲနေပေပြီ။

♥♥♥

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်သိမ်း



BURMESE CLASSIC .com

**တကယ်** တော့ မြလေးရဲ့ဟာ ထူးခန့်ကို တကယ်ချစ်မိသွားတာပါ။ ထူးခန့်နဲ့ပတ်သက်ခဲ့တဲ့ ကိစ္စတွေကိုလည်း သူမဘယ်တော့မှ ဝတ္ထုတစ်ပုဒ်အဖြစ် အသက်သွင်းသွားမည် မဟုတ်တော့ပါ။

Aprilrain ရဲ့ ပိုင်ရှင်မလွှေ့ မြလင်းခကလည်း ဒီအကြောင်းတွေကို မေ့ပစ်လိုက်ပါပြီ။

Aprilrain ရဲ့ ပိုင်ရှင်အသစ်လေး မြလေးရဲ့ကလည်း Aprilrain ရဲ့ ရင်ခုန်ဖွယ်အတိတ်ကာလတွေကို ဘယ်တော့မှ ဖော်ထုတ်လိမ့်မည်မဟုတ်ပါ။

ယခုတော့ Aprilrain ထဲမှာ အမြဲတမ်းရှိနေသော account လေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရှိသည်။ Snowking တဲ့။

Snowking ထဲမှာလည်း account လေးတစ်ခုသာ ကျန်တော့သည်။ Aprilrain တဲ့။

သူတို့နှစ်ဦး ဆက်သွယ်ဖို့အတွက် အဲ့ဒီ Account လေးတွေကတော့ ကမ္ဘာတည်သရွေ့ ရှင်သန်နေဦးမည်ဖြစ်ပါတော့သည်။

❤❤❤

ကြိုးစားလျက်

မိုးဆက်လင်းထက်

[redacted]

www.burmeseclassic.com